# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဒသမပုံမှန်အစည်းအဝေး
# (၁၄) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို ပြည်သူများ သိရှိလိုက်နာနိုင်ရေး အသိပညာပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည် ရေဝပ်ဧရိယာတွင် ပါဝင်သိမ်းဆည်း ခံခဲ့ရသော တောင်သူများအား အခြား တောင်သူများ နည်းတူ နိုင်ငံတော်မှ လယ်ယာမြေထောက်ပံ့ကြေးနှင့် သီးနှံလျော်ကြေးများ ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့၌ရှိသော ကန်သာယာ(အုတ်ဖိုအင်း) အား ကန်သာယာကန်ပတ်လမ်းနှင့် ကန်သာယာ၏ အရှေ့ဘက်ကမ်းပါးတွင် မြို့နယ်ခန်းမဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | ပွင့်ဖြူမြို့နယ်၊ မင်းမြေကွက်သစ်ကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် မရိုးကုန်းကျေးရွာတို့အား မုန်းချောင်း ကမ်းပါးပဲ့ခြင်းမှ အမြန်ဆုံး ကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | လှိုင်သာယာမြို့နယ်ရှိ မီးရထားဘူတာရပ်ဝန်းဧရိယာအတွင်း စီမံကိန်းများ မည်သို့ ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၇ |
| ၁၀ | မင်းတပ်မြို့နယ်၊ မကွီးအိမ်နူးမြို့ပတ်ဝန်းကျင်ကျေးရွာများ၊ လုံပုံပတ်ဝန်းကျင်ကျေးရွာများ၊ ကာအိမ် ပတ်ဝန်းကျင်ကျေးရွာများ၊ ဘော(၁) ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများ (Data)အသုံးပြုနိုင်သော ဆက်သွယ်ရေးလိုင်းများ အသုံးပြုနိုင်ရေးအတွက် ဆက်သွယ်ရေး တာဝါတိုင်စခန်းများ တည်ဆောက် ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၁ | ငမိုးရိပ်ချောင်းရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအန္တရာယ်နှင့် ရင်ဆိုင် | ၂၅ |

| | | |
|---|---|---|
| | နေရသော သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်(၃၀)ရပ်ကွက်၊ သပြေလမ်း ပတ်ဝန်းကျင်အား ကျောက်သားမြေထိန်းနံရံ(Retaining Wall) အမြန်ဆုံးတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | |
| ၁၂ | ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း | ၂၇ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ၏ အစီရင်ခံစာ ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ | ၂၈ |
| ၁၄ | ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း | ၃၅ |
| ၁၅ | ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှု ဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၄၆ |
| ၁၆ | ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း | ၅၁ |
| ၁၇ | ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၅၃ |
| ၁၈ | ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသည့် တစ်နေ့ တခြား များပြားလာသည့် ယာဉ်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အား အကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက် သေဆုံးမှုလျှော့ချနိုင်ရန် နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်း ရေးကောင်စီ(NRSC) ဖွဲ့စည်းပြီး ဆောင်ရွက်နေသော်လည်း ပြည်သူများ လိုက်နာကျင့်သုံး ဆောင်ရွက်မှု ရလဒ်ကောင်းများရရှိမှု အားနည်းသည့်အပေါ် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ လိုအပ်ချက်များဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့် အကောင်အထည် ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၅၅ |
| ၁၉ | ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က | ၇၃ |

ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ် ရယူ ခြင်း

၂၀ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၈၀

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

# (၁၄)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄–၁၂–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို ပြည်သူများ သိရှိလိုက်နာနိုင်ရေး အသိပညာပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည် ရေဝပ်ဧရိယာတွင် ပါဝင်သိမ်းဆည်းခံခဲ့ရသော တောင်သူများအား အခြားတောင်သူများနည်းတူ နိုင်ငံတော်မှ လယ်ယာမြေထောက်ပံ့ကြေးနှင့် သီးနှံလျော်ကြေးများပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်ငွေ၊ ကျောက်ကြီး မဲဆန္ဒနယ်၏ **ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့၌ ရှိသော ကန်သာယာ(အုတ်ဖိုအင်း)အား ကန်သာယာကန်ပတ်လမ်းနှင့် ကန်သာယာ၏ အရှေ့ဘက်ကမ်းပါးတွင် မြို့နယ်ခန်းမ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **ပွင့်ဖြူမြို့နယ်၊ မင်းမြေကွက်သစ်ကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် မရိုးကုန်းကျေးရွာတို့အား မုန်းချောင်း ကမ်းပါးပဲ့ခြင်းမှ အမြန်ဆုံးကာကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ်ရှိ မီးရထား ဘူတာရပ်ဝန်းဧရိယာအတွင်း စီမံကိန်းများ မည်သို့ ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်မြို့နယ်၊ မကွီအိမ်နူးမြို့ ပတ်ဝန်းကျင်ကျေးရွာများ၊ လုံပုံပတ်ဝန်းကျင်ကျေးရွာများ၊ ကာအိမ် ပတ်ဝန်းကျင်ကျေးရွာများ၊ ဘော(၁) ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများ (Data)အသုံးပြုနိုင်သော ဆက်သွယ်ရေးလိုင်းများ အသုံးပြုနိုင်ရေးအတွက် ဆက်သွယ်ရေး တာဝါတိုင်စခန်းများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **ငမိုးရိပ်ချောင်းရေ တိုက်စားမှုကြောင့် ကမ်းပြိုမှုအန္တရာယ်နှင့်ရင်ဆိုင်နေရသော သဃ်န်းကျွန်း မြို့နယ်၊ ရန်ကုန်သစ် (၃၀)ရပ်ကွက်၊ သပြေလမ်း ပတ်ဝန်းကျင်အား ကျောက်သားမြေထိန်းနံရံ (Retaining Wall) အမြန်ဆုံး တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးလုံဂျူဆန်မိုင်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၊

(ခ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

၁၁။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **“မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၃။ ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်က တင်သွင်းသည့် **"တစ်နေ့တခြား များပြားလာသည့် ယာဉ်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အား အကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှု လျှော့ချနိုင်ရန် နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (NRSC) ဖွဲ့စည်းပြီးဆောင်ရွက်နေသော်လည်း ပြည်သူများလိုက်နာ ကျင့်သုံးဆောင်ရွက်မှု ရလဒ်ကောင်းများရရှိမှု အားနည်းသည့်အပေါ် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ လိုအပ်ချက်များ ဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၊

(ခ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဂ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ဃ) ဦးငွေမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၊

(င) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(စ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၊

(ဆ) ဗိုလ်မှူးနိုင်လင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

(ဇ) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(ဈ) ဦးစစ်အေး၊ တောင်သာ မဲဆန္ဒနယ်၊

(ည) ဦးကျော်မင်း၊ ကမာရွတ် မဲဆန္ဒနယ်၊

၁၄။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်
## (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၇၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၃၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၂) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၁ ရက်၊
(၃) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၄) ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း ခွင့် ၁ ရက်၊
(၅) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ခွင့် ၁ ရက်၊
(၆) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊
(၇) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊
(၈) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊
(၉) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁ ရက်၊
(၁၀) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊
(၁၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊
(၁၂) မော်လမြိုင်မဲဆန္ဒနယ်မှ ဦးနိုင်သောင်းညွန့် ခွင့် ၁ ရက်၊
(၁၃) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၁၄) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးဇင်လတ် ခွင့် ၁ ရက်၊
(၁၅) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊
(၁၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၁၇) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၁၈) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၁၉) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ခွင့် ၁ ရက်၊
(၂၀) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊
(၂၁) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၁ ရက်၊
(၂၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊
(၂၃) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊
(၂၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၂၅) နမ့်စန်မဲဆန္ဒနယ်မှ ဦးဋ္ဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊
(၂၆) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊
(၂၇) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၂၈) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၁ ရက်၊
(၂၉) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၁ ရက်၊
(၃၀) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊
(၃၁) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊
(၃၂) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၃၃) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၃၄) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊
(၃၅) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၃၆) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၃၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊
(၃၈) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊
(၃၉) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်၊
(၄၀) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်နှင့်
(၄၁) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို ပြည်သူများ သိရှိလိုက်နာနိုင်ရေး အသိပညာပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ရှေ့ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံမှာ တည်ဆဲဥပဒေများကို ပြည်သူများ သိရှိလိုက်နာရေးအတွက် ပညာပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ထိ ပြဋ္ဌာန်းဥပဒေပေါင်းက ၃၉၇ ခုရှိပြီးတော့ ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ လပေါင်း ၃၀ အစီရင်ခံစာအရ ဥပဒေ ၇၁ ခုရှိတဲ့ အတွက် ယခု ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းဥပဒေပေါင်းက ၄၆၈ ခုရှိပြီဖြစ်ပါတယ်။ နိုင်ငံ တစ်နိုင်ငံကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းအဖြစ် ထူထောင်ချင်တယ်ဆိုလို့ရှိရင် နိုင်ငံအတွင်းမှာမှီတင်းနေထိုင်ကြသူများ၊ နိုင်ငံအတွင်း ပြဋ္ဌာန်းဥပဒေများကိုသိရှိပြီးတော့ လေးစားလိုက်နာဖို့ရန်လိုအပ်ပါတယ်။ နိုင်ငံသားများက ဥပဒေကိုသိရှိပြီးတော့ လေးစားလိုက်နာဖို့ဆိုလို့ရှိရင် နိုင်ငံတော်အစိုးရများမှာ တာဝန်ရှိပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အစိုးရဆိုတဲ့နေရာမှာ နိုင်ငံတော်အစိုးရရဲ့ လက်အောက်ခံ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနအသီးသီးကို ဆိုလိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရလက်အောက်ခံဌာနနှင့် ဦးစီးဌာနများက မိမိတို့ဌာနက တာဝန်ယူကျင့်သုံးသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို ပြည်သူများက အသိပညာပေးခြင်း၊ မိမိတို့ဌာနက ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းများကို ပြည်သူများက အသိပညာပေးဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် တိုးတက်တဲ့မီဒီယာခေတ်နှင့်အညီ နည်းပေါင်းစုံနဲ့လည်း ပြည်သူများကို ဥပဒေအသိပညာပေးနိုင်ပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဤမေးခွန်းကိုမေးတဲ့ ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်းမှာ မြို့တော်ရန်ကုန်နဲ့ မြို့တော် မန္တလေးမြို့များမှာ နေ့ခင်းကြောင်တောင် ရာဇဝတ်မှုများ ပြောင်ပြောင်တင်းတင်းကျူးလွန်လျက်ရှိတာကို တွေ့ရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ရဲတပ်ဖွဲ့အင်အားက ၇၀၀၀၀ ကျော်သာရှိပြီးတော့ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြည်သူ ၁၃၀၀ ကို တာဝန်ယူစောင့်ကြည့်နေရပါတယ်။ ရဲတပ်ဖွဲ့ဝင်အင်အားနည်းလို့ တရားလွှတ်တော်ရှေ့နေ ဆရာဦးကိုနီရဲ့ လူသတ်မှုမှာ တာဝန်သိ ပြည်သူတစ်ဦးဖြစ်တဲ့ ဦးနေဝင်းက တရားခံကို ဖမ်းပေးရတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူတစ်ယောက်ဟာ မူးယစ်ဆေးဝါးနှင့်ပတ်သက်လို့ ဘယ်လိုလုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် လက်ဝဲထားရှိမှုမြောက်ကြောင်း၊ ဘယ်လိုပြုလုပ်မယ်ဆိုရင် ရောင်းချမှုမြောက်ကြောင်း၊ ပြစ်ဒဏ်အားဖြင့် မည်ကဲ့သို့ရှိကြောင်း သိရှိမယ်ဆိုလို့ရှိရင် မူးယစ်ဆေးဝါးမှု လျော့နည်းပြီးတော့ ပပျောက်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသမီးတစ်ဦးကို ဘယ်လိုပြုလုပ်ရင် မုဒိမ်းမှုမြောက်ကြောင်း၊ ဘယ်လိုပြုလုပ်လို့ရှိရင် မုဒိမ်းကြံစည်မှုမြောက်ကြောင်း၊ မည်သို့ပြုလုပ်လို့ရှိရင် လက်ရောက်မှုမြောက်ကြောင်းနှင့် ယင်းပြစ်မှုရဲ့ ပြစ်ဒဏ်များကို သိရှိမယ်ဆိုလို့ရှိရင် မုဒိမ်းမှုနှင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှာ လျော့နည်းပပျောက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် လူတစ်ယောက်ကို ဘယ်လိုပြုလုပ်လို့ရှိရင် နာကျင်မှုမြောက်ပြီးတော့ မည်သို့ပြုလုပ်လို့ရှိရင် လူသတ်မှုမြောက်ကြောင်းနဲ့ ဒီပြစ်မှုရဲ့ပြစ်ဒဏ်တွေကို သိရှိမယ်ဆိုလို့ရှိရင် အုပ်စုလိုက်ရိုက်ပွဲများ၊ လူသတ်မှုများ လျော့နည်းပပျောက်သွားမှာဖြစ်ပါတယ်။ အဲဒီလိုပြည်သူများကို ဥပဒေအသိပညာပေးခြင်းဖြင့် ပြည်သူများက ဥပဒေရဲ့ ကောင်းကျိုးဆိုးဖြင့် ဥပဒေရဲ့အတိမ်အနက်ကို သိရှိပြီးတော့ နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးမှုရှိလာမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တရားရေးလောကမှာ ဆိုရိုးစကားတစ်ခုရှိပါတယ်။ ဒါကဘာလဲဆိုရင် ဥပဒေကို မသိလို့ကျူးလွန်မိပါတယ်ဆိုပြီးတော့ ခုခံချေပချက်အပေါ် ဥပဒေက ကင်းလွတ်ပေးမှာမဟုတ်ပါဘူး။ ယခုအခါမှာ ကျွန်တော်တို့မြန်မာနိုင်ငံတော်အတွင်းမှာ ဥပဒေအထောက်အကူပြုရေးအဖွဲ့များ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များ ပေါ်ပေါက်လာပြီဖြစ်တဲ့အတွက်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ရဲ့ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲ

ဥပဒေများကို ပြည်သူများ သိရှိလိုက်နာရေး အသိပညာပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပြည်ထောင်စုရွေ့နေချုပ်ရုံးအပါအဝင် ဝန်ကြီးဌာနများအနေနဲ့ မိမိတို့စီမံခန့်ခွဲတဲ့ဥပဒေများကို ပြည်သူများ သိရှိလိုက်နာရေးအတွက် အသိပညာပေးအစီအစဉ်များကို တင်ပြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာနများအနေနဲ့ မိမိတို့ရဲ့ Website နဲ့ Facebook စာမျက်နှာတွေမှာ မိမိတို့ဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ဥပဒေ၊ နည်းဥပဒေ၊ ဝန်ကြီးဌာနရဲ့ နောက်ခံသမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းဆောင်ရွက်ချက်များ ပြည်သူလူထုသိရှိသင့်တဲ့အကြောင်းအရာ၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ထားသလိုပဲ ဝန်ကြီးဌာနရဲ့ကြီးကြပ်မှုအောက်မှာရှိတဲ့ သက်ဆိုင်ရာဦးစီးဌာနများကလည်း မိမိတို့ရဲ့ Website တွေမှာ အလားတူထုတ်လွှင့်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာထုတ်နေတဲ့ နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာနိုင်ငံပြန်တမ်းမှာလည်းပဲ နိုင်ငံတော်က ပြဋ္ဌာန်းတဲ့ဥပဒေတွေ၊ နည်းဥပဒေတွေ၊ ဥပဒေဆိုင်ရာသတင်းအချက်အလက်များကို အစဉ်ဆက်မပြတ် ထုတ်လွှင့်လျက်ရှိပါတယ်။ ဝန်ကြီးဌာနများက သတင်းပြန်ကြားရေးတာဝန်ခံများ ထားရှိပြီးတော့ လူပုဂ္ဂိုလ် သတင်းဌာနများရဲ့ မေးမြန်းတာကိုလည်း ဖြေကြားခြင်းဖြင့် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များကို ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဝန်ကြီးဌာနရဲ့ကြီးကြပ်မှုအောက်မှာရှိတဲ့ ဦးစီးဌာန၊ ဌာနခွဲတွေက သက်ဆိုင်ရာ ဒေသအလိုက် အများပြည်သူထံ အသိပညာပေးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာသင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဖိုရမ်တွေ ကျင်းပပြုလုပ်၍လည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေစာအုပ်တွေ၊ အသိပညာပေးစာအုပ်၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဖြင့်လည်းကောင်း၊ အထိမ်းအမှတ်နေ့အလိုက် ကျင်းပတဲ့အခမ်းအနားမှာ ဟောပြောပွဲများပြုလုပ်၍လည်းကောင်း၊ ဥပဒေဆိုင်ရာသတင်းများ၊ ဆောင်းပါးများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ပြုလုပ်တဲ့ စကားဝိုင်းဆွေးနွေးပွဲများကို ပုံနှိပ်မီဒီယာနဲ့ ဆိုရှယ်မီဒီယာများမှ ဖော်ပြခြင်းဖြင့်လည်းကောင်း၊ အများပြည်သူဆိုင်ရာနေရာနှင့် သက်ဆိုင်ရာဌာနများမှာ ကြော်ငြာသင်ပုန်းများဖြင့် ဖော်ပြခြင်းဖြင့်လည်းကောင်း၊ ရပ်ရွာလူထုအတွင်း မှာသွားရောက်ပြီးတော့ ပြည်သူ့စကားဝိုင်းများပြုလုပ်၍လည်းကောင်း၊ နည်းလမ်းပေါင်းစုံနဲ့ အသိပညာပေးများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြုလုပ်တဲ့ ပြည်နယ်နေ့တွေ၊ အထိမ်းအမှတ်နေ့တွေမှာသော်လည်းကောင်း၊ ကလေးသူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်မှာလည်းကောင်း၊ ဝန်ကြီးဌာနအလိုက် ပြခန်းများခင်းကျင်းပြသပြီးတော့ ဥပဒေ ရေးရာအသိပညာပေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါ တယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝန်ကြီးဌာနအသီးသီးရဲ့ ဥပဒေရေးရာအသိပညာပေးရေးလုပ်ငန်းများကို အသေးစိတ်တင်ပြမယ်ဆိုရင် အချိန်များစွာယူဦးမှာဖြစ်တာကြောင့် အချိန်ကိုငဲ့ညှာသောအားဖြင့် ဝန်ကြီးဌာနအချို့ရဲ့ ဆောင်ရွက်ချက်များကို သာဓကအနေဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားလိုပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ဆိုရင်လည်း သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ပြီးတော့ အများပြည်သူဝန်ဆောင်မှုကြေညာချက် (Public Service Announcement) မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပါအဝင် ထုတ်ပြန်ချက်တွေ၊ ရေဒီယို၊

ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ခြင်းတို့အပြင် ဇာတ်လမ်းများ၊ ဟောပြောချက်များ ပညာပေးအစီအစဉ်များကို ထုတ်လွှင့်ခြင်း၊ ခရိုင်နှင့် မြို့နယ်အလိုက် စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြည်သူ့စကားဝိုင်းများ ကျင်းပခြင်းများဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ ပုဂ္ဂလိကပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များကို ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ သိရှိလိုက်နာသင့်တဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားစာထုတ်ပြန်ထားရှိမှုများကို သင်တန်းများဖွင့်လှစ်ပြီးတော့ ဆွေးနွေးပို့ချလျက်ရှိပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ဆိုလို့ရှိရင်လည်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွေမှာ အခွန်ထမ်းတွေကိုရှင်းလင်းခြင်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ကျောင်းတွေမှာ အခွန်ဆိုင်ရာအသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အကောက်ခွန်ဦးစီးဌာနအနေနဲ့ဆိုလို့ရှိရင်လည်းပဲ ဌာနဆိုင်ရာသင်တန်းတွေ၊ Agent သင်တန်းတွေမှာ ဌာနကကျင့်သုံးတဲ့ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို ပို့ချခြင်း၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနရုံးတွေ၊ One Stop Service စစ်ဆေးရေးစခန်းတွေ၊ အမြဲတမ်းစစ်ဆေးရေးစခန်းတွေမှာ အများပြည်သူကို အသိပညာပေးရေး ရှင်းလင်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီးတော့ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ်အခွင့်အရေး၊ ကလေးသူငယ်နှင့် နည်းဥပဒေများ၊ အသိပညာပေးရေးသင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ သက်ကြီးရွယ်အိုဆိုင်ရာဥပဒေနှင့်စပ်လျဉ်းတဲ့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အသိပညာပေးသင်တန်းများ၊ ဖွင့်လှစ်ပို့ချချက်များကို ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ဆိုရင်လည်း မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေနှင့်စပ်လျဉ်းပြီးတော့ အရေးကြီးတဲ့အချက်အလက်တွေကို အများပြည်သူသိရှိဖို့အတွက် နိုင်ငံတော်သတင်းစာများနှင့် မဂ္ဂဇင်းစာစောင်များမှာ ရေးသားဖော်ပြလျက်ရှိပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့လည်းပဲ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရဆက်ဆံရေး ပိုမိုကောင်းမွန်လာစေဖို့ မျှတတဲ့လုပ်ငန်းခွင်ဆက်ဆံရေးစနစ်ကျင့်သုံးလာစေဖို့ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင်၊ မန်နေဂျာ၊ အလုပ်သမားများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို အသိပညာပေးဆွေးနွေးလျက်ရှိပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်းပဲ တည်ဆဲဥပဒေများကို လိုက်နာကျင့်သုံးတဲ့နေရာမှာ ဆောင်ရွက်ရမယ့်ဌာနများက ကောင်းမွန်စွာသိရှိနားလည်ဖို့ ဌာနတွင်းသင်တန်းတွေ၊ ဆွေးနွေးပွဲများပြုလုပ်ပြီးတော့ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ပညာပေးဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေနဲ့ဆိုလို့ရှိရင်လည်း မြန်မာနိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများလျော့နည်း

စေရေး၊ ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေစွာပြုမူနေထိုင်ရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတများ ပြန့်ပွားရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို အများပြည်သူ သိရှိအောင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အသိပညာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်လို့လည်းပဲ သတ္တုလုပ်ငန်းရှင်တွေအသင်း လုပ်ငန်းရှင်တွေ၊ သတင်းမီဒီယာများကို ဖိတ်ကြားပြီးတော့ ရှင်းလင်းဆွေးနွေးခြင်း၊ လုပ်ကွက်ရှိသတ္တုတွင်း လုပ်သားတွေ၊ လုပ်ကွက်တည်ရှိရာ ပတ်ဝန်းကျင်မှာရှိတဲ့ပြည်သူတွေ၊ သတ္တုတွင်းဆိုင်ရာကိစ္စရပ်များကို ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သိရှိနိုင်အောင် ဆွေးနွေးခြင်းတို့ ပြုလုပ်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ကြီးကြပ်မှုအောက်မှာရှိတဲ့ ဥပဒေရုံးအဆင့်ဆင့်မှာရှိတဲ့ ဥပဒေအရာရှိများကလည်းပဲ စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ ဥပဒေရေးရာဟောပြောပွဲများကို အခါအားလျော်စွာကျင်းပ ပြီးတော့ ပညာပေးဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာဒေသမှာရှိတဲ့ အစိုးရဌာနအဖွဲ့အစည်းတွေက ကျင်းပတဲ့အထိမ်းအမှတ်ဟောပြောပွဲတွေမှာ ဥပဒေရေးရာအသိပညာ ပေးဟောပြောပွဲ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေက ဆောင်ရွက်တဲ့ ဥပဒေရေးရာအသိပေး ဟောပြောပွဲတွေမှာလည်း ပါဝင်ဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက် တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အထဲမှာပါတဲ့ အကြောင်းအရာများဖြစ်တဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ ကလေးသူငယ် အခွင့်အရေးနှင့် ကလေးသူငယ်များအပေါ် ပြစ်မှုကျူးလွန်ခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးရေး၊ စားသုံးသူအကာအကွယ်ပေးရေး စသည်များ အပါအဝင် ရာဇဝတ်မှုများလျော့နည်း ပပျောက်ရေးအတွက် သက်ဆိုင်တဲ့အကြောင်းအရာများကိုပါဝင်ပြီးတော့ ဟောပြောဆွေးနွေးခဲ့ပါ တယ်။

ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ အများပြည်သူတွေ ဥပဒေဗဟုသုတတိုးပွားဖို့ အတွက် ရည်ရွယ်ပြီးတော့ ကဏ္ဍအလိုက် ဥပဒေစကားဝိုင်းဆွေးနွေးပွဲကျင်းပတဲ့နေရာမှာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲတို့မှ တာဝန်ရှိသူများပါဝင် တဲ့ ပြည်သူအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးဆိုတဲ့ စကားဝိုင်းနဲ့ ကျွန်တော်တို့ ဆွေးနွေးခဲ့ ပါတယ်။ အဲဒီဆွေးနွေးချက်ကိုလည်းပဲ MRTV ၊ MNTV ၊ MWD တို့မှာလည်း ထုတ်လွှင့်ပြီးတော့ မြန်မာ့အလင်းသတင်းစာနဲ့ ကြေးမုံသတင်းစာများမှာ ဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိများပါဝင်တဲ့ ဆွေးနွေးပွဲစကားဝိုင်းမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဥပဒေရုံးအဆင့်ဆင့်၊ လုပ်ငန်းတာဝန်တွေအကြောင်း၊ ဆက်သွယ်ရေး ဥပဒေအကြောင်း၊ သက်ငယ်မုဒိမ်းမှုအကြောင်း၊ စာချွန်တော်လျှောက်ထားခြင်းအကြောင်းဆိုတဲ့ ခေါင်းစဉ်များနဲ့ ဥပဒေစကားဝိုင်းဆွေးနွေးချက်များကို MRTV ၊ MNTV ၊ MWD တို့မှ ထုတ်လွှင့်ပေး

တဲ့အပြင် မြန်မာ့အလင်းသတင်းစာနဲ့ ကြေးမုံသတင်းစာများမှာလည်း ဖော်ပြခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်းပဲ ဥပဒေပညာပေးအစီအစဉ်များကို ဆက်လက်ထုတ်လွှင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကနေပြီးတော့ ဖွဲ့စည်းပေးထားတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာရှိတဲ့အဖွဲ့ခွဲများကလည်းပဲ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်းပြီး အများပြည်သူကိုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တရားဥပဒေစိုးမိုးရေး ပိုမိုတိုးတက်ကောင်းမွန်လာဖို့အတွက် ရည်ရွယ်ချက်နဲ့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင် ရည်ရွယ်ပြီး ရှေ့နေချုပ်ရုံးအနေနဲ့ ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနဲ့ ပူးပေါင်းပြီးတော့၊ အကူအညီယူပြီးတော့ မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာ ပြည်သူများအနေနဲ့ မိမိတို့သိရှိလိုတဲ့ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်တွေက ထုတ်ပြန်ပြဋ္ဌာန်းတဲ့ဥပဒေတွေ၊ နည်းဥပဒေတွေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို အင်တာနက်မှတစ်ဆင့် ကွန်ပျူတာနဲ့ဖြစ်ဖြစ်၊ မိုဘိုင်းဖုန်းနဲ့ဖြစ်ဖြစ်အလွယ်တကူကြည့်ရှုနိုင်ပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အရေးကြီးတဲ့ဥပဒေတွေရဲ့အနှစ်သာရတွေကို လွယ်လွယ်ကူကူသိရှိနိုင်အောင် ထုတ်လွှင့်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံတော်မှာပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများကို ပြည်သူများ သိရှိနိုင်ရေးနှင့် ဥပဒေအသိပညာများ ပြန့်ပွားရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ဝန်ကြီးဌာနအဖွဲ့အစည်းတွေဟာ အစဉ်တစိုက်ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ဆက်လက်ပြီးတော့လည်းပဲ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စု ဒုတိယရှေ့နေချုပ် ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်ရေဝပ်ဧရိယာတွင် ပါဝင်သိမ်းဆည်းခံခဲ့ရသော တောင်သူများအား အခြားတောင်သူများနည်းတူ နိုင်ငံတော်မှ လယ်ယာမြေထောက်ပံ့ကြေးနှင့် သီးနှံလျော်ကြေးများပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်က ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှာရှိတဲ့ ရန်အောင်မြင်ဆည်ကို ၂၀၀၁-၂၀၀၂ ခုနှစ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၃-၂၀၀၄ ခုနှစ်မှာ ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ ရေဆင်းဧရိယာ ၁၁ စတုရန်းမိုင်၊ ရေလှောင်ပမာဏ ၁၀၅၀၀၀ ဧကပေ၊ ကန်ရေပြည့်ရေပြင်အကျယ် ၈၁၀ ဧက၊ ဆည်ရေသောက်စီမံကိန်းဧရိယာ ၃၀၀၀

ဧကဖြစ်ပါတယ်။ ၃-၄-၂၀၁၇ ရက်နေ့မှစ၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ယခုအခါမှာ ရန်အောင်မြင်ဆည်ကနေပြီးတော့ တောင်သူတွေအတွက် စိုက်ပျိုးရေပေးဝေမှုမရှိတော့ဘဲ နေပြည်တော်မြို့ပြအတွက် သောက်သုံးရေများပေးဝေလျက်ရှိပါတယ်။ ဆည်ရေနစ်မြုပ်မှုမရှိတဲ့ လယ်ယာမြေများအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၁၇-၁-၂၀၁၄ ရက်နေ့မှာ လယ် ၉၃.၄၉၁ ဧကအတွက် ထောက်ပံ့ကြေးနဲ့ သီးနှံလျော်ကြေးစုစုပေါင်း ၁၀၂. ၁၄၅၅ ကျပ်သန်းကို လည်းကောင်း၊ ၁၁-၃-၂၀၁၄ ရက်နေ့မှာ လယ်ယာ ၄၇၀.၈၀ ဧကအတွက် ထောက်ပံ့ကြေးနှင့်သီးနှံ လျော်ကြေးစုစုပေါင်း ၄၉၂.၄၉၈၅ ကျပ်သန်းကိုလည်းကောင်း သက်ဆိုင်ရာတောင်သူများအား ပေးလျော်ထောက်ပံ့ခဲ့ပြီး ဆည်ရေနစ်မြုပ်မှုရှိနေတဲ့ လယ်ယာမြေများအတွက် ပေးလျော်ထောက်ပံ့ခဲ့မှု မရှိခဲ့ပါ။ ရေဝပ်ဧရိယာမှာပါဝင်သိမ်းဆည်းခံခဲ့ရတဲ့ တောင်သူများကလည်း အခြားတောင်သူများ နည်းတူ နိုင်ငံတော်မှ လယ်ယာမြေထောက်ပံ့ကြေးနှင့်သီးနှံလျော်ကြေးများ မျှော်လင့်လိုချင်နေကြ ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ ရန်အောင်မြင်ဆည်ရေဝပ်ဧရိယာအတွင်း ပါဝင်သိမ်းဆည်းခံခဲ့ရသော တောင်သူများအား အခြား တောင်သူများနည်းတူ နိုင်ငံတော်မှ လယ်ယာမြေထောက်ပံ့ကြေးနှင့်သီးနှံလျော်ကြေးများပေးရန် အစီအစဉ်ရှိ/မရှိ၊ မရှိပါက အဘယ်ကြောင့်နည်း၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးမည်ကိုသိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမောင်စိန်(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းရဲ့ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်ရေဝပ်ဧရိယာမှာ ပါဝင်သိမ်းဆည်းခံခဲ့ရသောတောင်သူများအား အခြားတောင်သူများ နည်းတူ နိုင်ငံတော်မှ လယ်ယာမြေထောက်ပံ့ကြေးနှင့်သီးနှံလျော်ကြေးပေးရန် အစီအစဉ်ရှိ/မရှိ၊ မရှိ ပါက ဘာ့ကြောင့်၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်းမေးခွန်း နှင့်စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒက္ခိဏသီရိမြို့နယ်မှာရှိတဲ့ ရန်အောင်မြင်ဆည် ရေလှောင်တမံဟာ နေပြည်တော်စည်ပင်သာယာရေးကော်မတီမဖွဲ့စည်းမီက ၂၀၀၁-၂၀၀၂ ခုနှစ်မှာ ယခင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စတင်အကောင်အထည်ဖော်ဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။ ၂၀၀၃-၂၀၀၄ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပြီးတော့ နေပြည်တော်စည်ပင် သာယာရေးကော်မတီကို ၃-၄-၂၀၀၇ ရက်နေ့မှာလွှဲပြောင်းပေးခဲ့တဲ့ ရေလှောင်တမံဖြစ်ပါတယ်။ ရန်အောင်မြင်ရေလှောင်တမံဟာ ယခင်က စိုက်ပျိုးရေပေးဝေရေးဆောင်ရွက်ခဲ့သော်လည်းပဲ

နေပြည်တော်စည်ပင်သာယာရေးကော်မတီက လွှဲပြောင်းရယူပြီးနောက်ပိုင်းမှာ နေပြည်တော်မြို့ပြအတွက် ရေပေးဝေရေးဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်အောင်မြင်ရေလှောင်တမံရဲ့ ရေဝေရေလဲဧရိယာက သစ်တောကျွန်းစိုက်ပျိုးမြေ ၅၆၄.၂၉ ဧကနဲ့ စိုက်ပျိုးသီးနှံတွေအတွက် မြေယာနစ်နာကြေး၊ ထောက်ပံ့ကြေးနဲ့ သီးနှံလျော်ကြေး ငွေကျပ် ၅၉၄.၆၄၄ သန်းကို တောင်သူပေါင်း ၂၁၆ ဦးကို ၃၀-၁-၂၀၁၄ ရက်နေ့နဲ့ ၃-၄-၂၀၁၄ ရက်နေ့တွေမှာ ထောက်ပံ့ပေးလျော်ခဲ့ပါတယ်။ တောင်သူပေါင်း ၁၉၀ ဦးက ငွေကျပ် ၄၈၇.၈၇၀၈ သန်းကို ထုတ်ယူပြီး ငွေကျပ် ၁၀၆.၇၇၃၁၆ သန်းကို တောင်သူ ၂၆ ဦးက ထုတ်ယူခြင်းမရှိတဲ့အတွက် ၅-၆-၂၀၁၄ ရက်နေ့မှာ နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပြီး ရေလှောင်တမံမှရေကို မြို့ရေပေးဝေရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ဖို့ ရေလှောင်တမံရဲ့ ရေဝပ်ဧရိယာနဲ့ ရေဝေရေလဲဧရိယာ ၂၀၃၀ ဧကခန့်ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်မြေအဖြစ် အသုံးပြုခွင့်ရရှိဖို့အတွက် သစ်တောမြေကပယ်ဖျက်ခွင့်ရရှိရေး တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ ရန်အောင်မြင်ရေလှောင်တမံဟာ နေပြည်တော်စည်ပင်သာယာရေးကော်မတီမဖွဲ့စည်းမီ ၂၀၀၁-၂၀၀၂ ခုနှစ်မှာ ယခင်လယ်ယာမြေနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီက လွှဲပြောင်းရယူခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် ရေလှောင်တမံရေဝပ်ဧရိယာ ၈၃၀ ဧကအတွင်းမှာပါဝင်တဲ့ ကရင်ကျေးရွာက အိမ်ထောင်စုများပြောင်းရွှေ့ရေးကိုသာ ဆောင်ရွက်ခဲ့ပြီး ရေဝပ်ဧရိယာမှာပါဝင်တဲ့ ကြိုးဝိုင်းတောမြေဧကနဲ့ ကြေးတိုင်စိုက်ကွင်းဧကများ လျော်ကြေး၊ နစ်နာကြေးပေးလျော်ခဲ့မှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီရေဝပ်ဧရိယာအတွင်းလုပ်ကိုင်ခဲ့တဲ့ တောင်သူတစ်ဦးချင်းအနေနဲ့ လုပ်ကွက်ဧရိယာတို့ကို ရေလှောင်တမံတည်ဆောက်ခဲ့တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြို့နယ်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာနတို့က အချိန်ယူပြီးတော့ စိစစ်ဖို့လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ရန်အောင်မြင်ရေလှောင်တမံ ရေဝပ်ဧရိယာအတွင်းမှာပါဝင်သွားတဲ့ ကြိုးဝိုင်းတောမြေဧရိယာ၊ ကြေးတိုင်စိုက်ကွင်းမြေဧရိယာနဲ့ တောင်သူတစ်ဦးချင်းကလုပ်ကိုင်ခဲ့တဲ့ မြေအမျိုးအစားနှင့်မြေဧကတွေကို စိစစ်ပြီးပါက လယ်ယာမြေများအတွက် လယ်ယာမြေလျော်ကြေး၊ သစ်တောကျူးစိုက်ပျိုးမြေများအတွက် ထောက်ပံ့ကြေးများကို တွက်ချက်ပြီး ရေလှောင်တမံကိုတာဝန်ယူတည်ဆောက်ခဲ့တဲ့ဝန်ကြီးဌာန ဒါမှမဟုတ် လက်ရှိရေလှောင်တမံကို အသုံးပြုလျက်ရှိတဲ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ပေးလျော်ထောက်ပံ့နိုင်ရေး၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့၌ရှိသော ကန်သာယာ(အုတ်ဖိုအင်း)အား ကန်သာယာကန်ပတ်လမ်းနှင့် ကန်သာယာ၏အရှေ့ဘက်ကမ်းပါးတွင် မြို့နယ်ခန်းမဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ငွေ(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအစိုးရဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ မင်္ဂလာပါအပေါင်းနှင့် ခညောင်းပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျော်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးမြန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့၌ရှိသော ကန်သာယာ(အုတ်ဖိုအင်း)အား ကန်သာယာကန်ပတ်လမ်းနှင့် ကန်သာယာ၏ အရှေ့ဘက်ကမ်းပါးတွင် မြို့နယ်ခန်းမဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသော မေးခွန်းပဲဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ကြီးမြို့နယ်သည် ဧရိယာစတုရန်းမိုင် ၇၈၁.၄၁၃ ကျယ်ဝန်းပြီးတော့ ကျေးရွာအုပ်စု ၄၁ အုပ်စု၊ ကျေးရွာပေါင်း ၁၃၄ ရွာဖြင့် ဖွဲ့စည်းထားပါတယ်။ ကျောက်ကြီးမြို့နယ်သည် မြို့နယ်ရုံးစိုက်ရာမြို့ဖြစ်ပြီး ရပ်ကွက်ပေါင်း ၇ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပါတယ်။ ၂၀၁၂ ခုနှစ်တွင် KNU နှင့်အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက် ငြိမ်းချမ်းစွာလုပ်ကိုင်စားသောက်နေထိုင်ကြပြီးလည်းဖြစ်ပါတယ်ခင်ဗျား။ ယခုအခါမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများပြုလုပ်ပြီး ပြန်လည်ထူထောင်နေဆဲကာလလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ကြီးမြို့သည် တောတောင်ရေမြေသဘာဝလှပပြီးတော့ အရှေ့ရိုးမနှင့်လည်း ဆက်စပ်လျက်ရှိပါတယ်။ တန်ခိုးကြီးဘုရားများဖြစ်တဲ့ ရှင်သီဝလိခြေတော်ရာဘုရား၊ ဝက်မင်းညီနောင်ဘုရား၊ ဆင်မရင်သာတောင်ဘုရားတို့လည်းပဲ ဖူးမျှော်နိုင်ပါတယ်ခင်ဗျား။ မြို့ရဲ့တောင်ဘက်တွင်လည်း စက်လဲရေတံခွန်၊ သဲသောက်မှုသဲသောက်ခွရေတံခွန်တို့လည်း တည်ရှိပါတယ်။ အမြို့မြို့အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးယာဉ်များ၊ ရေတံခွန်များ၌ အပန်းဖြေလိုသူများတို့လည်းပဲ စည်ကားသိုက်မြိုက်စွာရှိနေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ရဲ့အရှေ့ဘက် ဆင်မရင်သာတောင်ခြေရင်းတွင် ၁၀.၂၃ ဧက အကျယ်အဝန်းရှိသော ကန်သာယာ(အုတ်ဖို)အင်းဟောင်းကြီးတစ်ခုရှိပါတယ်။ ယခင်က မြို့နယ်ပြည်သူများ သွားရောက်အနားယူ အပန်းဖြေခဲ့ကြသော်လည်းပဲ ယခုအခါမှာ ကန်မြေမြေဧရိယာအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူများ ရှိနေပါတယ်။ မြို့နယ်ပြည်သူများကပ ဤရေကန်ကြီးအား ညစ်ညမ်းပျောက်ပျက်သွားမည်ကို စိုးရိမ်ပူပန်နေကြရပါတယ်။ ၂၀၁၇ ခုနှစ် ပဲခူးတိုင်းဝန်ကြီးချုပ်လာစဉ်က ပြည်သူများရဲ့တင်ပြချက်အရ ကန်သာယာအဖြစ်ပြောင်းလဲလုပ်ဆောင်ရန် ညွှန်ကြားခဲ့ပါတယ်။ ကျောက်ကြီးမြို့သည် မြို့နယ်ရုံးစိုက်ရာမြို့ဖြစ်သော်လည်းပဲ မြို့နယ်ခန်းမမရှိသေးပါ။ သို့ဖြစ်ပါသောကြောင့် ကန်သာယာရေကန် မညစ်နွမ်းစေရန်နှင့် မပျောက်ပြတ်စေရန် ရေကန်ကြီးအား ဝန်ရံလျက်ကန်ပတ်လမ်း ဆောက်လုပ်ပေးရန်နှင့် ကန်ကြီးရဲ့အရှေ့ဘက် မြေလွတ်နေရာတွင် မြို့နယ်ခန်းမဆောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါလျှင် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်

**မှုကြမ်း**

ကို ကျောက်ကြီးမြို့နယ် ပြည်သူများကိုယ်စား မေးမြန်းရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီ ကောင်စီဝင် ဦးညီထွန်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ၏ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီးမြို့၌ရှိသော ကန်သာယာ(အုတ်ဖိုအင်း) အား ကန်သာယာကန်ပတ်လမ်းနှင့် ကန်သာယာ၏အရှေ့ဘက်ကမ်းပါးတွင် မြို့နယ်ခန်းမဆောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ မေးခွန်းအားဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီးမြို့၌ရှိသော ကန်သာယာ(အုတ်ဖိုအင်း)အား ကန်သာယာကန်ပတ်လမ်းနှင့် ကန်သာယာအရှေ့ဘက် မြေလွတ်နေရာများတွင် မြို့နယ်ခန်းမဆောက်လုပ်နိုင်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ ၂၇-၆-၂၀၁၈ ရက်နေ့တွင် မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းထွာတွက်ချက်မှုများ ပြုလုပ်ခဲ့ပါတယ်။ အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်ရန် ကွင်းဆင်းစစ်ဆေးတွက်ချက်မှုစာရင်းအရ ကျောက်ကြီးမြို့နယ်တွင် ဆောက်လုပ်မည့် ခန်းမဆောက်လုပ်ခြင်းအတွက် သံကူကွန်ကရစ် အလျား ၁၀၀ ပေ x အနံ ၆၈ ပေ x အမြင့် ၁၄ ပေရှိတဲ့ အဆောက်အဦအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၀၄ သန်း၊ ကန်ပတ်လမ်းဖောက်လုပ်ခြင်းအတွက်(မြေသား) ပြုပြင်ရန်အတွက် အလျား ၂၂၀၀ ပေ x အကျယ်ပေ အနည်းဆုံးနေရာမှာ ၁၈ ပေနှင့် အကျယ်ဆုံးနေရာမှာ ၂၄ ပေ၊ ပျမ်းမျှ ၂၁ ပေ x အမြင့်ထု မြေသား ၆ ပေ ခန့်မှန်းကုန်ကျငွေကျပ် ၁၅ သန်း၊ ကန်ပတ်လမ်းပေါ်တွင် တံတားနှစ်စင်းဆောက်လုပ်ရန်အတွက် သံကူကွန်ကရစ် အကျယ် ၁၂ ပေ x အလျား ၂၄ ပေနှင့် အမြင့်ထု ၆ ပေရှိသော တံတားဆောက်လုပ်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၅ သန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် ၂၄၄ သန်း ကုန်ကျမည်ဖြစ်ကြောင်း တင်ပြထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြေကြားချက်တွင်ပါရှိသော ပုံကြမ်းများနှင့်တွက်ချက်မှုဇယားများအား Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ တင်ပြပါပုံကတော့ ကျောက်ကြီးမြို့ခန်းမတည်ဆောက်ရေးဆိုင်ရာ ဖြေကြားချက်မှာတင်ပြထားတဲ့ ခန်းမနှင့်ကန်ပတ်လမ်းတည်ဆောက်ရေးအတွက် နေရာပြမြေပုံဖြစ်ပါတယ်။ ယခုပုံကတော့ ခန်းမအဆောက်အဦအတွက် ဆောက်လုပ်မည့်ခန်းမရဲ့ ပုံစံ၊ ပုံကြမ်းပြမြေပုံဖြစ်ပါတယ်။ တင်ပြပါပုံကတော့ မြို့နယ်ခန်းမဆောက်လုပ်မည့် ခန်းမအရှေ့က မြင်ကွင်းပုံကြမ်းဖြစ်ပါတယ်။ တင်ပြပါပုံကတော့ ခန်းမအနောက်မှ မြင်ကွင်းပုံကြမ်းဖြစ်ပါတယ်။ တင်ပြပါပုံကတော့ ခန့်မှန်းကုန်ကျငွေတွက်ချက်မှု ဇယားချုပ်ဖြစ်ပါတယ်။ ဖြေကြားချက်မှာ ပါရှိသော ပုံကြမ်းများ၊ ဇယားများအနက် အဓိကကျသော ပုံကြမ်းများနှင့်တွက်ချက်မှုဇယားချုပ်ကို ကောက်နုတ်တင်ပြခြင်းပဲ ဖြစ်ပါတယ်။ ထို့ကြောင့် တင်ပြပါအတိုင်း စုစုပေါင်းခန့်မှန်းကုန်ကျငွေ ၂၄၄ သန်းဖြစ်သည့်အတွက်

ကျောက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ဘတ်ဂျက်ရန်ပုံငွေလုံလောက်မှုမရှိသေးပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် သီးခြား ထောက်ပံ့ရန်ပုံငွေရရှိရေး တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်းနှင့် တောင်းခံရရှိမှသာ ဆောင်ရွက် ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်ကို ကျွန်တော်မှ ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ပွင့်ဖြူမြို့နယ်၊ မင်းမြေကွက်သစ်ကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် မရိုးကုန်းကျေးရွာတို့အား မုန်းချောင်း ကမ်းပါးပဲ့ခြင်းမှ အမြန်ဆုံးကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး ပွင့်ဖြူမြို့နယ် မင်းမြေကွက်သစ်ကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် မရိုးကုန်းကျေးရွာတို့အား မုန်းချောင်းကမ်းပါးပဲ့ခြင်း မှ အမြန်ဆုံးကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်မှမြစ်ဖျားခံပြီး စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်ကို ဖြတ်သန်းစီးဆင်းသော မုန်းချောင်းဟာ မိုင်အားဖြင့် ၁၉၆ မိုင် ခန့်ရှည်လျားပြီး ဧရာဝတီမြစ်ထဲသို့ စီးဝင်သောချောင်းတစ်ချောင်းဖြစ်ပါတယ်။ ချောင်းဟုခေါ်သော် လည်း မြစ်ငယ်တစ်ခုကဲ့သို့ ရေအားကောင်းသောချောင်းတစ်ချောင်းဖြစ်ပါတယ်။ ဒါ့အပြင် ပွင့်ဖြူ မြို့နယ်အတွက် ကောင်းကျိုးတွေပေးသလို ဆိုးကျိုးတွေလည်း ပေးတတ်ပါတယ်။ ရေအားလျှပ်စစ်တွေ ထုတ်လုပ်နိုင်တာလည်း ဒီချောင်းပါ။ စိုက်ပျိုးမြေဧကပေါင်း ၈၀၀၀၀ ကျော် စပါးစိုက်ပျိုးရေးပေးနိုင် တာလည်း ဒီချောင်းပဲဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံဖြစ်ပြီး ပွင့်ဖြူမြို့နယ်တစ်ခုလုံးနီးပါး ဒုက္ခ ရောက်စေခဲ့တာလည်း ဒီမုန်းချောင်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ခုနှစ် ဇွန်လ ၉ ရက်မှ ၁၅ ရက်အထိ ခုနစ်ရက်ကြာရွာသွန်းခဲ့တဲ့မိုးဟာ မိုးရေချိန်လက်မ ၁၅.၆ လက်မကျော်ရွာသွန်းခဲ့ပြီး မုန်းချောင်းတစ်လျှောက် ရေကြီးရေလျှံဖြစ်ခဲ့ပါတယ်။ အဲဒီလို ရေကြီးရေလျှံဖြစ်ခဲ့ပြီး မင်းမြေကွက်သစ် ကျေးရွာ၊ ရွာထောင်ကျေးရွာ၊ မရိုးကုန်းကျေးရွာတို့မှာ ရေတိုက်စားပြီး ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ခဲ့ပါ တယ်။ ထိုသို့ကမ်းပါးပြိုကျမှုများကြောင့် မင်းမြေကွက်သစ်ကျေးရွာမှ အိမ်ခြေ ၁၃ အိမ်၊ ရွာထောင်မှ ခုနစ်အိမ်၊ မရိုးကုန်းကျေးရွာမှ ၇၈ အိမ် ရွှေ့ပြောင်းခဲ့ရပါတယ်။ ထိုသို့ရွှေ့ပြောင်းခဲ့ရတဲ့အတွက် ကျေးရွာသူကျေးရွာသားများမှာ များစွာလွန်စွာဒုက္ခရောက်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အနည်းငယ်သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဒါကတော့ မင်းမြေကွက်သစ်ကျေးရွာ ကမ်းပါးပြိုကျနေတဲ့ပုံတွေဖြစ်ပါတယ်။ ဒါလည်း မင်းမြေကွက်သစ်ကျေးရွာ ကမ်းပါးပြိုကျတဲ့ပုံပဲဖြစ်ပါတယ်။ ဒါကတော့ ရွာထောင်ကျေးရွာရဲ့ ကမ်းပါးပြိုကျပြီးတော့ ဘုရားကမ်းစပ်မှာရောက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့ မရိုးကုန်းကမ်းပါးပဲ့တာကို လာရောက်ကြည့်ရှုနေတဲ့ပုံတွေဖြစ်ပါတယ်။ ဒါကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့ ကမ်းပါးပြိုတဲ့ အိမ်ထောင်စုများထောက်ပံ့မှုတွေပေးအပ်တဲ့ပွဲ ဖြစ်ပါတယ်။ ဒါကတော့ ကမ်းပါးပြိုတဲ့အိမ်ထောင်စုတွေ ရွှေ့ပြောင်းပြီးတော့ စုပုံထားတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါလည်း ရွှေ့ပြောင်းပြီးတော့ စုပုံနေတဲ့ပုံတွေဖြစ်ပါတယ်။ ဒါကလည်း စုပုံထားတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါကတော့ ရွှေ့ပြောင်းပြီးပြန်လည်အသစ်တည်ဆောက်နေစဉ်ပုံတွေ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို Power Point မှာမြင်တွေ့ခဲ့ရတဲ့အတိုင်း ကျေးရွာသူကျေးရွာသားများမှာ ဒုက္ခမျိုးစုံနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ ဒီမုန်းချောင်းနှင့်ပတ်သက်ပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ ၁၇-၁၁-၂၀၁၆ ရက်နေ့တွင် မုန်းချောင်းတစ်စိပ်တစ်ပိုင်းအား ကမ်းထိန်းနံရံပြုလုပ်ခြင်း၊ ကွေ့ကောက်၍စီးဆင်းနေသော မုန်းချောင်းရိုးသဲသောင်များအား ခြောက်တန်းဖောက်လုပ်ပေးရန်နှင့်ပတ်သက်ပြီးတော့လည်း မေးခွန်းမေးမြန်းခဲ့ပြီးဖြစ်သော်လည်း ဘတ်ဂျက်အခက်အခဲ၊ ဘဏ္ဍာငွေအခက်အခဲတွေကြောင့် မဆောင်ရွက်ခဲ့နိုင်လို့ ဒီလိုမဖြစ်သင့်တာတွေ ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ အခုလည်း မိုးမကျမီမဆောင်ရွက်နိုင်ပါက ထပ်မံရွှေ့ပြောင်းရအုံးမှာဖြစ်ပါတယ်။ သို့သော်လည်း ကျေးရွာသူကျေးရွာသားတွေအတွက် ပြေးစရာမြေမရှိပါ။ နေစရာလည်းမြေမရှိတော့ပါ။

သို့ဖြစ်ပါ၍ မင်းမြေကွက်သစ်ရွာ၊ ရွာထောင်ရွာ၊ မရိုးကုန်းကျေးရွာတို့အား မုန်းချောင်းကမ်းပါးပဲ့ခြင်းအန္တရာယ်မှ လွတ်မြောက်ရန်၊ အမြန်ဆုံးအကာအကွယ်ပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား ရိုသေစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၏ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မင်းမြေကွက်သစ်ကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် မရိုးကုန်းကျေးရွာတို့အား မုန်းချောင်းကမ်းပါးပဲ့ခြင်းမှ အမြန်ဆုံးကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မင်းမြေကွက်သစ်ကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် မရိုးကုန်းကျေးရွာတို့အား မုန်းချောင်းများအပြင်ဘက်ကမ်းပါး(Outer Bank)အပေါ်မှာတည်ရှိပါတယ်။ ဒီပုံကတော့ ပွင့်ဖြူမြို့နယ်၊ မင်းမြေကွက်သစ်ကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် မရိုးကုန်းကျေးရွာတို့အား မုန်းချောင်းရေတိုက်စားမှုပြ ရေလမ်းပြမြေပုံဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဇွန်လ မုန်တိုင်းမိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုန်းချောင်းရေ ၁၃ ပေခန့်မြင့်တက်ခဲ့ပြီး မင်းမြေကွက်သစ်ကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် မရိုးကုန်းကျေးရွာတို့အား ရေဦးထိုးတိုက်စားခံလိုက်ရပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးတို့မှ ၁၃-၉-၂၀၁၈ ရက်နေ့တွင် အဆိုပါကျေးရွာသုံးရွာ ကမ်းပြိုအခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးချက်အရ မင်းမြေကွက်သစ် ကျေးရွာကမ်းပါးများသည် နုန်းမြေအမျိုးအစားဖြစ်ခြင်း၊ မုန်းချောင်းရေမြင့်တက်မှုမြန်ဆန်ခြင်း၊ မုန်တိုင်းမိုးရက်ရှည်ရွာသွန်းမှုကြောင့် ကမ်းပြိုမှုဖြစ်ပေါ်ရခြင်းဖြစ်ပါတယ်။ ကမ်းပြိုမှုများမှာ ပေ ၂၀၀၀ ခန့်ရှိပါတယ်။ ဒီဟာကတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွင်းဆင်းစဉ်က မှတ်တမ်းပုံပဲဖြစ်ပါတယ်။ ရွာထောင်ကျေးရွာအနီးတွင်လည်း မုန်းချောင်းရေက နှစ်ပေါင်း ၅၀၀ ကျော်ပထမတည်ထားခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်စေတီဘုရားငါးဆူ၏ရှေ့သို့ ရေဦးထိုးတိုက်စားခဲ့ခြင်းကြောင့် ရွာထောင်ကျေးရွာ၏ကမ်းပါးမှာ သဲမြေအမျိုးအစားဖြစ်ပြီး ကမ်းပြိုလမ်းမှာပေ ၁၅၀၀ ခန့်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ဒါကတော့ ပုန်းပြင်မြို့နယ်၊ ရွာထောင်ကျေးရွာ မုန်းချောင်းရေတိုက်စားမှုမှတ်တမ်းတင်ဓာတ်ပုံပဲဖြစ်ပါတယ်။ မရိုးကုန်းကျေးရွာသည် ဧရာဝတီမြစ်ရေနှင့် တစ်မိုင်ခန့်သာကွာဝေးပြီး မုန်းချောင်းရေမြင့်တက်ခြင်းနှင့် ဧရာဝတီမြစ်ရေကျဆင်းခြင်းဖြစ်သောကြောင့် ချောင်းရေစီးမှုပြင်းထန်ကာ ရေတိုက်စားမှုဖြစ်ပေါ်ရခြင်းဖြစ်ပါတယ်။ ချောင်းရေတိုက်စားမှုကြောင့် ကမ်းပြိုသည့်အလျားမှာ ၂၅၀၀ ပေခန့်ရှိပါတယ်။ ဒါကတော့ မရိုးကုန်းကျေးရွာ၊ မုန်းချောင်းရေတိုက်စားမှုမှတ်တမ်းတင်ဓာတ်ပုံများဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မင်းမြေကွက်သစ်ကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် မရိုးကုန်းကျေးရွာတို့ရဲ့ ကမ်းပါးများကို မုန်းချောင်းရေတိုက်စားခြင်းမှ ကာကွယ်ပေးနိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်းတိုင်းတာတွေ့ရှိချက်များအရ ဆောင်ရွက်ပေးသင့်သော အစီအမံများကို တင်ပြခွင့်ပြုပါခင်ဗျား။ တင်ပြထားသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးမြန်းချက်တွင်ပါရှိတဲ့ ရွာသုံးရွာကို မုန်းချောင်းရေတိုက်စားခြင်းမှ ကာကွယ်ပေးနိုင်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်စုစုပေါင်းမှာ ကျပ်သန်း ၁၁၀၀ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မင်းမြေကွက်သစ်ကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် မရိုးကုန်းကျေးရွာတို့ကို မုန်းချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပဲ့ခြင်းမှ ကာကွယ်ပေးရန်အတွက် လိုအပ်တဲ့ ခန့်မှန်းကုန်ကျစရိတ်စုစုပေါင်းငွေကျပ် သန်း ၁၁၀၀ ကို ၂၀၁၈-

၂၀၁၉ ဘဏ္ဍာရေးနှစ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေတွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင်လည်းကောင်း၊ မူလထဲ၌ထည့်သွင်းလျာထားခြင်းမရှိခဲ့သော်လည်း မကွေးတိုင်းဒေသကြီးအစိုးရ၏ လုပ်ငန်းပြောင်းသုံးစွဲငွေမှ ကျပ်သန်း ၁၅၀ အား မင်းမြေကွက်သစ်ကျေးရွာနှင့် ရွာထောင်ကျေးရွာများအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန် မကွေးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးထားပြီးဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ လုပ်ငန်းပြောင်းအနေနဲ့ဆောင်ရွက်မယ့် မင်းမြေကွက်သစ်နှင့် ရွာထောင်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် တင်ပြခြင်းဖြစ်ပါတယ်။ ဒီပုံကတော့ မင်းမြေကွက်သစ်ကျေးရွာမှာ မုန်းချောင်းရေတိုက်စားမှုကာကွယ်ရန်အတွက် နှစ်တန်းသွား Geo Bag ခင်းရေကာ ၇၀ ပေ လေးခုနဲ့ Drawing Road ၁၅၀ ပေ x ၆၀ ပေ လေးခု ဆောက်လုပ်မယ့်နေရာ ပြပုံဖြစ်ပါတယ်။ ဒီဟာကတော့ မင်းမြေကွက်သစ်ကျေးရွာ မုန်းချောင်းရေတိုက်စားမှုအားကာကွယ်ရန်အတွက် နှစ်တန်းသွား Geo Bag ခင်းရေကာတာ ၇၀ ပေလေးခုနဲ့ Run Road ၁၅၀ ပေ x ၆၀ ပေ လေးခုဆောင်ရွက်မယ့်ဒီဇိုင်းပုံဖြစ်ပါတယ်။ တင်ပြပါပုံကတော့ ရွာထောင်ကျေးရွာ၊ မုန်းချောင်းရေတိုက်စားမှုအားကာကွယ်ရန်အတွက် သုံးတန်းသွားမျှောတိုင်တန်းအတွင်း သဲအိတ်ဖြင့် ကမ်းပါးထိပ်အကြား ၁၆၃၀ ပေဆောင်ရွက်မည့်နေရာပြပုံဖြစ်ပါတယ်။ ဒါကတော့ ရွာထောင်ကျေးရွာ မုန်းချောင်းရေတိုက်စားမှုအားကာကွယ်ရန်အတွက် သုံးလမ်းသွားမျှောတိုင်တန်းတွင် သဲအိတ်ဖြင့်ကမ်းပါးအထိအလျား ၁၆၃၀ ပေဆောင်ရွက်မည့်ဒီဇိုင်းပုံဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးအစိုးရ၏လုပ်ငန်းပြောင်းသုံးစွဲငွေ ကျပ်သန်း ၁၅၀ ဖြင့် ယင်းမြေကွက်သစ်ကျေးရွာနှင့် ရွာထောင်ကျေးရွာများအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် မရိုးကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လှိုင်သာယာမြို့နယ်ရှိ မီးရထားဘူတာရပ်ဝန်းဧရိယာအတွင်း စီမံကိန်းများမည်သို့ ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမယ့် မေးမြန်း

ကတော့ လှိုင်သာယာမြို့နယ်ရှိ မီးရထားဘူတာရပ်ဝန်းဧရိယာအတွင်း စီမံကိန်းများကို မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်သာယာ-ဟသ်ာတမီးရထားလမ်းဖောက်လုပ်ရာတွင် လှိုင်သာယာမီးရထားဘူတာစီမံကိန်းဆောင်ရွက်ရန်အတွက် လှိုင်သာယာမြို့နယ် လယ်သမားများထံမှ လယ်မြေဧက ၁၂၀ ခန့်နှင့် ထန်းတပင်မြို့နယ် လယ်သမားများထံမှ လယ်မြေ ၂၄ ဧကခန့် စုစု ပေါင်းဧက ၁၄၀ ကျော်ကို သိမ်းယူပြီးတော့ မီးရထားဘူတာစီမံကိန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်က နိုင်ငံ့ဘဏ္ဍာ ၁၈ ဘီလီယံကျော် အကုန်အကျခံသုံးစွဲပြီး စီမံကိန်းဆောင်ရွက်ခဲ့ပါတယ်။ စနစ်တကျ စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းမရှိသော လှိုင်သာယာ-ဟသ်ာတမီးရထားလမ်းကို ၂၄-၅-၂၀၁၄ ရက်နေ့က စတင်ဖွင့်လှစ်ပြေးဆွဲခဲ့ပြီး ၁၀-၁-၂၀၁၆ ရက်နေ့မှာ စီမံကိန်းမအောင်မြင်ဘဲ နိုင်ငံ့ဘဏ္ဍာဆုံးရှုံးမှုများစွာနှင့် ရပ်ဆိုင်းထားတာ ယနေ့အချိန်အထိပါ။ ယနေ့အချိန်အထိ မည်သည့်စီမံကိန်းမှလည်း ဆက်လက်ဆောင်ရွက်ခြင်းမရှိပါဘူး။ လှိုင်သာယာ-ဟသ်ာတမီးရထားလမ်းကို ပြုပြင်တည်ဆောက်ပြီး ရထားပြန်လည်ပြေးဆွဲရန် အစီအစဉ်မရှိသေးကြောင်း ပြည်ထောင်စုဒုတိယဝန်ကြီး ဦးကျော်မျိုးကလည်း ပြောကြားခဲ့ပါတယ်။ လယ်ယာမြေတွေကို သိမ်းဆည်းပြီးတော့ မီးရထားဘူတာစီမံကိန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလယ်ယာမြေတွေဟာလည်း ယနေ့အချိန်အထိ စိုက်ပျိုးလို့မရပါဘူး။ သိမ်းဆည်းခံလယ်သမားများကိုလည်း နစ်နာကြေးလျော်ကြေး ယနေ့အချိန်အထိ ပေးချေခြင်းလည်း မရှိသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသော မော်တော်ယာဉ်ငယ်များသက်တမ်းတိုးခြင်း၊ ယာဉ်မှတ်ပုံတင်အသစ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို သန်လျင်၊ တောင်ဒဂုံ၊ တောင်ဥက္ကလာပမြင်သာ၊ အင်းစိန်၊ ခရိုင်ရုံးလေးရုံးသာ ဆောင်ရွက်ပေးပြီး မော်တော်ယာဉ်ကြီးများ ယာဉ်မှတ်ပုံတင်ခြင်း၊ ယာဉ်သက်တမ်းတိုးခြင်း၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်းလုပ်ငန်းများကို ရွာသာကြီးရုံးတစ်ရုံးတည်းတွင်သာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မော်တော်ယာဉ်မောင်းလိုင်စင်များ ယာဉ်မောင်းလိုင်စင်အတွက် စစ်ဆေးဖြေဆိုရာမှာလည်း ရွာသာကြီးရုံးနှင့် တောင်ဥက္ကလာပမြင်သာရုံးတွင်သာ ဆောင်ရွက်ပေးပါတယ်။ မော်တော်ယာဉ်များမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် မော်တော်ယာဉ်များကို ရုံးဝင်းပြင်ပမှာ အချိန်များစွာရပ်ပြီးတော့ စောင့်ဆိုင်းတန်းစီပြီးတော့ စောင့်ဆိုင်းရတဲ့အတွက် မလိုလားအပ်သော ပြဿနာများလည်း ဖြစ်ပါတယ်။ ယနေ့အချိန်အခါမှာ ကျွန်တော်တို့ ရန်ကုန်မြို့တော်မှာ မော်တော်ယာဉ်ပေါင်းမြောက်မြားစွာ ဖြစ်နေပါတယ်။ ပြည်သူများမော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရန်အတွက် ယာဉ်လိုင်စင်ဖြေဆိုရာမှာ အဆင်ပြေစေရန်အတွက် လှိုင်သာယာမြို့နယ် မီးရထားဘူတာရပ်ဝန်းဧရိယာအတွင်း ပြည်သူများအကျိုးရှိစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျသင်ကြားပေးသော နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်မောင်း အတတ်သင်ကျောင်း၊ မော်တော်ယာဉ်မောင်း လေ့ကျင့်ရေးကွင်းအဖြစ်လည်းကောင်း၊ မော်တော်ယာဉ်မောင်း အကြီးအငယ်များ ယာဉ်သက်တမ်းတိုးခြင်း၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးခြင်းမရှိနိုင်ပါလျှင် မီးရထားဘူတာရပ်ဝန်းဧရိယာအတွင်း

မည်သည့်စီမံကိန်းများဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်း၏ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ မီးရထားဘူတာရပ်ဝန်းဧရိယာအတွင်း စီမံကိန်းများမည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးသာဦးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ လှိုင်သာယာမြို့နယ်သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးဦးစီးဌာနခရိုင်ရုံး ရန်ကုန်(မြောက်ပိုင်း)မှတ်ပုံတင်နယ်မြေတွင်ပါဝင်ပြီး ၎င်းခရိုင်ရုံးအောက်တွင် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မှော်ဘီ၊ မင်္ဂလာဒုံ၊ လှိုင်၊ ကမာရွတ်၊ တိုက်ကြီး၊ ထန်းတပင်နှင့် လှည်းကူးစသည့်မြို့နယ် ၁၀ ခုပါဝင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်မောင်းသင်တန်းကျောင်း စုစုပေါင်း ၄၇ ကျောင်းရှိပြီး ခရိုင်ရုံးရန်ကုန်(မြောက်ပိုင်း)နယ်မြေအတွင်း၌ယာဉ်မောင်းသင်တန်းကျောင်း ၁၃ ကျောင်းရှိပါတယ်။ အဆိုပါယာဉ်မောင်းသင်တန်းကျောင်း ၁၃ ကျောင်းမှာ လှိုင်သာယာမြို့နယ်တွင် ယာဉ်မောင်းသင်တန်းကျောင်းတစ်ကျောင်း၊ ရွှေပြည်သာမြို့နယ်တွင် ယာဉ်မောင်းသင်တန်းကျောင်းငါးကျောင်း၊ အင်းစိန်မြို့နယ်တွင် ယာဉ်မောင်းသင်တန်းကျောင်းနှစ်ကျောင်း၊ မှော်ဘီမြို့နယ်တွင် ယာဉ်မောင်းသင်တန်းကျောင်းနှစ်ကျောင်း၊ မင်္ဂလာဒုံမြို့နယ်တွင် ယာဉ်မောင်းသင်တန်း ကျောင်းနှစ်ကျောင်းနှင့် လှိုင်မြို့နယ်တွင် ယာဉ်မောင်းသင်တန်းကျောင်းတစ်ကျောင်းတို့ ဖြစ်ပါတယ်။

လက်ရှိအခြေအနေတွင် တိုင်းဒေသကြီးတစ်ခုလုံးအတိုင်းအတာအဖြစ် ယာဉ်မောင်းသင်ကြားလိုသူအရေအတွက်နှင့် သင်တန်းကျောင်းအရေအတွက်မျှတမှုရှိပြီး လက်ရှိသင်တန်းကျောင်းအနေဖြင့်သင်တန်းသားထပ်မံတိုးချဲ့လက်ခံနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ မီးရတားဘူတာရပ်ဝန်းဧရိယာအတွင်း ပြည်သူများအကျိုးရှိစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျ သင်ကြားပေးသော နိုင်ငံတကာအဆင့်မီမော်တော်ယာဉ်မောင်းအတတ်သင်ကျောင်းနှင့် မော်တော်ယာဉ်မောင်းလေ့ကျင့်ရေးကွင်းအဖြစ်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးကြောင်း တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာလိပ်စာဖြင့် မှတ်ပုံတင်ထားသော မော်တော်ယာဉ်စီးရေမှာ ၁၀၉၃၅ စီးရှိပြီး ၎င်းမြို့နယ်သည် ရန်ကုန်မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင် ပါဝင်သဖြင့် မော်တော်ဆိုင်ကယ်စီးနင်းခြင်းမပြုသည့်နယ်မြေတွင်ဖြစ်ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လက်ရှိဖွဲ့စည်းပုံအရလှိုင်သာယာမြို့နယ်ထက် ယာဉ်စီးရေပိုမိုများပြားသော ခရိုင်များ၌ပင် ရုံးအသစ်များဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါ။ လက်ရှိအခြေအနေတွင် ခရိုင်ရုံးရန်ကုန်(မြောက်ပိုင်း) အင်းစိန်အနေဖြင့်

နှစ်လဲမှတ်ပုံတင်ဆောင်ရွက်ခြင်း၊ ယာဉ်မောင်းလိုင်စင်နယ်လှည့်သက်တမ်းတိုးခြင်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်ပြင်ပ မြို့နယ်များဖြစ်သော မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်၊ လှည်းကူးမြို့နယ်များသို့ လစဉ်တတိယပတ် စနေနေ့တိုင်း အလှည့်ကျနယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ နယ်လှည့်ဆောင်ရွက်ပေးရာတွင် (က)-၁ နှင့်(က) ယာဉ်မောင်းလိုင်စင်အသစ်ပြုလုပ်လိုသူများက စစ်ဆေး၍ထုတ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးမြင့်ခြင်းတို့ကို ယာဉ်မောင်းလိုင်စင်ရယူလိုသူနှင့် ကိုင်ဆောင်သူပြည်သူများအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ပါ၍ လှိုင်သာယာမြို့နယ် မီးရတားဘူတာရပ်ဝန်းဇရိယာ၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးဖွင့်လှစ်၍ ယာဉ်မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ခရိုင်ရုံး ရန်ကုန်မြောက်ပိုင်းဖြင့် စည်ပင်သာယာနယ်မြေပြင်ပဖြစ်သော ထန်းတပင်မြို့နယ်သို့ နယ်လှည့်ဆောင်ရွက်ပေးသည့်လများတွင် လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ညှိနှိုင်း၍ နယ်လှည့်ကွင်းဆင်းပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့်လှိုင်သာယာမြို့နယ်၊ မီးရထားဘူတာရပ်ဝန်းဇရိယာအတွင်း စီမံကိန်းများမည်သို့ဆောင်ရွက်မည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ အဆိုပါလှိုင်သာယာမြို့နယ်ရှိ မီးရထားဘူတာဝင်းဇရိယာသည် ဧက ၁၂၀ ရှိပြီး ရန်ကုန်လှိုင်သာယာ-ပုသိမ်နှင့် ရန်ကုန်လှိုင်သာယာ-ဟင်္သာတရထားလမ်းများဖောက်လုပ်ရာတွင် လှိုင်သာယာဘူတာသည် စတင်ထွက်ခွာမည့်ဘူတာကြီးဖြစ်သည့်အားလျော်စွာ စက်ခေါင်းနှင့်တွဲများ ညအိပ်ရပ်နားကြမည်ဖြစ်၍ စက်ခေါင်းများပြုပြင်ထိန်းသိမ်းခြင်း၊ တွဲဆက်များပြုပြင်ခြင်းနှင့်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စက်ခေါင်းရုံနှင့်တွဲပြင်ရုံများတွဲစစ်ဆေးခြင်းများကို တည်ဆောက်ရန်အတွက်လည်းကောင်း၊ စက်ခေါင်းရုံ၊ တွဲပြင်ရုံနှင့် တွဲဆက်စစ်ဆေးခြင်းများသို့ အဝင်/အထွက်ပြုလုပ်နိုင်ရန်လိုအပ်သော ရထားလမ်းများနှင့် စက်ခေါင်းလှည့်လမ်းများ ဖောက်လုပ်ရန်အတွက်လည်းကောင်း၊ ဆက်သွယ်ရေးအချက်ပြအဆောက်အဦများ၊ ကုန်ရုံများ၊ ဈေးဆိုင်ခန်း၊ စားသောက်ဆိုင်ခန်းများ၊ ရထားရဲစခန်း၊ စက်ခေါင်းမောင်းနားနေရိပ်သာများ၊ ရုံးအဆောက်အဦများ၊ ဝန်ထမ်းနေအိမ်များနှင့် ရထားလုပ်ငန်းဆိုင်ရာဆက်စပ်လုပ်ငန်းများကို ဘူတာရပ်ဝန်းအတွင်း မြေဇရိယာအတွင်းဆောင်ရွက်ရန်အတွက်လည်းကောင်း လျာထားခဲ့ခြင်းဖြစ်ပါတယ်။ လှိုင်သာယာမြို့နယ်သည် ရန်ကုန်မြို့တော်မှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့ကြီးဆီကို ကုန်းလမ်းခရီးဖြင့် ကူးသန်းသွားလာနိုင်ရေးအတွက် အချက်အခြာကျသော အဝေးပြေးကားဂိတ်တစ်ခု တည်ရှိနေခြင်း၊ နေထိုင်သူလူဦးရေများပြားပြီး လူနေမှုအလွှာမျိုးစုံ စုဝေးနေထိုင်လျက်ရှိသည်အပြင် ခရီးသွားဧည့်သည်များလည်း လာရောက်စုဝေးရာမြို့နယ်ဖြစ်ခြင်းတို့ကြောင့် ဒေသခံများနှင့် ခရီးသွားပြည်သူများအတွက် လှိုင်သာယာမြို့နယ်မှ ကုန်ကုန်မြို့တွင်းသို့ ဆက်သွယ်သွားလာရန်အဆင်ပြေစေရန်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့ ခရီးသည်အရေအတွက်များများနှင့် အမြန်ဆုံးသယ်ယူပို့ဆောင်သည့် အစီအစဉ်တစ်ခု ဆောင်ရွက်ပေးရန်လိုအပ်လာပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)က ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ ရေးဆွဲရာတွင် YUNIT စီမံကိန်းကိုပါ ထည့်သွင်းရေးဆွဲလျက်ရှိပါတယ်။ အဆိုပါစီမံကိန်းတွင် ရန်ကုန်နယ်နိမိတ်အတွင်း အရှေ့နှင့်အနောက် ဆက်သွယ်ပေးမည့် အဆက်လမ်းကြောင်းတစ်ခု ပါဝင်ပြီး အဆိုပါလမ်းကြောင်းကို ကြိုတင်လေ့လာဆန်းစစ်ခြင်း ဆောင်ရွက်ပြီးစီးတော့မည် ဖြစ်ပါသည်။ အဆိုပါရထားလမ်းကြောင်းသည် လှိုင်သာယာဘူတာနှင့် ရန်ကုန်မြို့ပတ်ရထားလမ်းတို့ ချိတ်ဆက်ပေးမည်ဖြစ်သဖြင့် ၎င်းစီမံကိန်းကို အကောင်အထည်ဖော်သည့်အခါတွင် လှိုင်သာယာ ဘူတာသည် ရန်ကုန်မြို့တော်၏အနောက်ဘက်ခြမ်းအတွက် အဓိကဘူတာကြီးတစ်ခုဖြစ်လာမည်ဖြစ် ခြင်း၊ ရန်ကုန်ပုသိမ်ရထားလမ်းနှင့် ရန်ကုန်-ဟင်္သာတရထားလမ်းများကို ပြန်လည်အသုံးပြုလာသည့် ဖွံ့ဖြိုးတိုးတက်လာပါက လှိုင်သာယာဘူတာကြီးသည် ရထားလုပ်ငန်းအတွက်အရေးပါသော ဘူတာ ကြီးဖြစ်လာနိုင်မည်ဖြစ်လာခြင်းတို့ကြောင့် ရှေ့တွင်တင်ပြလာသည့် လိုအပ်သော ရန်ကုန်အတွင်း ရထားလမ်းများ၊ အဆောက်အဦများ၊ ဝန်ထမ်းအဆောက်အဦများနှင့် အခြားဆက်စပ်အဆောက်အဦ များကို မူလရည်ရွယ်ချက်အတိုင်း တည်ဆောက်ဖြည့်ဆည်းခြင်းစသည့် စီမံကိန်းလုပ်ငန်းအကောင် အထည်ဖော်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် လျာထားပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မင်းတပ်မြို့နယ်၊ မကွီးအိမ်နူးမြို့ပတ်ဝန်းကျင်ကျေးရွာများ၊ လုံပုံပတ်ဝန်းကျင်ကျေးရွာများ၊ ကာအိမ် ပတ်ဝန်းကျင်ကျေးရွာများ၊ ဘော(၁)ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများ (Data)အသုံးပြုနိုင်သော ဆက်သွယ်ရေးလိုင်းများ အသုံးပြုနိုင်ရေးအတွက် ဆက်သွယ်ရေးတာဝါတိုင်စခန်းများ တည်ဆောက် ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်က ဦးနေလင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းတပ်မြို့နယ်အတွင်းမှာရှိတဲ့ မကွီးအိမ်နူးမြို့ပတ်ဝန်းကျင်ကျေးရွာများ၊ ကျုံနုံကြုံနုံလုံပုံပတ်ဝန်းကျင် ကျေးရွာများ၊ အောက်ချိုင်၊ ခင်ဖောင်၊ ရိုးဖောင်၊ ချွင်ထီ၊ ကာအိမ်ပတ်ဝန်းကျင်ကျေးရွာများ၊ အောက်လောင်းပန်း၊ ဝီလူး၊ ဘော(၁)ပတ်ဝန်းကျင်ကျေးရွာများ၊ အုန်းချိုင်၊ ခူလူး၊ မလှိုင်၊ ကြာလေလိုင်း ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများ Data အသုံးပြုနိုင်သော ဆက်သွယ်ရေးလိုင်းများ အသုံးပြု နိုင်ရေးအတွက် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးရန်နှင့် လိုအပ်ပါက USF ရန်ပုံငွေမှ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံမှာဆိုရင် ဖွံ့ဖြိုးမှု အနိမ့်ကျဆုံးပြည်နယ်တစ်ခုဖြစ်တယ်ဆိုတာ အားလုံးသိရှိပြီးဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်း လည်း နည်းပါး၊ လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းမွန်မှုမရှိသေး၊ ဒီကြားထဲ Data အသုံးပြုနိုင်

တဲ့ ဆက်သွယ်ရေးလိုင်းကလည်း မြန်မာနိုင်ငံမှာဆိုရင် ၅၃ ရာခိုင်နှုန်းနဲ့ အနိမ့်ကျဆုံးသောပြည်နယ်တစ်ခု ဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့ကမ္ဘာကြီးကို ရွာကြီးတစ်ရွာလို့ တင်ဒါစားခေါ်ဝေါ်နေတဲ့အချိန်မှာ ကျွန်တော်တို့ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှာရှိတဲ့ အချို့ကျေးရွာများကတော့ ဒီကမ္ဘာ့ရွာကြီးထဲမှာ မရှိဘဲနဲ့ ကမ္ဘာ့ရွာအပြင်ဘက်မှာကျန်နေခဲ့တယ်လို့ ထင်မြင်ယူဆကြပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်တို့အနေနဲ့ ဒါလေးကို ပွင့်လင်းမြင်သာစွာ၊ ရှင်းလင်းစွာသိရှိနိုင်ရန်အတွက် Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ Power Point မှာပြထားတဲ့ အပြာရောင်လေးနဲ့ဝိုင်းထားတာကတော့ မကွီအိမ်နူးမြို့နေရာဖြစ်ပါတယ်။ ဒီမကွီအိမ်နူးမြို့ဟာ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝလေးမြို့နယ်ရဲ့အဆုံမှာရှိပြီးတော့ ဒီနေရာမှာ တာဝါတိုင်များ တည်ဆောက်လိုက်မယ်ဆိုရင်လည်း မကွီအိမ်နူးမြို့လေးတင်မဟုတ်ဘဲနဲ့ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမှ အစွန်အဖျားမှာရှိတဲ့ကျေးရွာများပါ အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွံနံကြံနံလုံပုံ ဒီနေရာမှာလေးမှာ တာဝါတိုင်တည်ဆောက်ပေးလိုက်မယ်ဆိုရင် ဒီကျေးရွာများအပြင် မတူပီမြို့နယ်ရဲ့အစွန်အဖျားကျေးရွာများပါ အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ အောက်ချိုင်၊ ရိုးဖောင်၊ ခင်ဖောင်၊ ချွင်ထီ၊ ကာအိမ်ဒီနေရာမှာ တာဝါတိုင်များ တည်ဆောက်ပေးလိုက်မယ်ဆိုရင် ဒီကျေးရွာများတွင်မကဘဲနဲ့ ဒီကျေးရွာများနှင့်ထိစပ်နေတဲ့ မတူပီမြို့နယ်မှာရှိတဲ့၊ အစွန်အဖျားမှာရှိတဲ့ကျေးရွာများပါ အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒါလေးကတော့ အောက်လောင်းပန်း၊ ဝီလူး၊ လုံပုံ တာဝါတိုင်လေးတည်ဆောက်ပေးလိုက်မယ်ဆိုရင်တော့ ဒီကျေးရွာများအပြင် အခြားသော ဒီကျေးရွာများနှင့်ထိစပ်နေတဲ့ မတူပီမြို့နယ်၊ ထီလင်းမြို့နယ်မှာရှိတဲ့၊ အစွန်အဖျားမှာရှိတဲ့ကျေးရွာများပါ အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်ခင်ဗျား။ အုန်းချိုင်၊ ခူလူး၊ ဒီနားမှာရှိတဲ့ကြာလေလိုင်း စတဲ့ဒီကျေးရွာများမှာ တာဝါတိုင်များတည်ဆောက်ပေးလိုက်မယ်ဆိုရင်တော့ ဒီကျေးရွာများအပြင် ၎င်းတို့နှင့်ထိစပ်နေတဲ့ ကန်ပက်လက်မြို့နယ်မှာရှိတဲ့ ပြည်သူများပါ အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တင်ပြသွားတဲ့၊ ကျွန်တော်တောင်းခံထားတဲ့ တာဝါတိုင်များကို ခြုံငုံပြခြင်းဖြစ်ပါတယ်။ ဒါတွေကို တည်ဆောက်ပေးလိုက်မယ်ဆိုရင် မင်းတပ်မြို့နယ်တစ်မြို့နယ်တည်းမဟုတ်ဘဲနဲ့ ကျွန်တော်တို့ရဲ့ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝ၊ ထီးလင်းစတဲ့ အစွန်အဖျားမှာရှိတဲ့ကျေးရွာများမှာ အကျိုးဖြစ်ထွန်းနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ချင်းပြည်နယ်ဟာဆိုရင် တောင်ကုန်း၊ တောင်တန်းထူထပ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့လည်း တာဝါတိုင်များ တည်ဆောက်ပေးဖို့ရာ လွန်စွာမှအခက်အခဲတွေရှိတာကိုလည်း နားလည်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဆက်သွယ်ရေးကုမ္ပဏီများကလည်း ဒီလိုဖွံ့ဖြိုးမှုနည်းပါးတဲ့၊ တောင်ကုန်း၊ တောင်တန်းထူထပ်တဲ့နေရာတွေမှာဆိုရင် တာဝါတိုင်များတည်ဆောက်တဲ့နေရာမှာ ပထဝီလွှမ်းခြုံမှုကို ဦးစားမပေးဘဲနဲ့ လူဦးရေလွှမ်းခြုံမှုအပေါ်မှာ မူတည်ပြီးတော့ တည်ဆောက်တဲ့အတွက် မြို့ကြီးပြကြီးနေရာတွေမှာပဲ တည်ဆောက်ပေးတာကို တွေ့ရှိရပါတယ်။ ဒါတွေကို ကျော်လွှားနိုင်ဖို့ဆိုရင် နိုင်ငံတော်အစိုးရအနေနဲ့ ဆက်သွယ်ရေးကုမ္ပဏီကြီးများကနေ ထည့်ဝင်ထားတဲ့ Universal Service Funds ဆိုတဲ့ USF Fund ကနေပြီးတော့ ဒီလိုဖွံ့ဖြိုးမှုနည်းပါးတဲ့ ဒေသတွေကို အကောင်အထည်ဆောင်ရွက်ပေးဖို့ Fund တစ်ခုတည်ဆောက်ထားတာရှိပါတယ်။ ဒီ USF

Fund ထဲကနေ ဒီလို ကျွန်တော်တို့ရဲ့ကျေးရွာတွေကို၊ ဖွံ့ဖြိုးမှုနည်းပါးတဲ့တိုင်းရင်းသားတွေရဲ့ကျေးရွာတွေကို လုပ်ကိုင်ဆောင်ရွက်ပေးလိုက်မယ်ဆိုရင် အလွန်မှ သင့်တော်တဲ့အရာတစ်ခု ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးမှုနည်းပါးတဲ့ တိုင်းရင်းသားဒေသတွေရဲ့ တိုင်းရင်းသားတွေရဲ့ဘဝကိုမြှင့်တင်နိုင်ရန်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်ရဲ့တာဝန်များကို ထမ်းဆောင်ရင်းနဲ့ကျွန်တော်တို့ရဲ့နိုင်ငံ့ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နိုင်အောင်လည်းကောင်း၊ တိုင်းရင်းသားများဟာ အကြောင်းကြောင်းသော၊ အမျိုးမျိုးသော အကြောင်းကြောင်းကြောင့် ကမ္ဘာအရပ်ရပ်မှာရှိနေတဲ့ နိုင်ငံတကာမှာ ကျွန်တော်တို့ရဲ့ ချင်းတိုင်းရင်းသားတွေရှိကြပါတယ်။ ၎င်းချင်းတိုင်းရင်းသားတွေက မိမိဆွေမျိုးသားချင်းများနဲ့ ထိတွေ့နိုင်ရန်အတွက် ဒီ Data အသုံးပြုနိုင်တဲ့ တာဝါတိုင်များလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုတာဝါတိုင်တည်ဆောက်ပေးလိုက်မယ်ဆိုရင်ဖြင့် အချင်းချင်းပျော်ရွှင်ဝမ်းမြောက်မှုဖြစ်သည့်အတွက် ဝမ်းသာပီတိ ဝွမ်းစည်ထိတဲ့အခြေအနေမျိုး ဖြစ်ပါသောကြောင့် အထက်ပါမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မဲဆန္ဒရှင်ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အာလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၏ မင်းတပ်မြို့နယ်ရှိ မကွီးအိမ်နူးမြို့ပတ်ဝန်းကျင်ကျေးရွာများ၊ ကျွံနံကြံနံလုံပုံပတ်ဝန်းကျင်ကျေးရွာများ၊ အောက်ချိုင်၊ ခင်ဖောင်၊ ရိုးဖောင်၊ ချွင်ထီ၊ ကာအိမ်ပတ်ဝန်းကျင်ကျေးရွာများ၊ အောက်လောင်းပန်း၊ ဝီလူး၊ ပရိုရွှင်း၊ ဘော(၁)ပတ်ဝန်းကျင်ကျေးရွာများ၊ အုန်းချိုင်၊ ခူလူး၊ မလှိုင်၊ ကြာလေလိုင်းပတ်ဝန်းကျင်ကျေးရွာများမှာရှိပြည်သူများ Data အသုံးပြုနိုင်သော ဆက်သွယ်ရေးလမ်းများ အသုံးပြုနိုင်ရေးအတွက် ဆက်သွယ်ရေးတာဝါတိုင်စခန်းများကို တည်ဆောက်ပေးရန်နှင့် လိုအပ်ပါက USF ရန်ပုံငွေမှ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ဦးသာဦးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်အတွင်းရှိ မင်းတပ်အိတ်ချိန်းဝင်းအတွင်းမှာ CDMA 450 MHz စခန်းတစ်ခုနှင့် GSM စခန်း တစ်ခု၊ မင်းတပ်မြို့မဘုန်းကြီးကျောင်းဝင်းအတွင်းမှာ GSM စခန်းတစ်ခု၊ ဘုရင့်နောင်လမ်းအနောက် ရပ်ကွက်မှာ GSM စခန်းတစ်ခု၊ ခ္ခီထိမြင်းချီတောင်တွင် GSM စခန်းတစ်ခု၊ မင်းတပ်-မတူပီလမ်းမကြီး ဘေး မင်းတပ်မှ ၁၆ မိုင်အကွာရှိ မကွီရွာအနီးမှာ GSM စခန်းတစ်ခု၊ မင်းတပ်-မတူပီလမ်းမကြီးဘေး မင်းတပ်မှ ၃၉ မိုင်ခန့်အကွာမှာရှိတဲ့ မကြိုင်ရွာအနီးတွင် GSM စခန်းတစ်ခု၊ မင်းတပ်-မတူပီလမ်းမကြီး ဘေး မင်းတပ်မှ ၇၄ မိုင်ခန့်အကွာရှိ လေရှီးရွာလေးတွင် GSM စခန်းတစ်ခု

စုစုပေါင်း CDMA 450 MHz စခန်းတစ်ခုနှင့် GSM စခန်း ခုနစ်ခုတို့ကို ဖွင့်လှစ်ထားရှိပြီး မိုဘိုင်း ဆက်သွယ်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Telenor Myanmar Limited အနေဖြင့်လည်းပဲ ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းရှိ စံပြုရပ်ကွက်မှာ GSM စခန်းတစ်ခု၊ အရှေ့ပြင်ရပ်ကွက်မှာ GSM စခန်းတစ်ခု၊ အနောက်ရပ်ကွက်မှာ GSM စခန်းတစ်ခု၊ ဘုရင့်နောင် လမ်းအနောက်ရပ်ကွက်မှာ GSM စခန်းတစ်ခု၊ သရက်ကုန်းကျေးရွာမှာ GSM စခန်းတစ်ခု၊ ဘုရား စခန်းကျေးရွာမှာ GSM စခန်းတစ်ခု၊ ကြာအိမ်နူးကျေးရွာတွင် GSM စခန်းတစ်ခုနှင့် လေလောင်း ကျေးရွာမှာ GSM စခန်းတစ်ခု စုစုပေါင်း GSM စခန်းရှစ်ခုကို ဖွင့်လှစ်ထားရှိပြီး ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပေးလျက်ရှိပါတယ်။ Ooredoo Myanmar Limited အနေဖြင့်လည်း ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းရှိ စံပြုရပ်ကွက်တွင် GSM စခန်းတစ်ခုနှင့် ဘုရင့်နောင်လမ်း အနောက် ရပ်ကွက်တွင် GSM စခန်းတစ်ခု စုစုပေါင်း GSM စခန်းနှစ်ခုကိုဖွင့်လှစ်ထားရှိပြီး မိုဘိုင်းဆက်သွယ် ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Mytel ကုမ္ပဏီအနေနဲ့လည်း ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းရှိ စံပြုရပ်ကွက်တွင် GSM စခန်းတစ်ခု၊ အရှေ့ပြင်ရပ်ကွက်မှာ GSM စခန်းတစ်ခု စုစုပေါင်း GSM စခန်းနှစ်ခုကို ဖွင့်လှစ်ထားရှိပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်အတွင်းမှာ MPT၊ Telenor၊ Ooredoo နှင့် Mytel တို့က ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိတဲ့ စုစုပေါင်းမိုဘိုင်းစခန်း ၂၀ နှင့် ဆက်သွယ်ရေးစခန်းများတည်ဆောက်ပေးရန် လွှတ်တော် ကိုယ်စားလှယ်ကြီး တောင်းဆိုထားတဲ့ကျေးရွာများရဲ့တည်နေရာပြပုံ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းဆိုထားတဲ့ အဆိုပါကျေးရွာများမှာ ဆက်သွယ်ရေး ကွန်ရက်များ တည်ဆောက်ပေးရာမှာ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်မြင့်မားခြင်း၊ လူဦးရေနည်းပါးခြင်း၊ ပြန်လည်ရရှိမည့် ဝင်ငွေနည်းပါးခြင်းစသည်တို့ကြောင့် ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် လောလောဆယ်တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးကြောင်း သိရပါတယ်။ သို့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဆက်သွယ် ရေးအော်ပရေတာများထံမှ အချိုးကျထည့်ဝင်သည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်း ဆိုင်ရာရန်ပုံငွေ(Universal Service Funds-USF)စည်းမျဉ်းများနှင့်အညီ ပထမအဆင့် မိုဘိုင်း ဆက်သွယ်ရေးစခန်းများ တည်ဆောက်ပေးမည့် ဘူတာပင်မြို့နယ်၊ စက်ကွင်မြို့နယ်တွင် ဆက်သွယ်မှု ကွန်ရက်လွှမ်းခြုံနိုင်မှုမရှိသေးသည့် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်လည်း ပါဝင်ပါတယ်။ မိုဘိုင်း ဆက်သွယ်ရေးစခန်းများ တည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ပထမသုံးလပတ်အတွင်း မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများကို တင်ဒါခေါ်ယူပြီးနောက် လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားရန် စီစဉ်လျာထားပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**ငမိုးရိပ်ချောင်းရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအန္တရာယ်နှင့်ရင်ဆိုင်နေရသော သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်(၃၀)ရပ်ကွက်၊ သပြေလမ်းပတ်ဝန်းကျင်အား ကျောက်သားမြေထိန်းနံရံ(Retaining Wall) အမြန်ဆုံးတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သင်္ဃန်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ငမိုးရိပ်ချောင်းရေ တိုက်စားမှုကြောင့် ကမ်းပြိုမှုအန္တရာယ်နှင့် ရင်ဆိုင်နေရတဲ့ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်(၃၀)ရပ်ကွက်၊ သပြေလမ်းပတ်ဝန်းကျင်အား ကျောက်သားမြေထိန်းနံရံ(Retaining Wall)အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးရဲ့ မြောက်ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်များကို ဖြတ်သန်းစီးဆင်းနေတဲ့ ငမိုးရိပ်ချောင်းဟာ သင်္ဃန်းကျွန်း မြို့နယ်မှာ အကွေ့အကောက်များစွာ ဖြစ်ပွားနေပါတယ်။ ဒါ့ကြောင့် တချို့နေရာတွေမှာ ရေတိုက်စားမှု ပြင်းထန်ပြီးတော့ ကမ်းပြိုမှုများဖြစ်ပေါ်နေပါတယ်။ ယခုအခါမှာ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ချောင်း ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအန္တရာယ်အရှိဆုံးနေရာကတော့ ရန်ကုန်သစ်(၃၀)ရပ်ကွက် ဖြစ်ပါ တယ်။ ဒီရပ်ကွက်ဟာ ကွေ့ကောက်စီးဆင်းနေသော ငမိုးရိပ်ချောင်းအစွယ် ပင်နဆူလာတစ်ခု အပေါ်မှာ တည်ရှိပါတယ်။ ငမိုးရိပ်ချောင်းရေဟာ (၃၀)ရပ်ကွက်ရဲ့အရှေ့ဘက် သပြေလမ်းကို ဦးတည် တိုက်စားလျက်ရှိပါတယ်။ လွန်ခဲ့သော ၂၅ နှစ်၊ ၁၉၉၃ ခုနှစ်က သပြေလမ်းနှင့် ငမိုးရိပ်ချောင်းကမ်းစပ် ဟာ ပေ ၁၅၀ ခန့်ကွာဝေးနေရာမှ ယခုအခါမှာ တချို့နေရာတွေမှာ ၁၀ ပေခန့်ပင် ကွာဝေးမှုမရှိတော့ ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ အကွေ့အကောက် များလှတဲ့ ငမိုးရိပ်ချောင်းရဲ့ အစွယ်အစွန်းတစ်ခုဖြစ်ပါတယ်။ ဒါကတော့ သင်္ဃန်းကျွန်းမြို့နယ်မှာ ကမ်းပြိုမှုအန္တရာယ် အရှိဆုံးဖြစ်တဲ့ ရန်ကုန်သစ်(၃၀)ရပ်ကွက်ဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်က ပေ ၁၅၀ လောက် ကမ်းစပ်နဲ့ကွာဝေးသော်လည်း အခုအခါမှာ တချို့နေရာတွေမှာ ၁၀ ပေလောက်တောင် မဝေးတော့ပါဘူး။ အဲဒီတော့ ဒီကဲ့သို့ ကမ်းပြိုတာမြန်ဆန်ရတာက ဒီပုံကတော့ ဒဂုံမြို့သစ် (တောင်ပိုင်း)နဲ့ သင်္ဃန်းကျွန်းမြို့နယ်ကို ဆက်သွယ်ထားတဲ့တံတားဖြစ်ပါတယ်။ ဒီတံတားရဲ့ ရေစီးသန်တဲ့ကင်းလွတ် ရေလမ်းကြောင်းဟာ ဒီရပ်ကွက်ဆီကို ဦးတိုက်လျက်ရှိပါတယ်။ ဒါကြောင်မို့လို့ ဒီရပ်ကွက်ဟာ ကမ်းပြိုရခြင်း မြန်လာရခြင်းဖြစ်ပါတယ်။ ဒီရပ်ကွက်ဟာ ကမ်းပြိုတာစိုးရိမ်ရသလို တစ်ဖက်ကလည်းပဲ ချောင်းရေတက်တိုင်း၊ တက်တိုင်း ရပ်ကွက်ထဲကို ရေဝင်တဲ့ဟာကိုလည်း စိုးရိမ်ရပါတယ်။ ဒါကြောင့် မို့လို့ ရပ်ကွက်ပြည်သူများက စုပေါင်းပြီးတော့ ယာယီရေတားတာမံ ပြုလုပ်နေခြင်းဖြစ်ပါတယ်။ ဒါ ယာယီရေတားတာမံပြုလုပ်နေကြပုံဖြစ်ပါတယ်။ ဘယ်လောက်ပဲ ရေတားတာမံတွေလုပ်ပေမယ့်လည်း တကယ့်တကယ် ချောင်းရေတက်လာတဲ့အခါမှာ ဒီရပ်ကွက်ထဲကို

ရေတွေဝင်လာတဲ့ပုံဖြစ်ပါတယ်ခင်ဗျား။ လမ်းမပေါ်မှာ၊ လမ်းတွေပေါ်မှာ ရေတွေမြုပ်နေတဲ့ပုံဖြစ်ပါတယ်။ ဒီဟာကတော့ ရပ်ကွက်ဘေးမှာ သဘော်ာတွေဆိုက်ကပ်နေတာ ဖြစ်ပါတယ်။ အဲဒီသဘော်ာတွေရဲ့ဆိုက်ကပ်တဲ့နေရာတွေက ထွက်ခွာတဲ့အခါမှာပဲဖြစ်ဖြစ်၊ ကမ်းကပ်တဲ့အခါမှာပဲဖြစ်ဖြစ် သူ့ရဲ့မောင်းအားနဲ့စက်အား ပန်ကာရဲ့ရုန်းအားတွေကြောင့်မို့လို့ ဒီကမ်းပါးပြိုတာလည်း ပိုပြီးတော့မြန်ဆန်လာပါတယ်။ သဘော်ာတွေကပ်နေပုံဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလို့တဲ့ မေးခွန်းကတော့ ငမိုးရိပ်ချောင်းရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ရန်ကုန်သစ်(၃၀)ရပ်ကွက်၊ သပြေလမ်းပတ်ဝန်းကျင်ကို ကျောက်သားမြေထိန်းနံရံ(Retaining Wall)အမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၏ ငမိုးရိပ်ချောင်းရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသောသင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်(၃၀)ရပ်ကွက်၊ သပြေလမ်းပတ်ဝန်းကျင်အား ကျောက်သားမြေထိန်းနံရံ(Retaining Wall)အမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း အပေါ်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ငမိုးရိပ်ချောင်းအတွင်းမှ ကမ်းပြိုကမ်းစားနေရာ ခြောက်နေရာအတွက် စုစုပေါင်းအလျား ၆၁၄၀ ပေ ဆောင်ရွက်သွားရန် ရန်ပုံငွေပါရှိပြီးဖြစ်ပါတယ်။ တောင်ဥက္ကလာပမြို့နယ်၊ ရွှေပြည်စိုးလမ်းနှင့် ဟသ်ာလမ်းကြားကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မည့် တည်နေရာပြပုံဖြစ်ပါတယ်။ ဒီပုံကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ ပင်လုံအိမ်ရာအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မယ့်တည်နေရာပြပုံဖြစ်ပါတယ်။ ဒါကတော့ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏပန်းခြံအနီးကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မယ့် တည်နေရာပြပုံဖြစ်ပါတယ်။ ဆက်လက်ပြီး တင်ပြပါပုံကတော့ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ မယ်လမုဘုရားအနီ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မယ့်နေရာ တည်နေရာပြပုံဖြစ်ပါတယ်။ တင်ပြပါပုံကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက် ကြိုးတံတားအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မယ့် တည်နေရာပြပုံဖြစ်ပါတယ်။ တင်ပြပါပုံကတော့ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၂၂)ရပ်ကွက် ဂက်စ်ပိုက်လိုင်း ကြိုးတံတားအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မယ့် တည်နေရာပြပုံဖြစ်ပါတယ်။ အခု တင်ပြပါပုံကတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ သင်္ဃန်းကျွန်းမြို့နယ်၊

ရန်ကုန်သစ်(၃၀)ရပ်ကွက်၊ သပြေလမ်းတည်နေရာပြပုံဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ အဆိုပါနေရာသည် အမှန်တကယ်ဆောင်ရွက်ပေးရန် လိုအပ်သည့်နေရာဖြစ်သော်လည်းပဲ ယခုဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေပါဝင်ခြင်းမရှိပါသဖြင့် လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက အစီရင်ခံစာတင်ပြဖို့ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးသို့ တင်သွင်းမည့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်အေးမြမြမျိုးမှ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုပြီး တင်ပြခွင့်ပြုပါရှင်။ ကျွန်မတို့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ပြည်သူ့လွှတ်တော် ၁၇ ဦးဖြင့် ဖွဲ့စည်းထားပြီးတော့ ကော်မတီဥက္ကဋ္ဌအဖြစ် နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်းမှ တာဝန်ယူလျက်ရှိပါတယ်။ အတွင်းရေးမှူးအဖြစ် ကဝမဲဆန္ဒနယ်မှ ဦးလှသန်းက တာဝန်ယူဆောင်ရွက်လျက်ရှိပြီးတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမှ လေ့လာသူအဖြစ် လာရောက်တက်ရောက်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ရည်ရွယ်ချက် ၇ ရပ်ဖြင့် ဖွဲ့စည်းထားပါတယ်။ ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ ကော်မတီသို့ တိုင်ကြားစာစုစုပေါင်း ၆၇၀ ရောက်ရှိခဲ့ပါတယ်။

အဆိုပါတိုင်ကြားစာများအနက်မှ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ ၉ စောင်၊ ပြည်ထောင်စုတရားလွှတ်တော်ရုံးသို့ ၆ စောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၁ စောင်၊ ပြည်ထောင်စု ဝန်ကြီးဌာနများသို့ ၃၈ စောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့သို့ ၂၇ စောင်၊ တိုင်းဒေသကြီး လွှတ်တော် ၁ စောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၆ စောင်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ ၁ စောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ၃

စောင်၊ တိုင်းဒေသကြီးတရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သို့ ၁ စောင် စုစုပေါင်း ၉၃ စောင် ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ၁၆၉ စောင်ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီသို့ လိပ်မူမှားယွင်း၍ ပြည့်စုံမှုမရှိခြင်း၊ လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊ တိုင်ကြားသည့် အချိန်မှာ တရားရုံးကာလ စည်းကမ်းသတ်မှတ်ချက်ထက် ကျော်လွန်နေပြီးဖြစ်ခြင်းနှင့် လိုအပ် သောအထောက်အထားများမပါရှိသည့် တိုင်ကြားစာ ၄၀၈ စောင်ကို မှတ်တမ်းအဖြစ်ထားရှိထားပါ တယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဝန်ကြီးဌာနများသို့ ညှိနှိုင်း အကြောင်းကြားရာတွင် တချို့အဖွဲ့အစည်း ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့ဝင်များက အချိန်နှင့် တစ်ပြေးညီ ပြန်ကြားလာခြင်းရှိသော်လည်း တချို့မှာ အချိန်အတန်ကြာမှပြန်ကြားခြင်း၊ အကြောင်း ပြန်ကြားခြင်းများမရှိခြင်းတို့ရှိနေသဖြင့် အလေးအနက်ထား ပြန်ကြားဆောင်ရွက်သင့်ပါကြောင်း တွေ့ရှိသုံးသပ်ရပါတယ်။

ဤအစီရင်ခံစာသည် ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သောဆောင်ရွက်ချက်များကို တိုင်ကြားသူများ၏ နစ်နာမှု လျော့ပါးစေရေးနှင့် တရားစီရင်ရေးပိုမိုတိကျစေရေးတို့အတွက် ဆောင်ရွက်ရာတွင် ဥပဒေကျွမ်းကျင် သူများနှင့် တွေ့ဆုံအကြံဉာဏ်ရယူပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဤကော်မတီသည် ပြည်သူ့ လွှတ်တော်က ပေးအပ်သည့် တာဝန်နှင့်အညီ ပြည်သူတို့၏တင်ပြတိုင်ကြားချက်များအပေါ် အလေး အနက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိဂုံးချုပ်အနေဖြင့် တရားစီရင်ရေးနှင့် ဥပဒေ ရေးရာကော်မတီ၏ ရည်ရွယ်ချက်အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါတယ် ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်**

**ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏**

**အစီရင်ခံစာ**

**၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(ဂ)နှင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့နှင့်အညီ ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့တွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

**မူကြမ်း**

**ရည်ရွယ်ချက်**

၂။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသည်-

(က) တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ လုပ်ငန်းများမှန်ကန်မှု၊ တရားမျှတမှု ရှိစေရေးအတွက် ကူညီဆောင်ရွက်ရန်။

( ခ ) ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန်။

( ဂ ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့် အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရန်။

(ဃ) နိုင်ငံ့ဝန်ထမ်းများ၏ အခွင့်အရေးများ မှန်ကန်စွာရရှိရေးအတွက် စိစစ်ကူညီ ဆောင်ရွက်ပေးရန်။

( င ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရန်။

( စ ) ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော် အောင်ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရန်။

(ဆ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့်ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရန် ရည်ရွယ်ပါသည်။

**ဖွဲ့စည်းခြင်း**

၃။ အထက်အပိုဒ်(၁)ပါပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဝင်းဝင်း | မင်းဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးကျော်ဌွေး | လေရှီးမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး | ဗိုလ်တထောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဒေါ်ခင်စန္ဒီ | လောင်းလုံးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဦးချင်းဖေလင်း | မံစီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးတင်နု(ခ)ဦးတင်နုအောင် | မာန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဇ ) | ဒေါ်အေးမြမြမျိုး | ကျောက်တန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဈ ) | ဒေါ်စိုးနွယ်အေး | တံတားဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဒေါက်တာဦးအေးကြူ | လပွတ္တာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဋ ) | ဦးလှသန်း | ကဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဌ ) | ဦးအေးမောင် | ဘောလခဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဍ ) | ဦးမောင်သိန်းခိုင် | စစ်တွေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဗိုလ်မှူးကြီးညီညီလွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်တင်လင်း | နတ်မောက်မဲဆန္ဒနယ် | အတွင်းရေးမှူး |

**ပြင်ဆင်ဖွဲ့စည်းခြင်း**

၄။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမိန့်ကြော်ငြာစာ အမှတ် ၁၄/၂၀၁၇ ဖြင့် ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးညီညီလွင်၊ တပ်မတော်သား ကိုယ်စားလှယ်အစား ဗိုလ်မှူးချုပ်ဝင်းမောင်၊ တပ်မတော်သားကိုယ်စားလှယ်ကို အစားထိုး လဲလှယ်ဖွဲ့စည်းခဲ့ပါသည်။

၅။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော် အမိန့်ကြော်ငြာစာ အမှတ်၊ ၁၅/၂၀၁၇ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဒေါက်တာဦးခင်မောင်သင်း (အရာတော်မဲဆန္ဒနယ်)နှင့် ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)တို့ကို ကော်မတီအဖွဲ့ဝင်များ အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

၆။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမိန့်အမှတ် ၁/၂၀၁၇ ဖြင့် အောက်ဖော်ပြပါ တပ်မတော်သားကိုယ်စားလှယ်(၂)ဦးကို လေ့လာသူအဖြစ် ကော်မတီတွင် တာဝန် ပေးအပ်ခဲ့ပါသည် -

(က) ကြည်း ၂၀၁၉၃ ဒုတိယဗိုလ်မှူးကြီး ညီညီလွင်

( ခ ) ကြည်း ၂၆၈၃၉ ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ

၇။ ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၈) ဖြင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ လမ်းမတော်

မဲဆန္ဒနယ်အား ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး ဦးအောင်တင်လင်း၊ နတ်မောက်မဲဆန္ဒနယ်အား တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဖွဲ့ဝင် ဦးလှသန်း၊ ကဝမဲဆန္ဒနယ်အား တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူးအဖြစ်လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ဖွဲ့စည်းခဲ့ပါသည်။

၈။ ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမိန့်အမှတ် (၁ / ၂၀၁၈) ဖြင့် လေ့လာသူ ကြည်း ၂၆၈၃၉ ဒုတိယဗိုလ်မှူးကြီးကျော်သီဟ အစား ကြည်း ၆၇၅၄၀ ဗိုလ်ကြီးဒေါ်ပြည့်ပြည့်သူကို အစားထိုးလဲလှယ်တာဝန်ပေးအပ်ခဲ့ပါသည်။

၉။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၈)ဖြင့် ဦးနေကျော် ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်အား တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် ထပ်မံထည့်သွင်းတာဝန်ပေးအပ်ခဲ့ပါသည်။

၁၀။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသော ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးအောင်တင်လင်း | နတ်မောက်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဝင်းဝင်း | မင်းဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးကျော်ငွေး | လေရှီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး | ဗိုလ်တထောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဒေါ်ခင်စန္ဒီ | လောင်းလုံးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဦးချင်းဖေလင်း | မံစီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးတင်နု(ခ)ဦးတင်နုအောင် | မာန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဇ ) | ဒေါ်အေးမြမြမျိုး | ကျောက်တန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဈ ) | ဒေါ်စိုးနွယ်အေး | တံတားဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ည) | ဒေါက်တာဦးအေးကြူ | လပွတ္တာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဋ ) | ဦးအေးမောင် | ဘောလခဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဌ ) | ဦးမောင်သိန်းခိုင် | စစ်တွေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဍ ) | ဗိုလ်မှူးချုပ်ဝင်းမောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာဦးခင်မောင်သင်း | အရာတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ဏ) | ဦးထွန်းထွန်းဝင်း | ရမည်းသင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးနေကျော် | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးလှသန်း | ကဝမဲဆန္ဒနယ် | အတွင်းရေးမှူး |

**ဆောင်ရွက်ချက်များ**

၁၁။ ကော်မတီ၏ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အစည်းအဝေးကျင်းပခြင်း။** ကော်မတီ၏ ပုံမှန်အစည်းအဝေးကို လွှတ်တော်အစည်းအဝေးကျင်းပသည့်ကာလအတွင်း အပတ်စဉ် ကြာသပတေးနေ့များတွင် ကျင်းပပြုလုပ်ပါသည်။ ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့ထိ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၉) ကြိမ် ပြုလုပ်ခဲ့ပါသည်။ အထူးအစည်းအဝေးများကို လိုအပ်သောအခါများတွင် ကျင်းပပြုလုပ်ပါသည်။

(ခ) **တာဝန်ခွဲဝေဆောင်ရွက်ခြင်း**

(၁) ဤကော်မတီသည် အထက်ရည်ရွယ်ချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိုင်ကြားစာများအား ကော်မတီအဖွဲ့ဝင်များက အသေးစိတ်ဖတ်ရှုလေ့လာပြီး တွေ့ရှိချက်များအပေါ် မှတ်ချက်နှင့်အကြံပြုချက်များ ရေးသားစေခြင်း၊ ကော်မတီအစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ပါသည်။

(၂) တိုင်ကြားစာများကို ကော်မတီဝင်များအား ဖတ်ရှုစေပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကစိစစ်၍ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်ပါသည်။

(၃) ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့ထိ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာစုစုပေါင်းမှာ ( ၆၇၀ ) စောင်ဖြစ်ပါသည်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ (၉)စောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ (၆)စောင်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ (၁) စောင်၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့ (၃၈)စောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့သို့ (၂၇)စောင်၊ တိုင်းဒေသကြီး လွှတ်တော်သို့ (၁)စောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်သို့ (၆)စောင်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ (၁) စောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ (၃)စောင်၊ တိုင်းဒေသကြီး တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သို့ (၁) စောင် စုစုပေါင်း (၉၃) စောင်ပေးပို့ခဲ့ပြီး ကော်မတီသို့ လိပ်မူမှားယွင်း၍

ပြည့်စုံမှုမရှိခြင်း၊ လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊ တိုင်ကြားသည့်အချိန်မှာ တရားရုံးကာလစည်းကမ်း သတ်မှတ်ချက်ထက် ကျော်လွန်နေပြီဖြစ်ခြင်း နှင့် လိုအပ်သောအထောက်အထားများမပါရှိသည့် တိုင်ကြားစာစုစုပေါင်း (၄၀၈)စောင်ကို မှတ်တမ်းအဖြစ်ထားရှိပါသည်။ ကော်မတီတွင် ဆောင်ရွက်ရန် ကျန်ရှိသော တိုင်ကြားစာမှာ (၁၆၉)စောင် ဖြစ်ပါသည်။ အသေးစိတ်ကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

(၄) တိုင်ကြားသူများ၏ နစ်နာမှုများအပေါ် ဥပဒေနှင့်အညီ ကုစားပေးနိုင်ရေး အတွက် တိုင်ကြားသူ/ တိုင်ကြားခံရသူများအား လွှတ်တော်၏ခွင့်ပြုချက်ဖြင့် ကော်မတီရုံးသို့ဖိတ်ခေါ်၍ တွေ့ဆုံမေးမြန်းခြင်း၊ ညှိနှိုင်းခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။

(၅) ဤကော်မတီသည် တိုင်ကြားစာတစ်ခုချင်းအပေါ် အလေးအနက်ထား စဉ်းစားပြီး တိုင်ကြားသူများ၏ နစ်နာမှုနှင့် ဆုံးရှုံးမှုကို ပြန်လည်ကုစားနိုင်ရန် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ပေးပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအခန်း(၂)ပါ တရားစီရင်ရေးဆိုင်ရာ မူများတွင်ပါရှိသော ပုဒ်မ(၃)အရ ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကို ဥပဒေဘောင်အတွင်းက ကျေအေးခြင်းဆိုသည့် ပြဋ္ဌာန်းချက်အရ လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ အခန်း(၄) ပုဒ်မ ၉(ဃ)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက် ခြင်းဆိုသည့် ပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**တွေ့ရှိချက်နှင့် သုံးသပ်ချက်များ**

၁၂။ တွေ့ရှိချက်များနှင့် သုံးသပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်ကြားစာများတွင် တရားစီရင်ရေးအဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်မှု အပေါ် တရားမျှတမှုနှင့် မှန်ကန်မှုရှိအောင် ကော်မတီအနေဖြင့် စိစစ်ဆောင်ရွက်ပေးရန် အဓိက တင်ပြတိုင်ကြားလာသည်ကို တွေ့ရှိရပါသည်။

(ခ) တရားစွဲအဖွဲ့အစည်းများဖြစ်သော ဥပဒေအရာရှိအချို့နှင့် ရဲတပ်ဖွဲ့ဝင်အချို့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မမှန်မကန်ဆောင်ရွက်သည်ဟု ထင်မြင်ယူဆ ချက်များအပေါ် စိစစ်အရေးယူပေးရန် တင်ပြမှုများကိုလည်း တွေ့ရှိရပါသည်။

(ဂ) အချို့သောဝန်ကြီးဌာနများမှ တာဝန်ရှိသူအချို့၏တာဝန်မဲ့၊ ဥပဒေမဲ့ဆောင်ရွက် ချက်များအပေါ်မကျေနပ်၍ အရေးယူပေးရန် တိုင်ကြားမှုများကိုလည်း တွေ့ရှိရပါ သည်။

**မူကြမ်း**

(ဃ) နိုင်ငံသားအခွင့်အရေးထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှုများရှိသည်ဟု ခံစားရသဖြင့် ပြန်လည်စိစစ်ပေးရန်နှင့် သက်သာခွင့်ရရှိစေရေးအတွက် တင်ပြမှုများကိုလည်း တွေ့ရှိရပါသည်။

(င) ကော်မတီသည် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေး၊ တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်းခံစားနိုင်ရေးအတွက် အချိန်နှင့် တပြေးညီ တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်နေသော်လည်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှတဆင့် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဝန်ကြီးဌာနများသို့ ညှိနှိုင်းအကြောင်းကြား ဆောင်ရွက်ရာတွင် အချို့အဖွဲ့အစည်းဝန်ကြီးဌာန၊ အစိုးရအဖွဲ့များက အချိန်နှင့် တပြေးညီ ပြန်ကြားလာခြင်းရှိသော်လည်း အချို့မှာ အချိန်အတန်ကြာမှ ပြန်ကြား ခြင်း၊ အကြောင်းပြန်ကြားချက်မရှိခြင်းတို့ရှိနေပါသဖြင့် အလေးအနက်ထား ပြန်ကြားဆောင်ရွက်သင့်ပါကြောင်း တွေ့ရှိသုံးသပ်ရပါသည်။

**အခြားတာဝန်များ ထမ်းဆောင်ခြင်း**

၁၃။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရဖြစ်စေ၊ ဗဟို အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက ဆက်သွယ်လာသည့်အခါတွင်ဖြစ်စေ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများပြုလုပ်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း အမေရိကန်နိုင်ငံ အခြေစိုက် Open Society Justice Initiative မှ Mr. James A.Goldston နှင့် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရုံး၌ တွေ့ဆုံခဲ့ပြီး ကော်မတီ၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများနှင့် ဥပဒေရေးရာကိစ္စရပ်များ အကူအညီပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါသည်။

**ကော်မတီဝင်များ ပြည်ပခရီးသွားရောက်ခြင်း**

၁၄။ အစီရင်ခံသည့်ကာလအတွင်း ကော်မတီဝင်များသည် အောက်ဖော်ပြပါအတိုင်း သွားရောက်ခဲ့ပါသည်-

(က) ကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဝင်းသည် JICA မှ ဦးဆောင်၍ ၂၈-၁၀-၂၀၁၇ ရက်နေ့ မှ ၁၂-၁၁-၂၀၁၇ ရက်နေ့ထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပပြုလုပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာဥပဒေနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

(ခ) ကော်မတီအဖွဲ့ဝင် ဦးတင်နု(ခ) ဦးတင်နုအောင်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ခေါင်းဆောင်သော အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ၄-၁၁-၂၀၁၇ ရက်နေ့ မှ ၉-၁၁-၂၀၁၇ ရက်နေ့ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။

**မူကြမ်း**

(ဂ) ကော်မတီအဖွဲ့ဝင် ဒေါ်ခင်စန္ဒီသည် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ၁၄- ၉-၂၀၁၇ ရက်နေ့မှ ၂၀-၉-၂၀၁၇ ရက်နေ့ထိ ကျင်းပပြုလုပ်သော (၃၈) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံသို့ တက်ရောက်ခဲ့ပြီး Resolution on Promoting the Health of Women Migrant Workers ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေး ခဲ့ပါသည်။

**နိဂုံး**

၁၅။ ဤအစီရင်ခံစာသည် ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်များကို တိုင်ကြားသူများ၏ နစ်နာမှု လျော့ပါးစေရေးနှင့် တရားစီရင်ရေး ပိုမိုစနစ်တကျရှိစေရေးတို့အတွက် ဆောင်ရွက်ရာတွင် ဥပဒေကျွမ်းကျင်သူများနှင့် တွေ့ဆုံအကြံဉာဏ်ရယူပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်က ပေးအပ်သည့်တာဝန်နှင့်အညီ ပြည်သူတို့၏ တင်ပြတိုင်ကြားချက်များ အပေါ် အလေးအနက်ထား၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၇-၁၂-၂၀၁၈ ရက်(တနင်္လာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်(အတွင်းရေးမှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အတွင်းရေးမှူးဖြစ်သူ အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့် ဖြစ်ပါတယ်။ ကော်မတီရဲ့ ၂၅-၂-၂၀၁၇ ရက်နေ့မှ ၂၄-၂-၂၀၁၈ ရက်နေ့ထိ

လုပ်ငန်းရဲ့အစီရင်ခံစာကို ကော်မတီရဲ့တာဝန်ပေးချက်အရ ဖတ်ကြားတင်သွင်းပါမယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာကို ကိုယ်စားလှယ်များ ထံဖြန့်ဝေထားပြီးဖြစ်သဖြင့် လိုရင်းအချက်များသာ ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

ကော်မတီ၏ရည်ရွယ်ချက်အနေနဲ့ ကော်မတီဝင်များသည် ပြည်သူများကိုအကျိုးပြုမည့် မေးခွန်းနှင့်အဆိုများ မေးမြန်းဆောင်ရွက်ပေးခြင်း၊ ဥပဒေကြမ်းများ တင်သွင်းခြင်းများဆောင်ရွက် သွားရန် မိမိတာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာနများ၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးကိစ္စ ရပ်များအား စိစစ်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်သူပညာရှင်များ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့်တိုင်ပင်ဆွေးနွေး၍ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ကော်မတီ၏လုပ်ငန်းများ ပိုမို တိုးတက်ကောင်းမွန်စေရေးအတွက်လည်းကောင်း ဆောင်ရွက်သွားရန်ရည်ရွယ်ပါတယ်။ ပြည်သူ့ လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လက်ရှိဖွဲ့စည်းထားမှုအခြေအနေကို အစီရင်ခံစာမှာဖော်ပြထားပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ပြည်သူ့လွှတ်တော်၏ ၂၀-၂-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၈ ဖြင့် ကော်မတီသက်တမ်းကို တစ်နှစ်ထပ်မံတိုးခဲ့ပါတယ်။

ကော်မတီရဲ့ဆောင်ရွက်ချက်များအနေနဲ့ ကော်မတီဟာ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်း ထားသော ရငွေသုံးငွေစိစစ်ရေးပူးပေါင်းအဖွဲ့(၁၃)အနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လအမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေကိစ္စရပ်များကို အစီရင်ခံစာပါကော်မတီဝင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကော်မတီရဲ့တာဝန်ပေးချက်အရ ကော်မတီအဖွဲ့ဝင်များဖြစ်သော ဒေါက်တာဇော်ဝင်းမြင့်၊ ဦးလှထွန်းအောင်နှင့် ဦးအောင်စိုးမင်းတို့သည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်အတူ ၂၉-၄-၂၀၁၇ ရက်နေ့မှ ၃၀-၄-၂၀၁၇ ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်း မြို့နယ်၊ တီကျစ်ကျောက်မီးသွေးစက်ရုံသို့သွားရောက်ခဲ့ပြီး ၎င်းစက်ရုံ၏အစည်းအဝေးခန်းမတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပအိုဝ့်(ဝ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ တီကျစ်ကျောက်မီးသွေးသုံးလျှပ်စစ် ဓာတ်အားပေးစက်ရုံ ပြန်လည်လည်ပတ်နိုင်စေရေးဆွေးနွေးခဲ့ရာ တစ်နှစ်စမ်းသပ်လည်ပတ်ခွင့်ရရှိ ခဲ့ပြီး စက်ရုံနှင့်ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိ စောင့်ကြည့်လေ့လာကြရန် သဘောတူညီချက်ရရှိခဲ့ကြပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အဖွဲ့ဝင်များအနေနှင့် တင်သွင်းမေးမြန်း ခဲ့သော အဆိုနှင့်မေးခွန်းများမှာ အစီရင်ခံစာတွင် ဇယားနှင့်ဖော်ပြထားပါတယ်။ ကော်မတီအနေနဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရေးရာဆောင်အမှတ် အိုင်(၈)တွင် ကော်မတီအဖွဲ့ဝင်များနှင့်

(၁၁)ကြိမ်၊ ဝန်ကြီးဌာနများနှင့်(၂)ကြိမ်ပြုလုပ်ခဲ့ရာ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကိစ္စရပ်များ၊ တည်ဆဲဥပဒေနှင့်နည်းဥပဒေများ သတ်မှတ်ရေးဆွဲနိုင်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် ကော်မတီဝင်များအနေဖြင့် အစီရင်ခံစာမှာဖော်ပြထားသည့်အတိုင်း ပြည်တွင်းအဖွဲ့အစည်းများနှင့်(၁၁)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့်(၁၇)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ထိုသို့ဆွေးနွေးခဲ့မှုများ၌ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်စွာ ထုတ်လုပ်နိုင်ရေး၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မည့်နည်းလမ်းများအပြင် စွမ်းအင်ကဏ္ဍအဆင့်မြှင့်တင်ရေး၊ ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိနိုင်ရန် အဓိကထားအကူအညီပေးရေးများနှင့် လျှပ်စစ်မီးရရှိခြင်း၏ ဆင့်ပွားအကျိုးကျေးဇူးများနှင့် ဝန်ကြီးဌာနမှခေါ်ယူမည့်တင်ဒါများအား တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ ပွင့်လင်းမြင်သာစွာ တာဝန်ယူ၊ တာဝန်ခံမှုရှိစေရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

ကော်မတီသို့ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပေးပို့တင်ပြလာသော တိုင်ကြားစာပေါင်း (၃၂)စောင် ရှိပါတယ်။ အဆိုပါ တိုင်ကြားစာများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ တိုင်ကြားစာ(၁၁)စောင် ပေးပို့ဆောင်ရွက်ထားပြီး ဝန်ကြီးဌာနမှပြန်လည်ရှင်းလင်းဖြေကြားချက်များလည်း ရရှိပြီးဖြစ်ပါတယ်။ ကော်မတီအနေနဲ့ ဆောင်ရွက်ရန်မလိုသော တိုင်ကြားစာ(၂၁)စောင်ကို ဖိုင်တွဲ၍သိမ်းဆည်းထားပါသည်။

ပြည်တွင်းလေ့လာရေးခရီးစဉ်များအနေနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်အတူ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်(ကံပေါက်)ဒေသရှိ ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များသို့ ကော်မတီ၏ဥက္ကဋ္ဌ ဦးကြည်မိုးနိုင်နှင့်အဖွဲ့ဝင် ဦးနေမျိုးထက်တို့သည်လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသို့ ဒေါက်တာဇော်ဝင်းမြင့် ခေါင်းဆောင်၍ အဖွဲ့ဝင် ဦးလှထွန်းအောင်၊ ဦးအောင်စိုးမင်း တို့သည်လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားပေးခွဲရုံများသို့ ကော်မတီ၏အတွင်းရေးမှူးဖြစ်သူ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်နှင့် ကော်မတီဝင်ဦးလှထွန်းအောင် တို့သည်လည်းကောင်း အစီရင်ခံစာမှာ ဖော်ပြထားသည့်နေ့ရက်များတွင် သွားရောက်လေ့လာခဲ့ကြပါသည်။

ကော်မတီဝင်များသည် ပြည်ပနိုင်ငံများသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အင်ဒိုနီးရှားနိုင်ငံနှင့် တရုတ်နိုင်ငံရှိ သဘာဝဓာတ်ငွေ့သုံး ဂတ်စ်တာဘိုင်နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများသို့လည်းကောင်း၊ အိန္ဒိယနိုင်ငံသို့ လွှတ်တော်လေ့လာရေးခရီးစဉ်အနေဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံသို့ Robusta Coffee ဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာခရီးစဉ်များသို့လည်းကောင်း ဇယားတွင်ဖော်ပြထားသည့်အတိုင်း သွားရောက်ခဲ့ကြပါသည်။ ကော်မတီကစိစစ်ရန်သတ်မှတ်ပေးထားသည့် ဥပဒေရှစ်ခုမှာ အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်းဖြစ်ပါတယ်။ ရုပ်သိမ်းမယ့်ဥပဒေကတော့ ၁၉၅၇ ခုနှစ်၊ ရေနံဓါတ်သတ္တုပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှုစည်းမျဉ်းကန့်သတ်မှု) အက်ဥပဒေ (ဥပဒေအမှတ် ၅၅/၁၉၅၇) ဖြစ်ပါတယ်။ အသစ်

**မူကြမ်း**

ပြဋ္ဌာန်းမည့်ဥပဒေကတော့ ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေဖြစ်ပါတယ်။

နိဂုံးအနေနှင့် ကော်မတီများသည် လွှတ်တော်အကြီး၏ လုပ်ငန်းတာဝန်များကိုခွဲဝေပြီး လုပ်ဆောင်ရသည့် လွှတ်တော်အသေးစားများ ဖြစ်ပါသည်။ မိမိတို့သည် ဥပဒေပြုသည့် အဖွဲ့အစည်းများ ဖြစ်သည့်အလျောက် အချုပ်အခြာအာဏာခက်မသုံးဖြာထဲမှ ဆင်းသက်လာသည့် ဥပဒေပြုအာဏာကျင့်သုံးသည့် Law Maker များဖြစ်ပါသည်။ သို့ပါ၍ ကော်မတီအား စိစစ်ရန် သတ်မှတ်ထားသော ဥပဒေရှစ်ခုအား လေ့လာစိစစ်သုံးသပ်မှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ အသစ်ရေးဆွဲပြဋ္ဌာန်းသည့် ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေ(မူကြမ်း)ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များနှင့် အသေးစိတ်လေ့လာစိစစ်၍ မကြာမီကာလတွင်ပြဋ္ဌာန်းနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ဌာနမှကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေများကိုလည်း လေ့လာဆန်းစစ်၍ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိ/မရှိ၊ ခေတ်ကာလနှင့်ဆီလျော်မှုရှိ/မရှိ၊ နိုင်ငံသူ/နိုင်ငံသားများအတွက် အကျိုးကျေးဇူးရှိ/မရှိစသည်တို့ကို အစဉ်တစိုက်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်သူ့လွှတ်တော်**

**လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏**

**(၂၅-၂-၂၀၁၇ မှ ၂၄-၂-၂၀၁၈ ထိ)တစ်နှစ်တာ**

**ကာလအတွင်းလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

## နိဒါန်း

၁။ ကော်မတီသည် ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ချက်အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်းများ၊ နှစ်အလိုက် အမျိုးသား စီမံကိန်းနှင့်ရသုံးမှန်းခြေငွေစာရင်းများကိုစိစစ်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ကော်မတီဝင်များသည် ပြည်သူများကို အကျိုးပြုမည့် မေးခွန်းနှင့်အဆိုများ မေးမြန်းဆောင်ရွက်ပေးခြင်း၊ ဥပဒေကြမ်းများတင်သွင်းခြင်းများ ဆောင်ရွက်သွားရန် မိမိတာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာနများ၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးကိစ္စရပ်များအား စိစစ်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူပညာရှင်

များ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် တိုင်ပင်ဆွေးနွေး၍ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ကော်မတီ၏လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်သွားရန်ရည်ရွယ်ပါသည်။

**ကော်မတီဖွဲ့စည်းခြင်း**

၃။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဖွဲ့စည်းထားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | ပါတီ | တာဝန် |
|---|---|---|---|---|
| (၁) | ဦးကြည်မိုးနိုင် | ရေတာရှည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ဥက္ကဋ္ဌ |
| (၂) | ဦးသာအောင် | မြို့သစ် | ॥ | အဖွဲ့ဝင် |
| (၃) | ဦးဌေးဝင်း | တာချီလိတ် | ॥ | အဖွဲ့ဝင် |
| (၄) | ဦးအေးဝင်း | အင်္ဂပူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၅) | ဒေါက်တာဦးဇော်ဝင်းမြင့် | စဥ့်ကူး | ॥ | အဖွဲ့ဝင် |
| (၆) | ဦးမြင့်ဟန်ထွန်း | ဘုတလင် | ॥ | အဖွဲ့ဝင် |
| (၇) | ဦးသန်းထွန်းမြင့် | ကလေးဝ | ॥ | အဖွဲ့ဝင် |
| (၈) | ဦးမြင့်ဦး | မကွေး | ॥ | အဖွဲ့ဝင် |
| (၉) | ဦးလီကျိန်းဖူ(ခ) ဦးမြင့်ဆွေ | ကုန်းကြမ်း | ပြည်ခိုင်ဖြိုး | အဖွဲ့ဝင် |
| (၁၀) | ဦးဉာဏ်ဟိန်း | သံဖြူဇရပ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၁) | ဦးနေမျိုးထက် | ကျောက်တံတား | ॥ | အဖွဲ့ဝင် |
| (၁၂) | ဦးလှထွန်းအောင် | မလှိုင် | ॥ | အဖွဲ့ဝင် |
| (၁၃) | ဦးဇော်မင်း | အုတ်ဖို | ॥ | အဖွဲ့ဝင် |
| (၁၄) | ဗိုလ်မှူးချုပ်သန်းအောင် | တပ်မတော်သားကိုယ်စားလှယ် | | အဖွဲ့ဝင် |
| (၁၅) | ဦးအောင်စိုးမင်း | ရွာငံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၆) | ဦးထွန်းဝင်း | ကျွန်းလှ | ॥ | အဖွဲ့ဝင် |
| (၁၇) | ဦးစိုးမြင့်(ခ) | အမရပူရ | ॥ | အတွင်းရေးမှူး |

**မူကြမ်း**

ဦးအောင်ဇော်မြင့်

၄။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြည်သူ့လွှတ်တော်၏ ၂၀-၂-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၈ ဖြင့် ကော်မတီသက်တမ်းကို တစ်နှစ် ထပ်မံတိုးမြှင့်ခဲ့ပါသည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၅။(က) ကော်မတီသည် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသော ရငွေသုံးငွေများ စိစစ်ရေး ပူးပေါင်းအဖွဲ့(၁၃)အနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေ သုံးငွေကိစ္စရပ်များကို စိစစ်ရပါသည် -

**ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့(၁၃)တွင်ပါဝင်သည့်ကော်မတီဝင်များ**

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးကြည်မိုးနိုင် | ရေတာရှည် | ဒုတိယဥက္ကဋ္ဌ |
| (၂) | ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် | အမရပူရ | အဖွဲ့ဝင် |
| (၃) | ဒေါက်တာဦးဇော်ဝင်းမြင့် | စဉ့်ကူး | အဖွဲ့ဝင် |
| (၄) | ဦးသန်းထွန်းမြင့် | ကလေးဝ | အဖွဲ့ဝင် |
| (၅) | ဦးမြင့်ဦး | မကွေး | အဖွဲ့ဝင် |
| (၆) | ဗိုလ်မှူးချုပ်သန်းအောင် | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၇) | ဦးနေမျိုးထက် | ကျောက်တံတား | တွဲဖက်အတွင်းရေးမှူး |

၅။(ခ) ထို့အပြင် ကော်မတီ၏ တာဝန်ပေးချက်အရ ကော်မတီအဖွဲ့ဝင်များဖြစ်သော ဒေါက်တာဇော်ဝင်းမြင့်၊ ဦးလှထွန်းအောင်နှင့် ဦးအောင်စိုးမင်းတို့သည် လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ (၂၉-၄-၂၀၁၇)ရက်နေ့မှ (၃၀-၄-၂၀၁၇) ရက်နေ့ အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ တီကျစ်ကျောက်မီးသွေးစက်ရုံသို့ သွားရောက်ခဲ့ပြီး ၎င်းစက်ရုံ၏အစည်းအဝေးခန်းမတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပအိုဝ်း(ဝ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည်လည်ပတ်နိုင်စေရေးဆွေးနွေးခဲ့ရာ (၁)နှစ်စမ်းသပ်လည်ပတ် ခွင့်ရရှိခဲ့ပြီး စက်ရုံနှင့်ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိ စောင့်ကြည့် လေ့လာကြရန် သဘောတူညီချက်များရရှိခဲ့သည်။

**မူကြမ်း**

**ပြည်သူ့လွှတ်တော်တွင်တင်သွင်းမေးမြန်းခဲ့သော အဆိုနှင့်မေးခွန်းများ**

၆။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များအနေဖြင့် တင်သွင်း မေးမြန်းခဲ့သော အဆိုနှင့်မေးခွန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းခဲ့သော | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | အဆို | အဆိုဆွေးနွေးခြင်း | မေးခွန်း | | |
| | | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | |
| ၁။ | ဦးကြည်မိုးနိုင် | ရေတာရှည် | - | - | - | ၈ | |
| ၂။ | ဦးသာအောင် | မြို့သစ် | - | - | ၁ | ၅ | |
| ၃။ | ဦးဌေးဝင်း | တာချီလိတ် | - | - | ၁ | ၁ | |
| ၄။ | ဦးအေးဝင်း | အင်္ဂပူ | - | - | ၂ | ၂ | |
| ၅။ | ဦးမြင့်ဟန်ထွန်း | ဘုတလင် | - | - | ၁ | ၉ | |
| ၆။ | ဦးသန်းထွန်းမြင့် | ကလေးဝ | - | ၁ | - | ၃ | |
| ၇။ | ဦးမြင့်ဦး | မကွေး | - | ၂ | - | ၆ | |
| ၈။ | ဦးဉာဏ်ဟိန်း | သံဖြူဇရပ် | - | ၆ | ၅ | ၂ | |
| ၉။ | ဦးနေမျိုးထက် | ကျောက်တံတား | - | ၁ | ၅ | ၉ | |
| ၁၀။ | ဦးလှထွန်းအောင် | မလှိုင် | - | ၂ | - | ၄ | |
| ၁၁။ | ဦးဇော်မင်း | အုတ်ဖို | - | - | - | ၅ | |
| ၁၂။ | ဦးအောင်စိုးမင်း | ရွာငံ | - | - | ၂ | ၇၇ | |
| ၁၃။ | ဦးထွန်းဝင်း | ကျွန်းလှ | - | - | - | ၄ | |
| | | **စုစုပေါင်း** | **-** | **၁၂** | **၁၇** | **၁၃၅** | |

**ကော်မတီအစည်းအဝေးကျင်းပခဲ့မှုများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံခဲ့မှုများ**

၇။ ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ရေးရာဆောင်အမှတ် အိုင်(၈)တွင် ကော်မတီအဖွဲ့ဝင်များနှင့် (၁၁)ကြိမ်၊ ဝန်ကြီးဌာနများနှင့်(၂)ကြိမ်ပြုလုပ်ခဲ့ရာ လျှပ်စစ်နှင့်စွမ်းအင်

ဆိုင်ရာကိစ္စရပ်များ၊ တည်ဆဲဥပဒေနှင့်နည်းဥပဒေများသတ်မှတ်ရေးဆွဲ နိုင်ငံရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

၈။ ထို့အပြင် ကော်မတီဝင်များအနေဖြင့် ပြည်တွင်းအဖွဲ့အစည်းဖြစ်သည့် Asia General Electric Co.,Ltd ၊ Franchises ၊ My Associates ၊ Supreme Trading Co.,Ltd ၊ Zeya & Associates Co.,Ltd ၊ Quasar Resources ၊ Myanmar Oil and Gas Society (MOGSS) ၊ မြန်မာနိုင်ငံလျှပ်စစ်နှင့်အီလက်ထရောနစ်လုပ်ငန်းရှင်များ အသင်း၊ Myanmar Machinery Manufacturing Co.,Ltd နှင့် ခနရာဇာကုမ္ပဏီလီမိတက်၊ Shwe Moe Yan Investment Co,Ltd စသည်တို့ဖြင့် (၁၁)ကြိမ်တွေ့ဆုံခဲ့ပါသည်။

၉။ ပြည်ပအဖွဲ့အစည်းများဖြစ်ကြသော The World Bank ၊ INLE Advisory Group ၊ Sumittomo Corporation ၊ EDF (Electricite De France) ၊ Marubeni Corporation ၊ Heinrich Boll ၊ Chiyoda & Public Works ၊ CE Convalt ၊ GE International Inc ၊ Norway Power Co.,Ltd ၊ Rockefeller Foundation နှင့် FIC Business & Financial ၊ ဥရောပကုန်သည်ကြီးများအသင်း ၊ Huawei Technologies Co.,Ltd ၊ Policy Alternatives Research Institute(PARI) စသည့်အဖွဲ့အစည်းများဖြင့် (၁၇)ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပါ သည်။

၁၀။ ထိုကဲ့သို့တွေ့ဆုံခဲ့မှုများ၌ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မည့်နည်းလမ်းများအပြင် စွမ်းအင်ကဏ္ဍအဆင့်မြှင့်တင်ရေး၊ ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိနိုင်ရန် အဓိကထားအကူအညီပေးရေးများနှင့် လျှပ်စစ်မီးရရှိခြင်း၏ ဆင့်ပွားအကျိုးကျေးဇူးများနှင့် ဝန်ကြီးဌာနမှ ခေါ်ယူမည့်တင်ဒါများအား တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ ပွင့်လင်းမြင်သာစွာ တာဝန်ယူ၊ တာဝန်ခံမှုရှိစေရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

**ကော်မတီသို့တင်ပြလာသည့်တိုင်ကြားစာများအခြေအနေ**

၁၁။ ကော်မတီသို့ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပေးပို့တင်ပြလာသော တိုင်ကြားစာပေါင်း (၃၂)စောင် ရှိပါသည်။ အဆိုပါ တိုင်ကြားစာများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ တိုင်ကြားစာ စောင်ရေ(၁၁)စောင်ကိုပေးပို့ဆောင်ရွက်ထားပြီး ဌာနမှပြန်လည်ရှင်းလင်းဖြေကြားချက်များလည်း ရရှိပြီးဖြစ်ပါသည်။ ကော်မတီအနေဖြင့် ဆောင်ရွက်ရန်မလိုသော တိုင်ကြားစာစောင်ရေ(၂၁)စောင်ကို ဖိုင်တွဲ၍ သိမ်းဆည်းထားပါသည်။

**လေ့လာရေးခရီးစဉ်များသွားရောက်ခဲ့မှုအခြေအနေ**

၁၂။ ပြည်တွင်းလေ့လာရေးခရီးစဉ်အနေဖြင့် -

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်အတူ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်(ကံပေါက်)ဒေသရှိ ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များသို့ သွားရောက်လေ့လာခြင်း**

**မူကြမ်း**

| စဉ် | အမည် | တာဝန် | သွားရောက်ခဲ့သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးကြည်မိုးနိုင် | ဥက္ကဋ္ဌ | ၈-၄-၂၀၁၇ မှ ၉-၄-၂၀၁၇ ထိ |
| ၂။ | ဦးနေမျိုးထက် | အဖွဲ့ဝင် | ။ |

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာခြင်း**

| စဉ် | အမည် | တာဝန် | သွားရောက်ခဲ့သည့်ကာလ |
|---|---|---|---|
| ၁။ | ဒေါက်တာဦးဇော်ဝင်းမြ | အဖွဲ့ခေါင်းဆောင် | ၂၉-၄-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ |
| ၂။ | ဦးလှထွန်းအောင် | အဖွဲ့ဝင် | ။ |
| ၃။ | ဦးအောင်စိုးမင်း | အဖွဲ့ဝင် | ။ |

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားပေးခွဲရုံများသို့ သွားရောက်လေ့လာ ခြင်း**

| စဉ် | အမည် | တာဝန် | သွားရောက်ခဲ့သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြ | အတွင်းရေးမှူး | ၆-၅-၂၀၁၇ မှ ၇-၅-၂၀၁၇ ထိ |
| ၂။ | ဦးလှထွန်းအောင် | အဖွဲ့ဝင် | ။ |

၁၃။ ကော်မတီဝင်များသည် ပြည်ပနိုင်ငံများသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အင်ဒိုနီးရှားနိုင်ငံနှင့် တရုတ်နိုင်ငံရှိ သဘာဝဓာတ်ငွေ့သုံးဂတ်စ်တာဘိုင်နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများသို့လည်းကောင်း၊ အိန္ဒိယနိုင်ငံသို့ လွှတ်တော်လေ့လာရေးခရီးစဉ်အနေဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံသို့ Robusta Coffee ဖွံ့ဖြိုးရေးဆိုင်ရာလေ့လာခရီးစဉ်များ သွားရောက်ခဲ့ကြပါသည် -

| စဉ် | အမည် | တာဝန် | နိုင်ငံ | ကာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | မှ | ထိ | |
| ၁။ | ဦးကြည်မိုးနိုင် | အဖွဲ့ခေါင်းဆောင် | အင်ဒိုနီးရှား | ၆-၈-၂၀၁၇ | ၁၀-၈-၂၀၁၇ | |
| | | | တရုတ် | ၁၆-၉-၂၀၁၇ | ၂၀-၉-၂၀၁၇ | |
| ၂။ | ဦးအေးဝင်း | အဖွဲ့ဝင် | အင်ဒိုနီးရှား | ၆-၈-၂၀၁၇ | ၁၀-၈-၂၀၁၇ | |
| ၃။ | ဦးဇော်မင်း | ။ | အင်ဒိုနီးရှား | ၆-၈-၂၀၁၇ | ၁၀-၈-၂၀၁၇ | |

| | | | | | | |
|---|---|---|---|---|---|---|
| ၄။ | ဦးသာအောင် | ။ | တရုတ် | ၁၆-၉-၂၀၁၇ | ၂၀-၉-၂၀၁၇ | |
| ၅။ | ဦးဉာဏ်ဟိန်း | ။ | ။ | ။ | ။ | |
| ၆။ | ဦးသန်းထွန်းမြင့် | ။ | ။ | ။ | ။ | |
| ၇။ | ဒေါက်တာဇော်ဝင်း | ။ | ။ | ။ | ။ | |
| ၈။ | ဦးဒွေးဝင်း | ။ | အိန္ဒိယ | ၃၀-၇-၂၀၁၇ | ၁၁-၈-၂၀၁၇ | |
| ၉။ | ဦးအောင်စိုးမင်း | ။ | ဗီယက်နမ် | ၃-၁၂-၂၀၁၇ | ၈-၁၂-၂၀၁၇ | |

**သက်ဆိုင်သောဥပဒေများ**

၁၄။ ကော်မတီက စိစစ်ရန်သတ်မှတ်ပေးထားသည့် ဥပဒေ (၈) ခုရှိပါသည် -

(၁) The Oilfields Act (Myanmar Act 1, 1918, Vol.V)

(၂) The Water Power Act (Myanmar Act 11, 1927, Vol.V)

(၃) ၁၉၅၇ ခုနှစ်၊ ရေနံဓါတ်သတ္တုပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှုစည်းမျဉ်းကန့်သတ်မှု)အက်ဥပဒေ ( ဥပဒေအမှတ် ၅၅/၁၉၅၇ )

(၄) အနုမြူစွမ်းအင်ဥပဒေ ( နယကဥပဒေအမှတ် ၈/၁၉၉၈ )

(၅) ရန်ကုန်မြို့တော်လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့ဥပဒေ ( နယကဥပဒေအမှတ် ၆/၂၀၀၅ )

(၆) လျှပ်စစ်ဥပဒေ (ပထစဥပဒေအမှတ် ၄၄/၂၀၁၄)

(၇) ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ(ပထစဥပဒေအမှတ် ၁၅/၂၀၁၇)

(၈) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ(ပထစဥပဒေအမှတ် ၂၀/၂၀၁၇)

**(က) ရုပ်သိမ်းမည့်ဥပဒေ**

(၁) ၁၉၅၇ ခုနှစ် ၊ ရေနံဓါတ်သတ္တုပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှုစည်းမျဉ်းကန့်သတ်မှု) အက်ဥပဒေ (ဥပဒေအမှတ် ၅၅/၁၉၅၇)

**(ခ) အသစ်ပြဋ္ဌာန်းမည့်ဥပဒေ**

(၁) ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေ

**နိဂုံး**

၁၅။ ကော်မတီများသည် လွှတ်တော်အကြီး၏ လုပ်ငန်းတာဝန်များကိုခွဲဝေပြီးလုပ်ဆောင် ရသည့် လွှတ်တော်အသေးစားများဖြစ်ပါသည်။ မိမိတို့သည် ဥပဒေပြုသည့် အဖွဲ့အစည်းများ ဖြစ်သည့်အတွက်

အချုပ်အခြာအာဏာခက်မသုံးဖြာထဲမှ ဆင်းသက်လာသည့် ဥပဒေပြုအာ ဏာအား ကျင့်သုံးသည့် Law Maker များဖြစ်ပါသည်။ သို့ပါ၍ ကော်မတီအား စိစစ်ရန် သတ်မှတ်ထားသော ဥပဒေ(၈)ခုအား လေ့လာစိစစ်သုံးသပ်မှုများကို ဆက်လက်လုပ်ဆောင် သွားမည် ဖြစ်သကဲ့သို့ အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေ(မူကြမ်း)ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များနှင့် အသေးစိတ်လေ့လာစိစစ်၍ မကြာမီကာလတွင်ပြဋ္ဌာန်းနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ဌာနမှကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေများကိုလည်း လေ့လာဆန်းစစ်၍ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိ/မရှိ၊ ခေတ်ကာလနှင့်ဆီလျော်မှုရှိ/မရှိ၊ နိုင်ငံသူ/နိုင်ငံသားများအတွက် အကျိုးကျေးဇူးရှိ/မရှိတို့ကို အစဉ်တစိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## အစီရင်ခံစာအတည်ပြုခြင်း

အထက်ပါအစီရင်ခံစာအား ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့် အတည်ပြုပါကြောင်း အောက်တွင်လက်မှတ်ရေးထိုးပါသည်-

| **စဉ်** | **အမည်** | **မဲဆန္ဒနယ်** | **တာဝန်** | **လက်မှတ်** |
|---|---|---|---|---|
| ၁။ | ဦးကြည်မိုးနိုင် | ရေတာရှည် | ဥက္ကဋ္ဌ | __________ |
| ၂။ | ဦးသာအောင် | မြို့သစ် | အဖွဲ့ဝင် | __________ |
| ၃။ | ဦးဒွေးဝင်း | တာချီလိတ် | အဖွဲ့ဝင် | __________ |
| ၄။ | ဦးအေးဝင်း | အင်္ဂပူ | အဖွဲ့ဝင် | __________ |
| ၅။ | ဒေါက်တာဦးဇော်ဝင်းမြင့် | စဥ့်ကူး | အဖွဲ့ဝင် | __________ |
| ၆။ | ဦးမြင့်ဟန်ထွန်း | ဘုတလင် | အဖွဲ့ဝင် | __________ |
| ၇။ | ဦးသန်းထွန်းမြင့် | ကလေးဝ | အဖွဲ့ဝင် | __________ |
| ၈။ | ဦးမြင့်ဦး | မကွေး | အဖွဲ့ဝင် | __________ |
| ၉။ | ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ | ကုန်းကြမ်း | အဖွဲ့ဝင် | __________ |
| ၁၀။ | ဦးဉာဏ်ဟိန်း | သံဖြူဇရပ် | အဖွဲ့ဝင် | __________ |
| ၁၁။ | ဦးနေမျိုးထက် | ကျောက်တံတား | အဖွဲ့ဝင် | __________ |
| ၁၂။ | ဦးလှထွန်းအောင် | မလှိုင် | အဖွဲ့ဝင် | __________ |
| ၁၃။ | ဦးဇော်မင်း | အုတ်ဖို | အဖွဲ့ဝင် | __________ |
| ၁၄။ | ဗိုလ်မှူးကြီးသန်းအောင် | တပ်မတော်သား | အဖွဲ့ဝင် | **ပြောင်းရွှေ့** |
| ၁၅။ | ဦးအောင်စိုးမင်း | ရွာငံ | အဖွဲ့ဝင် | __________ |

**မူကြမ်း**

| | | | | |
|---|---|---|---|---|
| ၁၆။ | ဦးထွန်းဝင်း | ကျွန်းလှ | အဖွဲ့ဝင် | __________ |
| ၁၇။ | ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် | အမရပူရ | အတွင်းရေးမှူး | __________ |
| ၁၈။ | ဗိုလ်မှူးကြီးမြဦး | တပ်မတော်သား | လေ့လာသူ | **ပြောင်းရွှေ့** |
| ၁၉။ | ဒုတိယဗိုလ်မှူးကြီးမောင်ဘို | တပ်မတော်သား | လေ့လာသူ | **ပြောင်းရွှေ့** |

## ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၇-၁၂-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့(၁၁-၁၂-၂၀၁၈ ရက်နေ့)က တင်သွင်းခဲ့တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ရည်ရွယ်ချက်မှာဖော်ပြထားတဲ့ ကျေးလက်နေပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အပိုင်းမှာဖော်ပြထားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည်လို့ ဆိုထားတဲ့အပေါ်မှာ ကျွန်တော့်အနေနဲ့ ဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ ဒါ့အပြင် ကော်မတီရဲ့

အစည်းအဝေးကျင်းပမှု ပေါင်း ၄၃ ကြိမ်မှာ ဝန်ကြီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်မှု ခုနစ်ကြိမ်တင်ပြထားပြီး ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ ကိုယ်စားလှယ်တွေနဲ့ အစည်းအဝေးများပြုလုပ်ကြောင်းကိုလည်း တင်ပြထားပါတယ်။ အစည်းအဝေးတိုင်းမှာလည်းပဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေနဲ့ မြေယာကိစ္စတွေ စတာတွေဆွေးနွေးကြလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ ဒီထက်မက ကျေးလက်နေပြည်သူတွေရဲ့ အဓိကလိုအပ်ချက်တွေကိုလည်း ထိထိရောက်ရောက်ဆွေးနွေးနိုင်ဖို့အတွက် အကြံပြုဆွေးနွေးလိုတာပဲဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ထဲမှာ ခဏခဏဆွေးနွေးနေကြတဲ့အချက်ကတော့ ကျေးလက်နေပြည်သူတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလိုအပ်ချက်တွေကို အစိုးရအနေနဲ့ ဖြည့်ဆည်းပေးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ နည်းပညာတွေနဲ့ သွင်းအားစုတွေ၊ အထောက်အကူပြုပစ္စည်းတွေကို ပံ့ပိုးပေးနိုင်ရေးတွေပဲဖြစ်ပါတယ်။ ဒ့ါအပြင် စိုက်ပျိုးရေးမှာအဓိကလိုအပ်နေတဲ့ စိုက်ပျိုးရေလုံလောက်မှုကိစ္စရပ်အတွက်လည်း ဆွေးနွေးလျက်ပဲရှိပါတယ်။ ဒီလိုဆွေးနွေးချက်တွေအပေါ်မှာ ဝန်ကြီးဌာနအနေနဲ့ ဘယ်လောက်ထိဆောင်ရွက်နေပြီလဲဆိုတာကို စောင့်ကြည့်ပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ၊ အကြံပေးမှုတွေကို ကော်မတီအနေနဲ့ ထိထိရောက်ရောက်ဆွေးနွေးတင်ပြသင့်ကြောင်း အကြံပြု ဆွေးနွေးပြုလိုတာပဲဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကိုရေးဆွဲပြီး နိုင်ငံတော်ရဲ့ရည်မှန်းချက်လေးချက်၊ စီးပွားရေးမူဝါဒ ၁၂ ချက်ကိုလည်း ချမှတ်ထားပြီးသားဖြစ်ပါတယ်။ ဒီလိုပဲ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့လည်း နိုင်ငံတော်အစိုးရအနေနဲ့ ချမှတ်ထားတဲ့ ရည်မှန်းချက်တွေ၊ မူဝါဒတွေနဲ့အညီ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်မယ့်မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရတာပဲဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့မူဝါဒတွေထဲက မြေယာအသုံးချမှုစီမံခန့်ခွဲမှုဆိုင်ရာမူဝါဒခုနစ်ချက်နှင့်အညီ လုပ်ကွက်ငယ်တောင်သူများရဲ့ လုပ်ပိုင်ခွင့်ရရှိရေး၊ မြေယာသစ်များဖော်ထုတ်ရာမှာ ကူညီဆောင်ရွက်ရေးဆိုတဲ့အချက်တွေပါနေတာ ပါနေသော်လည်းပဲ ကျေးလက်နေတောင်သူတွေအတွက်ကတော့ ပုံစံ(၇)လျှောက်ထားရာမှာလည်း ကြန့်ကြာမှုတွေ၊ မှားယွင်းမှုတွေ၊ အငြင်းပွားမှုတွေ၊ အခက်အခဲတွေကြုံနေရဆဲပဲဖြစ်ပါတယ်။ ဒါတွေကိုလည်း ကော်မတီအနေနဲ့ ထိထိရောက်ရောက်ဆွေးနွေးပေးစေလိုတယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။

နောက်တစ်ခုအနေနဲ့ ရေအရင်းအမြစ်အသုံးချမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒခုနစ်ချက်မှာဆိုရင် စိုက်ပျိုးရေရရှိရေးနှင့်ပတ်သက်လို့ ဝန်ကြီးဌာနအနေနဲ့ အထူးဆောင်ရွက်ဖို့ မူဝါဒများချမှတ်ထားတာကိုလည်း ကျွန်တော်တို့တွေ့ရှိရပါတယ်။ နံပါတ်(၂)အချက်မှာဆိုလို့ရှိရင် ဒေသအလိုက် အကျိုးရှိမယ့် ရေရရှိရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နံပါတ်(၇)မှာဆိုရင် ဒေသရင်းစွဲရေအရင်းအမြစ်များအပေါ်မှာအခြေခံပြီးတော့မှ ကျေးလက်သောက်သုံးရေရရှိရေးဆိုပြီးတော့မှ မူဝါဒချမှတ်ထားတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ရေအရင်းအမြစ်ဆိုင်ရာလုပ်ငန်းစဉ်များမှာလည်း စိုက်ပျိုးရေရရှိရေးနဲ့ပတ်သက်ပြီး ရေဆွဲထားတာတွေချည်းပဲဖြစ်ပါတယ်။ နံပါတ်(၂)မှာဆိုရင်

ကျေးရွာပိုင် ဆည်တွေ၊ ကန်တွေတည်ဆောက်ဖို့/ထိန်းသိမ်းဖို့၊ နံပါတ်(၅)မှာဆိုရင် ဒေသရင်းစွဲ အရင်းအမြစ်များမှ ဒေသလိုအပ်ချက်များအပေါ် မူတည်ပြီးတော့မှ စိုက်ပျိုးရေဖူလုံဖို့၊ သောက်သုံးရေ ဖူလုံမှုတွေ၊ ရေလျှောင်တမံ၊ ဆည်ငယ်၊ ကန်ငယ်များပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်မည်လို့ဆိုထား ပါတယ်။ ဒါပေမဲ့ တကယ့်ဆောင်ရွက်မှုမှာတော့ အတော်လေးအားနည်းနေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရနဲ့ဝန်ကြီးဌာနတွေအနေနဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ ရှေ့လုပ်ငန်းစဉ်တွေကို ရေးဆွဲပြီး ဆောင်ရွက်နေသော်လည်းပဲ ကျေးလက်နေပြည်သူတွေကတော့ ပုံစံ(၇)ရရှိရေးကအစ စိုက်ပျိုးရေအဆုံး လိုအပ်ချက်တွေ၊ အခက်အခဲတွေအများကြီးရှိနေဆဲပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေအနေနဲ့လည်း ပြည်သူတွေနဲ့ တွေ့ဆုံပွဲလုပ်တိုင်းမှာ ပုံစံ(၇)ကိစ္စတွေ၊ စိုက်ပျိုးရေရရှိရေးနှင့်အခြားကိစ္စအရပ်ရပ်တွေဆွေးနွေးတိုင်း အစိုးရအနေနဲ့ မူဝါဒ တွေချပြီး ရှေ့လုပ်ငန်းစဉ်တွေရှာပြီး အကောင်အထည်ဖော်နေပါပြီလို့ ပြောရတာလည်း မစားရဝကမန်း ဖြစ်နေပါတယ်။ စိုက်ပျိုးရေး ရေရရှိရေးနဲ့ပတ်သက်လို့ ပြည်သူ့အသံ လွှတ်တော် အသံဆိုပြီး လွှတ်တော်ကြီးကနေပြီး အားကိုးတကြီးနဲ့မေးလိုက်ရင်လည်းပဲ ဘဏ္ဍာငွေတောင်းခံပြီး ရရှိပါက ဆောင်ရွက်ပေးပါမယ်ဆိုတာတွေ၊ ကုန်ကျမယ့်စရိတ်နဲ့ အကျိုးခံစားခွင့်မမျှလို့ ဆောင်ရွက် မပေးနိုင်ဘူးဆိုတာတွေပဲတွေ့နေရပါတယ်။ ပြည်သူတွေကို ဘယ်လိုပြန်ပြောရမှန်းမသိအောင် ဖြစ်နေ ပါတယ်။ အဲဒီနေရာမှာ တစ်ခုဆွေးနွေးလိုတာက ကုန်ကျစရိတ်နဲ့အကျိုးအမြတ်မမျှဘူးဆိုတဲ့ကိစ္စ အတွက်ပဲဖြစ်ပါတယ်။ ရေရှည်ကိုတွက်ချက်မယ်ဆိုရင် အကျိုးအမြတ်ကပိုမှာဖြစ်ပါတယ်။ ဆည်ငယ်၊ ကန်ငယ်ဆိုတာ တစ်ခါလုပ်ပြီးရင် ရေရှည်အကျိုးခံစားရတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒေသခံ တွေရဲ့ ရေရှည်အကျိုးကို အစဉ်ထာဝရရရှိစေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီအနေနဲ့ ကျေးလက်နေပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင်၊ စိုက်ပျိုးရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက် ဖို့ဆိုရင် ကော်မတီအနေနဲ့ စိုက်ပျိုးရေရရှိရေးအတွက်လည်း အထူးဆွေးနွေးရန် သင့်တော်တယ်ဆိုတဲ့ အကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုလိုတာပဲဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ပြောလိုတာကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရေးဆွဲချမှတ်ထားတဲ့မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ ရှေ့လုပ်ငန်းစဉ်တွေကို ဘယ်လောက်ထိအကောင်အထည်ဖော်နေပြီလဲ။ ကျေးလက် နေပြည်သူတွေရဲ့ဘဝဖွံ့ဖြိုးတိုးတက်မှု ဘယ်လောက်ထိရှိပြီလဲ။ လူမှုဘဝလိုအပ်ချက်တွေ ဘယ်လောက်ထိလျှော့ချနိုင်ပြီလဲဆိုတာတွေကို ကော်မတီအနေနဲ့ စောင့်ကြည့်လေ့လာပြီး လိုအပ်ချက် တွေကို ဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေ၊ အကြံပြုမှုတွေ ပိုပြီးဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးလုံဂျုံဆန်မိုင်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ ဂုဏ်ပြုလေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဆွမ်ပရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလုံဂျုံဆန်မိုင် ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ လုပ်ငန်းအစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အကြံပြုဆွေးနွေးသွားမှာ

ဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာနဲ့ပတ်သက်ပြီး ရေးသားတဲ့ပုံစံ၊ အဓိပ္ပာယ်အနေအထားနဲ့ ပတ်သက်ပြီး ဘာမှပြောစရာမရှိပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကော်မတီနဲ့သက်ဆိုင်တဲ့တာဝန်နဲ့ မြေပြင်မှာဖြစ်နေတဲ့ အခြေအနေတွေကို တင်ပြမှာဖြစ်ပါတယ်။ နားလည်ရလွယ်အောင် ကချင်ပြည်နယ်ကိုအခြေပြု ပြီး တင်ပြပါမယ်။ ကချင်ပြည်နယ်၊ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း တရုတ်ပြည်နယ်စပ်ဘက်မှာ ဧက တချို့လို့ခန့်မှန်းရတဲ့ လယ်ယာမြေတွေ၊ မြေလွတ်၊ မြေရိုင်းတွေဟာ တချို့ငှက်ပျောစိုက်ခင်းတွေ၊ ကြံစိုက်ခင်းတွေ၊ ဖရဲစိုက်ခင်းတွေ၊ ပိလောပီနံစိုက်ခင်းတွေရှိနေပါတယ်။ ပိုင်ရှင်နာမည်ခံထားတာ ကတော့ ဒေသခံကျွန်တော်တို့နိုင်ငံသားတွေဖြစ်ပါတယ်။ အရင်းအနှီးစိုက်ထုတ်သူအလုပ်ရှင်ကတော့ တစ်ဖက်နိုင်ငံကဖြစ်ပါတယ်။ ပြည်တွင်းဥပဒေအရသော်လည်းကောင်း၊ တစ်ဖက်နိုင်ငံက ဥပဒေအရ သော်လည်းကောင်း တရားဝင်လုပ်ထုံးလုပ်နည်းအရပြုလုပ်ခြင်းမဟုတ်ပါ။ အပြန်အလှန်ယုံကြည် နားလည်မှုအရပဲဖြစ်ပါတယ်။ တရားဥပဒေကို အရှောင်အတိမ်းလုပ်နိုင်တဲ့နည်းတွေလည်းရှိနေလို့ ဖြစ်ပါတယ်။ ဧကပေါင်း သောင်းအချို့ရှိတဲ့ ဘိမ်းစိုက်ခင်းတွေလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်ပါတယ်။ နယ်မြေလုံခြုံမှုမရှိလို့ တရားဥပဒေစိုးမိုးမှုမရှိနိုင်တဲ့အကြောင်းကြောင့်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသခံတွေအတွက်တော့ လုပ်ခကောင်းကောင်းရရှိခြင်း၊ မြေငှားထားပြီး အခြား စီးပွားရေးလုပ်ငန်းတွေလုပ်ခြင်းတို့ကြောင့် လောလောဆယ်အကျိုးရှိတာတော့ သေချာပါတယ်။ ဒါပေမဲ့ ရေရှည်အတွက်ကြည့်ရင် တိုင်းပြည်အတွက်ခေါင်းခဲစရာတွေဖြစ်နိုင်တာကိုတွေ့ရပါတယ်။ အချုပ်အခြာအာဏာဆိုတာ နယ်ချဲ့တယ်၊ ကိုလိုနီဖြစ်တယ်ဆိုတာ လက်နက်နဲ့လာသိမ်းမှမဟုတ်ပါဘူး။ ဒီခေတ်မှာစီးပွားရေးအရ ဝါးမြိုတာ၊ လက်ဝယ်ခံလုပ်တာ၊ လက်အောက်ခံလုပ်ထားတာက စီးပွားရေး ကိုလိုနီဖြစ်ပါတယ်။ စစ်မတိုက်ဘဲ နယ်မြေတွေကိုသိမ်းယူခြင်းတမျိုးပဲဖြစ်ပါတယ်။ သကာရည်လူးထား တဲ့ အမြောက်ဆံနဲ့အရည်ပျော်ကုန်တာပဲဖြစ်ပါတယ်။ သကာရည်လူးထားတဲ့အမြောက်ဆံပဲဖြစ်ဖြစ်၊ အမြောက်ဆံအစစ်ပဲဖြစ်ဖြစ် အတူတူပဲဖြစ်ပါတယ်။ အထိခံတော့ နာတာတော့တူတူပါပဲ။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးဌာနအနေနဲ့ သီးစားချထားခြင်းကိစ္စကို သေချာသုံးသပ်ဖို့ အခြေပြုအကြံပြု လိုပါတယ်။ မြေပြင်မှာဖြစ်နေတာက လယ်ယာလက်ငုတ်လယ်သမားတွေဟာ ထွက်ရှိလာတဲ့စပါးနဲ့ ဈေးနှုန်းတွက်ခြေမကိုက်တာကြောင့် လယ်မဲ့ယာမဲ့တွေကို တစ်ဆင့်သီးစားချထားပြီး သီးစားလုပ်သူ ကလည်း ဝမ်းရေးပြဿနာတွေမဖြေရှင်းနိုင်တာကြောင့် မြို့ပြောင်းပြီး၊ အလုပ်ရှာပြီး မြို့ကြီးတွေမှာ ကျူးကျော်ရပ်ကွက်တွေ တိုးလာတာတွေ့ရပါတယ်။ ခေါင်းခဲစရာတွေ ဖြစ်နေတာတွေ့ရပါတယ်။ လူငယ်တွေဟာ ဖြစ်နိုင်တဲ့နည်းလမ်းရှာပြီး တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်ကုန်ကြတာတွေ့ရပါတယ်။ သီးစားချထားခြင်းဟာ အခုအချိန်မှာ တိုင်းပြည်နှင့်အဝန်းကျယ်ပြန့်လာနေတဲ့ကိစ္စဖြစ်ပါတယ်။ ပိုဆိုး တာက တွက်ခြေမကိုက်လို့ သီးစားချ၊ သီးစားတွေလည်း မကိုက်တော့ လယ်တွေကောကုန်တာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမိုကရေစီအစိုးရခေတ်မှာ တိုးတက်လာတာတွေ အများကြီး ရှိတာအမှန်ဖြစ်ပါတယ်။ ဥပမာ- Infrastructure တွေဖြစ်တဲ့ လမ်းတံတားတည်ဆောက်ခြင်း၊ လျှပ်စစ် မီးအဆင်ပြေလာခြင်း၊ ပညာရေး၊ ကျန်းမာရေးဘတ်ဂျက်တိုးလာတာ အထူးသဖြင့် အခွန်စနစ် ကို

စနစ်တကျပုံမှန်ဖြစ်အောင်အကောင်အထည်ဖော်တာတွေဟာ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာနဲ့ လူတို့ရဲ့ ဘဝတွေအဆင်ပြေတိုးတက်လာစပြုတာအမှန်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ လယ်သမားတွေရဲ့ဘဝကတော့ လယ်မဲ့ယာမဲ့ဦးရေပိုမိုတိုးတက်များပြားလာပြီး မြို့ပြကျူးကျော်ရပ်ကွက်တွေတိုးလာပြီး ပြည်ပအလုပ်အကိုင်ထွက်လုပ်သူပိုများလာတွေ့ရပါတယ်။ အကြောင်းကတော့ ကျွန်တော်တို့ဟာ ဥပဒေပြုရာမှာ၊ အုပ်ချုပ်ရာမှာ၊ စီမံကိန်းရေးဆွဲရာမှာ မြန်မြန်စီးပွားရေးဖြစ်၊ မြန်မြန်ငွေဖြစ်ရေးကို အသားပေးလွန်းပြီး အုပ်ချုပ်သူဆန်လွန်းနေတဲ့အနေအထားကနေပြီးတော့ တွေးခေါ်စဉ်းစားဆုံးဖြတ်နေတယ်လို့ ယူဆရပါတယ်။ တိုင်းပြည်ကဆင်းရဲနေတော့ မြန်မြန်ငွေဖြစ်ချင်တာကလည်း သဘာဝပါပဲ။

**ဥက္ကဋ္ဌ**။ ။ ဦးလုံဂျုံဆန်မိုင် ခင်ဗျား။ အစီရင်ခံစာပေါ်မူတည်ပြီး ဆွေးနွေးရမှာဖြစ်ပါတယ်။ အစီရင်ခံစာပေါ်မူတည်ပြီးမှ အကြံပြုရမှာဖြစ်ပါတယ်။ မိမိတို့ဒေသမှာဖြစ်ပျက်နေတဲ့အနေအထား၊ မိမိရဲ့ပြောဆိုလိုတဲ့ဆန္ဒများရှိမယ်ဆိုလို့ရှိရင် အဆိုသီးခြားတင်သွင်းလို့ရပါတယ်။ မေးခွန်းလည်း မေးလို့ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီအစီရင်ခံပေါ်မှာပဲမူတည်ပြီးဆွေးနွေးဖို့ မေတ္တာရပ်ခံပါတယ်။

**ဦးလုံဂျုံဆန်မိုင်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့ အိမ်နီးချင်းတိုင်းပြည်ဖြစ်တဲ့ တရုတ်ပြည်နဲ့ထိုင်းနိုင်ငံတို့ကို ဥပမာပြောရရင် ခေတ်နောက်ကျနေသေးတဲ့ စိုက်ပျိုးရေးကိုပင်မအခြေခံတဲ့ တိုးတက်အောင်အခြေပြုပြီး ယခုအနေအထားထိ စီမံကိန်းတကျလုပ်နိုင်တာကိုတွေ့ရပါတယ်။ အချိန်အကန့်အသတ်ကြောင့် မဖြေရှင်းပြတော့ပါ။ ထို့ကြောင့် ဝန်ကြီးဌာနအနေနဲ့ အစိုးရအနေဖြင့် လယ်သမားတွေရဲ့ဘဝတိုးတက်ရေးကို အခြေခံကျကျပြန်လည်သုံးသပ်ပြီး အဖြေရှာသင့်တယ်လို့ အကြံပြုလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါတော့။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဦးလုံဂျုံဆန်မိုင်ကို ထပ်မံပြီး သတိပေးပါတယ်။ နောင်လွှတ်တော်မှာ လာရောက်ဆွေးနွေးတဲ့အချိန်မှာ လွှတ်တော်ရဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းဆိုတာ ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ အခွင့်အရေးဆုံးရှုံးဖို့ မိမိအနေနဲ့တားမြစ်နေတာ မဟုတ်ပါဘူး။ စည်းကမ်းသေဝတ်မှုအတွက် မိမိအနေနဲ့ ဒါသတိပေးနေခြင်းပဲဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာပေါ်မှာ အပြုသဘောမျိုးနဲ့ ဆွေးနွေးလို့ရပါတယ်။ လွတ်လွတ်လပ်လပ်ဆွေးနွေးလို့ရပါတယ်။ အကြံလည်းပြုလို့ရပါတယ်။ ဒါပေမဲ့ ဦးလုံဂျုံဆန်မိုင်အနေနဲ့တော့ ဖြစ်ပျက်နေတဲ့အခြေအနေတွေ မိမိတင်ပြလိုတဲ့ မိမိရဲ့စိတ်ဆန္ဒကိုပဲ အခြေခံပြီး ဆွေးနွေးနေတဲ့အတွက် မိမိအနေနဲ့တားမြစ်ခဲ့ပါတယ်။ ဒါပေမဲ့လို့ ဒါကတော့ နောင်ကျရင် ဒီလိုပဲဥပဒေချိုးဖောက်ပြီး ဆွေးနွေးမယ်ဆိုလို့ရှိရင်တော့ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီအခွင့်အရေးတွေကို အားလုံးပိတ်ပင်သွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းစိုးအောင်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒီနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်

ပါတယ်။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေနဲ့ ဒီအစီရင်ခံစာကို ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးနှစ်ဦးကို ကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒီထဲမှာ တချို့သောအချက်များဟာ ဒေသဆိုင်ရာမှာ ဖြစ်ပျက်နေတဲ့ အချက်များဖြစ်ပြီးတော့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိမြို့နယ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးမှုများနှင့်ပတ်သက်လို့ အခက်အခဲတွေ၊ အဆင်မပြေတာတွေရှိလို့ရှိရင်လည်းပဲ ကျွန်တော်တို့ကော်မတီကို တိုက်ရိုက်လာပြီးတော့မှ တိုင်ကြားစာတွေ၊ ဆွေးနွေးတာတွေ ပြုလုပ်နိုင်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ နောက် ဦးမြတ်လေးဦး ဆွေးနွေးသွားတဲ့အထဲက တချို့အချက် ကလေးများကို ကျွန်တော် ပြောပြလိုပါတယ်။ ဥပမာအားဖြင့် သွင်းအားစုများနှင့်ကိစ္စ၊ နောက် သောက်သုံးရေကိစ္စ၊ အခုဆိုရင် ချောင်းထဲကရေကို PH7 ရေအဖြစ်ကို ချက်ပြီးတော့မှ ရွာတစ်ရွာအနေ နဲ့ အိမ်ထောင်စုပေါင်း ၁၅၀ လောက်သောက်နိုင်တဲ့ စက်မျိုးလေးတွေ ကျွန်တော်တို့ စမ်းသပ်နေတာတွေ ကျေးလက်ဦးစီးဌာနရဲ့ ပူးပေါင်းစမ်းသပ်နေတာတွေရှိပါတယ်။

အဲဒီတော့ ဒီအစီရင်ခံစာတင်တဲ့ကာလမှာ အဲဒါတွေမရောက်သေးတဲ့အတွက် မပါတာဖြစ်ပါတယ်။ နောင်ကာလအစီရင်ခံစာများမှာ အဲဒီအချက်တွေပါလာမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အနေနဲ့ အချက်ကလေးတစ်ချက်ပဲ ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်မှာ လူအများစုနေထိုင်ရာ နိုင်ငံဖြစ်ပါတယ်။ မြို့နယ်တစ်မြို့နယ်ထဲမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ မြို့နယ်တွေမှာလည်းပဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ များစွာရှိပါတယ်။ ထို့အတူ တပ်မတော်မှာလည်းပဲ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ စိုက်ပျိုးရေး လုပ်ငန်းတွေရှိပြီးတော့မှ တပ်တွင်းသက်သာချောင်ချိရေးတွေ လုပ်နေတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဝင်ရောက်ဆွေးနွေးသူ အခု နှစ်ဦးပဲရှိတာကို အားမလိုအားမရဖြစ်မိပါတယ်။ ဒါထက်ပိုပြီး ဆွေးနွေးမယ်လို့ မျှော်လင့်ထားပေမယ့် ဒီနည်းတာလေးကို ကျွန်တော်တို့ နည်းနည်း နောက်နှစ် နောက်နှစ်တွေမှာ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ၊ ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များကို ဆွေးနွေးနိုင်ကြမယ်လို့ မျှော်လင့်ပေါင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာတင်ဌေးအောင်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ဌေးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်သို့ ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ (၁၁-၁၂-၂၀၁၈ ရက်နေ့)မှာ တင်သွင်းခဲ့တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူလက်ခံ အတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၃ ပုဒ်မခွဲ(င)အရ လေးစားစွာအဆိုပြု တင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို ၄၅ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၄၅ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ (၅-၁၂-၂၀၁၈)ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၇-၁၂-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်နှစ်ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနဲ့ ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်အလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၁၀)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့တဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးနိုင်ရန်ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်း

**မူကြမ်း**

ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ဖြစ်တဲ့ (၅-၁၂-၂၀၁၈)ရက် ဗုဒ္ဓဟူးနေ့မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်လေ့လာတွေ့ရှိချက်နဲ့ အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၇-၁၂-၂၀၁၈ ရက်(သောကြာနေ့) နောက်ဆုံးထားပြီးတော့ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ဦးစစ်အေး(တောင်သာမဲဆန္ဒနယ်)၊ ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)က ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများနှင့် မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စများလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၀-၁၂-၂၀၁၈ ရက်(တနင်္လာနေ့)နဲ့ ၁၃-၁၂-၂၀၁၈ ရက်(ကြာသပတေးနေ့) တို့မှာ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် (၁၀)ချက်ရှိပြီးတော့ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၀)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၁၊ ၂၊ ၃၊ ၄ | ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ {ပုဒ်မ ၂ ပုဒ်မခွဲ(ည)ကိုပယ်ဖျက်ခြင်း}၊ အသစ် ဖြည့်စွက်ချက်အပိုဒ် ၃ |
| (ခ) | ၂ | ၅ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ |
| (ဂ) | ၃ | ၇ | အပိုဒ် ၅ {ပုဒ်မ ၅ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ခြင်း} |
| (ဃ) | ၄ မှ ၇ | ၁၀၊ ၁၁၊ ၁၂၊ ၁၅ | အပိုဒ် ၅ {ပုဒ်မ ၅ ပုဒ်မခွဲ(ဂ)ကို ဖြည့်စွက်ခြင်း}၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂{ပုဒ်မ ၅ ပုဒ်မခွဲ(ဂ)နှင့် (ဃ)တို့ကို ပယ်ဖျက်ခြင်း}၊ အပိုဒ် ၅{ပုဒ်မ ၆ ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၇ {ပုဒ်မ ၁၀ ပုဒ်မခွဲ(ဆ)၏ နောက်တွင် ပုဒ်မခွဲ(ဇ)ဖြည့်စွက်ခြင်း} |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၁၀)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၁၀)ချက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၁၀)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁၀)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသည့် တစ်နေ့တခြား များပြားလာသည့် ယာဉ်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အား အကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှုလျှော့ချနိုင်ရန် နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC) ဖွဲ့စည်းပြီးဆောင်ရွက်နေသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးဆောင်ရွက်မှု ရလဒ်ကောင်းများရရှိမှု အားနည်းသည့်အပေါ် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ လိုအပ်ချက်များဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်း

အဝေး အဌမနေ့(၃၀-၁၁-၂၀၁၈ရက်နေ့)တွင် တင်သွင်းသွားတဲ့ တစ်နေ့တခြား များပြားလာသည့် ယာဉ်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အားအကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှု လျော့ချနိုင်ရန် နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ (NRSC) ဖွဲ့စည်းပြီး ဆောင်ရွက်နေသော်လည်း ပြည်သူများလိုက်နာကျင့်သုံးဆောင်ရွက်မှု ရလဒ်ကောင်းများရရှိမှု အားနည်းသည့်အပေါ် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ လိုအပ်ချက်များ ဖြည့်ဆည်းကာပိုမိုအရှိန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ကိုယ်စားလှယ် ၁၀ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်ဖြစ်ပြီးတော့ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ IRAP ရဲ့လေ့လာဆန်းစစ်ချက်များအရ ယာဉ်တိုက်မှုဖြစ်ရတဲ့အကြောင်းအရင်းများထဲမှာ Road User Error လူကြောင့်ဖြစ်တာအများဆုံးလို့ဆိုတဲ့အတွက် ယာဉ်တိုက်မှုကြောင့် လူသားအရင်းအမြစ်များထိခိုက်သေဆုံးမှု လျော့ချနိုင်ဖို့ဆိုရင် လူတွေကို ပညာပေးဖို့အရေးကြီးဆုံးဖြစ်ကြောင်း သိရှိရပါတယ်။ နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ NRSC ဖွဲ့စည်းဆောင်ရွက်နေခြင်း၊ မြို့နယ်အဆင့်မှာလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေသော်လည်း ရလာဒ်ကောင်းများမရသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ စာသင်ခန်းတစ်ခုနှင့်ခိုင်းနှိုင်းသုံးသပ်ရမယ်ဆိုရင် ပညာပေးတဲ့ဆရာနဲ့သင်ယူသူကျောင်းသားများ ဘက်နှစ်ဘက်မှာ ကျောင်းသားအများစု စာမတတ်ဘူး၊ စည်းကမ်းမလိုက်နာဘူးဆိုရင် သင်ကြားတဲ့ဆရာမှာ အားနည်းချက်ရှိနေပြီးလို့ သုံးသပ်တက်ကြပါတယ်။ ဒီစီမံချက်မှာလည်း ပညာပေးသူက သက်ဆိုင်ရာကော်မတီအဖွဲ့အစည်းဖြစ်ပြီးတော့ လက်ခံသင်ယူရသူတွေက ပြည်သူများပဲဖြစ်ပါတယ်။ ပြည်သူအများစုက မလိုက်နာဘူးဆိုရင် ပညာပေးသူအဖွဲ့အစည်းမှာ ဘာအားနည်းချက်ရှိနေလဲ အမှန်အတိုင်းသုံးသပ်ရပါမယ်။ ဥပဒေဆိုတာငါတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံဖို့ပါလားလို့ မခံစားရဘဲနဲ့ ရှုံရှာကြောက်ရွံ့စရာပဲလို့ ပြည်သူများက သိမြင်ခံစားနေသမျှ ဥပဒေရဲ့ကောင်းမွန်တဲ့အနှစ်သာရဟာ မပေါ်လွင်နိုင်ပါဘူး။ ဒါကြောင့် ဥပဒေကို လက်တွေ့ကိုင်တွယ်အသုံးပြုရတဲ့ အောက်ခြေဌာနတွေရဲ့ လုပ်ဆောင်ချက်ဟာအရေးကြီးလှပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခြေအနေမှန်ကို သုံးသပ်နိုင်ဖို့ ကျွန်မမဲဆန္ဒနယ်မှ ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးလိုပါတယ်။ Power point အသုံးပြုခွင့်ပေးပါရှင့်။ နယ်မြို့လေးဖြစ်တဲ့ စဉ့်ကိုင်မြို့နယ်မှာဆိုရင် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းထားပြီးတော့ မြို့ပေါ်မှာ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တွေမှာ တစ်ပတ်လျှင်သုံးရက် ရှောင်တခင်စစ်ဆေး

ခြင်းများလုပ်လေ့ရှိပါတယ်။ စဥ့်ကိုင်မြို့နယ်လူဦးရေအပြင် တက္ကသိုလ်နှစ်ခုရှိတဲ့အတွက် ဆိုင်ကယ်စီးနင်းသူများသလို၊ ဆိုင်ကယ်မတော်တဆမှုများဟာ တခြားမတော်တဆမှုများထက် ပိုမိုများပြားပါတယ်။ အများစုမှာ ကျောင်းသားအရွယ်များဖြစ်ပြီးတော့ ဆိုင်ကယ်စီးဦးထုပ်မဆောင်းတဲ့အတွက် ယာဥ်တိုက်မှုဖြစ်ပါက အသက်သေဆုံးသည်ထိ ဖြစ်ကြရပါတယ်။ အသက်မပြည့်သေးတဲ့ ၁၃၊ ၁၄ နှစ်ကလေးများဆိုင်ကယ်မောင်းနေတာကိုလည်း မြင်တွေ့နေရပြီးတော့ ဒီလိုကိစ္စတွေမှာ မိဘတွေကို ခေါ်ယူသတိပေးခြင်း လိုက်နာမှုမရှိပါက အရေးယူခြင်းများ ဆောင်ရွက်သင့်ပေမဲ့ လုပ်ဆောင်တယ်လို့မကြားမိပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ ရှောင်တင်ခင်စစ်ဆေးမှုလုပ်ရာမှာလည်း ကော်မတီအဖွဲ့စုံဖြင့် ဆောင်ရွက်ရာမှာဖြစ်သော်လည်း အများအားဖြင့် ရဲတပ်ဖွဲ့သုံး၊ လေးဦးဖြစ်သာ ဆောင်ရွက်ရတာကို မြင်တွေ့ရပါတယ်။ စည်းကမ်းမဲ့ဆိုင်ကယ်မောင်းနှင်သူတွေဟာ စစ်ဆေးရေးအဖွဲ့ကိုမြင်ပါက ပြန်ကွေ့ခြင်း၊ ဇွတ်မောင်းပြေးခြင်းများကြောင့် မဆိုင်တဲ့အပြစ်မဲ့ ပြည်သူတွေအတွက် အန္တရာယ်များလှပါတယ်။ မည်သို့ ဖမ်းဖမ်းဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ လျော့နည်းသွားခြင်းမရှိသလို စည်းကမ်းမဲ့မောင်းနှင်ခြင်းဟာ အပြစ်ရှိတယ်၊ ရှက်စရာကောင်းတယ်လို့ သိနားလည်ခြင်းလုံးဝမရှိတာကို တွေ့ရပါတယ်။ ဘာကြောင့်လဲလို့ ပြည်သူ့အသံကို နားထောင်ကြည့်တဲ့အခါ ဒီလိုစစ်ဆေးအရေးယူခြင်းဟာ မိမိတို့ကို ယာဥ်မတော်တဆမှုကြောင့် အသက်မဆုံးရှုံးစေဖို့၊ စည်းကမ်းလိုက်နာတဲ့နိုင်ငံသားများဖြစ်စေဖို့ စေတနာ၊ ရည်ရွယ်ချက်ကောင်းနဲ့ စောင့်ရှောက်ခြင်းဖြစ်တယ်လို့ မခံစားရဘဲနဲ့ ဒဏ်ကြေးငွေလိုချင်လို့၊ ငွေရပြီးရောလုပ်ဆောင်နေတာဖြစ်တယ်လို့သာ ခံယူနေကြတာများပါတယ်။ ဒီလိုခံစားရတဲ့အကြောင်းအရင်းများလည်းရှိပါတယ်။ ရှောင်တခင်စစ်ဆေးတဲ့အခါ မျက်နှာနာသူတွေကို လွှတ်ပေးတာ၊ ဖမ်းမိသူတချို့ကို ဥပဒေနှင့်အညီ တရားရုံးမပို့ဘဲ ညှိနှိုင်းစျေးတွေနဲ့ ပြန်လွှတ်နေတာဟာ Surprise Check ရှိတဲ့နေရာများတွင် မကြားချင်ဆုံးကြားနေရတဲ့သတင်းများဖြစ်ပါတယ်။ ၎င်းအပြင် ယာဥ်တိုက်မှုတစ်ခုဖြစ်ပြီဆိုပါက မှန်သည်/မှားသည်နောက်ထား။ ရဲစခန်းမှ သိမ်းဆည်းသွားသော ကား၊ ဆိုင်ကယ်များကို ပြန်ထုတ်ဖို့အတွက် နှစ်သိန်း၊ သုံးသိန်းမှသည် ၁၀ သိန်းလောက်အထိ ပေးနေကြရတာကိုလည်း ကြားသိရပါတယ်။ ဒီလိုပြည်သူကို အသိပညာပေးရမည့် တာဝန်ရှိသူများကိုယ်တိုင်က ပြည်သူအားလုံးအပေါ် ဥပဒေနှင့်အညီ တပြေးညီ ဆောင်ရွက်ခြင်းမရှိဘဲနဲ့ အဂတိလိုက်စားမှုပြုနေမှတော့ ၎င်းတို့ယုံကြည်လေးစားမှုမရှိတဲ့လူတွေရဲ့စကားကို ပြည်သူတွေက နားဝင်ပါ့မှာလား။ ဒါကြောင့် စည်းကမ်းလိုက်နာမှုအားနည်းချက်အပေါ် ပြည်သူများရဲ့ အပြစ်လိုထိမသတ်မှတ်ဘဲနဲ့ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ပြင်ဆင်သင့်သည်များကို ထိန်းကျောင်းတည့်မတ်ပေးဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်အဆင့် အမျိုးသားယာဥ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC) ရဲ့ရည်ရွယ်ချက်များ အောင်မြင်နိုင်ဖို့ဆိုရင် စစ်ဆေးအရေးယူခြင်းထက် ပညာပေးခြင်းလုပ်ငန်းကို တာဝန်ရှိသူများအနေဖြင့် မိမိတို့ရဲ့ စေတနာကိုပြည်သူများနားလည်အောင် ၎င်းတို့အတွက် ယာဥ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်ဆိုင်တဲ့ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းဖြင့်လည်း စည်းရုံးရေးအသွင် ပထမဆုံးလုပ်ဆောင်သင့်ပါတယ်။ စဥ့်ကိုင်မြို့နယ်မှာ ယာဥ်ထိန်းရဲထားမပေးတာ ၁၀ နှစ်လောက်ရှိပါပြီ။ ယာဥ်ထိန်းရဲကင်း ဆောက်လုပ်ပေးထားပေမဲ့ ယနေ့ထိတိုင်

တာဝန်ချထားပေးခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးမှုတွေ လျော့နည်းလာဖို့ဆိုရင် စစ်ဆေးအရေးယူခြင်းထက် မဖြစ်ခင်ကာကွယ်ဖို့ စဥ့်ကိုင်မြို့နယ်အတွင်း ယာဉ်တိုက်မှုအများဆုံးဖြစ်လေ့ရှိတဲ့ စဥ့်ကိုင်လမ်းဆုံ၊ အုန်းပင်ခြံလမ်းဆုံ၊ ကျောက်ဆည်တက္ကသိုလ် အဝင်လမ်းထိပ်နှင့် ပလိပ်လမ်းဆုံနေရာတွေမှာ ယာဉ်ထိန်းရဲထားပေးဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ချက်အနေနဲ့ ဆွေးနွေးချင်တာက နှစ်စဉ်မော်တော်ယာဉ် ဒဏ်ကြေးငွေခွဲဝေမှုကိစ္စဖြစ်ပါတယ်။ ဒဏ်ကြေးငွေခွဲဝေမှုအနေနဲ့ သက်ဆိုင်ရာမြို့နယ်စည်ပင်က ၅၅ ရာခိုင်နှုန်း၊ တိုင်းဒေသကြီးစည်ပင်ကိုအခွန်ဝင်ငွေက ၁၀ ရာခိုင်နှုန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသို့ ၃ ရာခိုင်နှုန်း၊ မြို့နယ်တရားရုံး ၁ ရာခိုင်နှုန်း၊ မြို့နယ်ဥပဒေရုံး ၁ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီးအတွင်းရှိ ဖွံ့ဖြိုးမှုနည်းပါးသော မြို့နယ်များသို့ ထောက်ပံ့ခြင်း ၃၀ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရှိရပါတယ်။ ကျန်တဲ့ခွဲဝေမှုများကို ကန့်ကွက်ရန်မရှိပေမဲ့ တခြားမြို့နယ်များကို ထောက်ပံ့ငွေ ၃၀ ရာခိုင်နှုန်းကိုတော့ သက်ဆိုင်ရာမြို့နယ်ကိုသာ ပြန်လည်ပေးသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ဒ့ါအပြင် ဒဏ်ကြေးငွေရရှိမှုများကိုလည်း ပြည်သူကိုပွင့်လင်းမြင်သာစွာ ချပြပြီးတော့ ဒဏ်ကြေးငွေဖြင့် ဆောင်ရွက်တဲ့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပြည်သူများ မြင်သာအောင်၊ ထင်ရှားအောင် သီးသန့်ဆောင်ရွက်ပြသသင့်ပါတယ်။ နိဂုံးချုပ်အနေနဲ့ အကြံပြုရရင် ယာဉ်မတော်တဆမှုများကြောင့် ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ကြယ်ပွင့်လူငယ်လူရွယ်လေးများ၊ လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှုမရှိရအောင် အစိုးရနှင့်ပြည်သူလက်တွဲညီညီဖြင့် နှစ်ဦးနှစ်ဖက်လိုအပ်ချက်များဖြင့် ဖြည့်ဆည်းကာ အပြန်အလှန်ယုံကြည်လေးစားမှုတည်ဆောက်၍ လိုက်နာဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ အဆိုရှင်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ဖြစ်ပါတယ်။ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပါခင်ဗျား။ ဒီနေ့မြို့နယ်တိုင်းမှာ ကျွန်တော်တို့ဝန်းကျင်မှာ နေ့စဉ်နီးပါးတွေ့မြင်ကြားသိနေရတာကတော့ ဆိုင်ကယ် Accident ၊ ကား Accident ၊ ကားနှင့်ဆိုင်ကယ်တိုက်မှု၊ လမ်းသွားလမ်းလာပြည်သူတွေကို ဝင်တိုက်လို့သေကျေမှုနှင့် ကြိုးပဲ့ဒဏ်ရာရတဲ့ဖြစ်စဉ်တွေပါ။ လူကူးမျဉ်းကြားကကူးနေသူကို ဝင်တိုက်တယ်။ မီးပွိုင့်နီလို့ရပ်စောင့်နေသူကို ဝင်တိုက်လို့သေဆုံးရတယ်။ ပြီးခဲ့တဲ့ နေ့ကပဲ ကျွန်တော်တို့မြို့နယ်မှာ ကျောင်းသူလေးတစ်ယောက် လမ်းဘေးမှာကျောင်းဆင်းလာတာကို ဆိုင်ကယ်ကဝင်တိုက်လို့ ဆုံးသွားတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁၀ ရက်နေ့ည ၁၂ နာရီခန့်ကလည်း မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမှာ အရှိန်နှင့်မောင်းနေတဲ့ ကုန်တင်ကားနှင့် လမ်းကြားကထွက်လာတဲ့ ရွှေညောင်ပင်ပရိယတ္တိစာသင်တိုက်က သံဃာတော် ၁၆ ပါးစီးလာတဲ့ ကားနဲ့တိုက်မိပြီးတော့ သံဃာတော်သုံးပါး

ပုံလွန်ကာ ၁၃ ပါးဒဏ်ရာရတယ်။ ဒီဖြစ်စဉ်တွေကို ကြည့်ရင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ မလိုက်နာလို့ဆိုတာ စိတ်မကောင်းစွာတွေ့ရှိရပါတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ ပေါ့ဆမှု၊ ချို့ယွင်းမှု၊ စည်းကမ်းမလိုက်နာမှုကြောင့် မျက်စိတစ်မှိတ်၊ လျှပ်တပြက်အတွင်းမှာ တခြားတစ်ဖက်မှာ ဘဝတွေ ဆုံးရှုံးသွားရတာဟာ ရင်နစ်စရာကောင်းလှပါတယ်။ အပြစ်ရှိသူတစ်ယောက်ကြောင့် အပြစ်မဲ့သူတွေရဲ့ အနာဂတ်တွေ၊ မိသားစုဘဝတွေ၊ သာယာပျော်ရွှင်မှုတွေ ပျက်စီးသွားရတာဟာ ဖြစ်သင့်ပါရဲ့လား။ ရခဲလှတဲ့ လူ့ဘဝကို ရလာတဲ့ နိုင်ငံ့သားကောင်းရတနာတွေ၊ အနာဂတ်ကြယ်ပွင့်တွေ၊ မကြွေသင့်ဘဲ အကြွေမစောကြဖို့ ကျွန်တော်တို့ဝိုင်းဝန်းကာကွယ်ကြရပါမယ်။ ယာဉ်တိုက်မှုတွေ၊ မတော်တဆမှုတွေ ကိုကြည့်ရင် ယာဉ်မောင်းသူရဲ့ စည်းကမ်းမလိုက်နာမှု၊ မဆင်ခြင်မှု၊ ပေါ့ဆမှု၊ မူးယစ်မှု၊ မကျွမ်းကျင် နားမလည်မှုတွေကြောင့် ဖြစ်ပွားတာက အများစုပါ။ ယာဉ်တစ်စီးပေါ်မှာလိုက်ပါလာတဲ့ ခရီးသည်များ ရဲ့အသက်ဟာ မောင်းနှင်နေတဲ့ ဒရိုင်ဘာရဲ့ လက်ထဲမှာရှိပါတယ်။ ယာဉ်မောင်းဖြစ်သူရဲ့ ကျွမ်းကျင်မှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု၊ အမှားအယွင်းမရှိ သတိပညာစေတနာတွေနဲ့ ထိန်းသိမ်း မောင်းနှင်မှုတွေကြောင့် ဘေးရန်ကင်းကွာလိုရာခရီးကို ရောက်ကြတာပါ။ ပြီးခဲ့တဲ့ကာလတစ်ခုက လူတောင်တွေ့စရာမလိုဘဲနဲ့ ပွဲစားနှင့်ငွေပေးပြီးတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမသိ၊ ကျွမ်းကျင်မှုမစစ်ဆေးဘဲ ယာဉ်မောင်းလိုင်စင်တွေကို စည်းကမ်းမဲ့ထုတ်ပေးခဲ့လို့ ထမင်းတစ်နပ်၊ ဟင်းတစ်ဖက်အတွက် လူ့အသက်တွေသတ်မှန်းမသိ သတ်ခဲ့မိကြတာဟာ မဖြစ်သင့်တဲ့အရာပါ။ ဒီနေရာမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ ကြီးကြပ်ပေးရမည့် ယာဉ်ထိန်းရဲအင်အား လုံလောက်မှု မရှိတာကိုလည်း ဖွဲ့စည်းပုံပြည့်မီအောင် တိုးချဲ့ခန့်ထားပြီးတော့ စနစ်တကျ ကြီးကြပ်ကွပ်ကဲသင့်သလို လိုအပ်တဲ့ ဘဏ္ဍာငွေတွေလည်း ချထားပေးသင့်ပါတယ်။ အသိပညာပေးမှုတွေကိုလည်း အခုထက် ပိုမို ပြီးတော့ တိုးမြှင့်လုပ်ဆောင်ပေးဖို့သင့်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ လမ်းအချို့ဟာ ယာဉ်မတော် တဆဖြစ်ဖို့တွန်းအားပေးသလို ဖြစ်နေတာတွေရှိပါတယ်။ မျက်ကွယ်တွေ၊ အကွေ့အကောက်တွေ၊ ကုန်းအဆင်းအတက်တွေ၊ မြင်ကွင်းမရှင်းတာတွေ၊ ချိုင့်ခွက်တွေ၊ လမ်းကျဉ်းပြီးတော့ ရှောင်ဖို့ခက်ခဲ တာတွေစတဲ့ အားနည်းချက်တွေရှိနေပါတယ်။ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးပေါ်မှာ မကြာ ခဏ ယာဉ်တိမ်းမှောက်ပြီးတော့ အသက်တွေဆုံးရှုံးရတာတွေနှင့် ပတ်သက်ပြီးတော့ Anytime, Any speed, NO Save ဆိုတဲ့ မှတ်ချက်ပြုသံကိုကြားခဲ့ဖူးပါတယ်။ ၂၀၁၇ ခုနှစ်စာရင်းများအရ မြန်မာနိုင်ငံ တစ်ဝန်းမှာ ယာဉ်တိုက်မှု ၁၈၁၇၁ မှု၊ ဒဏ်ရာရမှု ၂၉၁၄၄ မှုနှင့် သေဆုံးမှု ၅၂၅၀ ဦးရှိတယ်လို့ သိရပါ တယ်။ တရားဝင်စာရင်းထဲရောက်မလာတဲ့အမှုတွေ များစွာကျန်ရှိနေပါလိမ့်မယ်။ ဒီလို ယာဉ်အန္တရာယ် ကြောင့်နိုင်ငံ့သားကောင်းရတနာတွေ ထပ်မံမဆုံးရှုံးဖို့၊ မိသားစုဘဝတွေမပျက်ဖို့၊ သက်ဆိုင်ရာ တာဝန် ရှိသူတွေအဆင့်ဆင့်က လူထုလူတန်းစားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီးတော့ အရေးတကြီး အလေး အနက် ယာဉ်အန္တရာယ်ကင်းရှင်းရေးစီမံချက်တွေကို ထိထိရောက်ရောက်ဖော်ဆောင်ရမှာဖြစ်သလို ကျွန်တော်တို့ပြည်သူများကလည်း စည်းကမ်းလိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီရဲ့ အကောင်အထည် ဖော်ဆောင်ရွက်မှုတွေကိုလည်း ပိုမိုအားဖြည့်အရှိန်မြှင့်ဖော်ဆောင်ပေးဖို့ တိုက်တွန်းလိုပါတယ်။

**မူကြမ်း**

ဒါကြောင့် နိဂုံးချုပ်အနေနဲ့တော့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ယာဉ်အန္တရာယ်ကင်းဝေး ကြဖို့ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံရင်း အတည်ပြုပေးဖို့ တိုက်တွန်းအပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ ကြွရောက် လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုဟာ ပြည်သူတွေရဲ့လူမှုစီးပွားဘဝ အကာအကွယ်ပေးနိုင် ရေး(Social Production) ကိစ္စရပ်တွေကို အစိုးရအနေနဲ့ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်တာတွေကို တိုက်တွန်းတာဖြစ်လို့ အတည်ပြုသင့်ပါကြောင်း ရှေးဦးစွာထောက်ခံလိုပါတယ်။ ကာကွယ်ခြင်းက ကုသခြင်းထက် ပိုကောင်းတယ်ဆိုတဲ့ဆိုရိုးစကားလိုပဲ ဝမ်းနည်းကြေကွဲစရာအဖြစ်ဆိုးတွေ မကြုံတွေ့ရ လေအောင် အဘက်ဘက်က လုပ်ဆောင်သင့်တဲ့အရာတွေကို ထောင့်ပေါင်းစုံကထောက်ပြထားတာ ဖြစ်တာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့လည်း ဖြစ်စဉ်တွေက တစ်သမတ်တည်းတွက်ဆလို့မရတာ အားလုံး အသိပါ။ အကောင်းဆုံးတွေအတွက် ကြိုတင်ဆောင်ရွက်ထားပေမဲ့လည်း ဆိုးရွားတဲ့အခြေအနေ အတွက် ကြိုတင်ပြင်ဆင်ထားဖို့ကလည်း အရေးကြီးလှပါတယ်။ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်း တွေမဖြစ်ပေါ်ဖို့ အဆိုရှင်တိုက်တွန်းထောက်ပြတဲ့အချက်တွေကို ဆောင်ရွက်လျှင် တစ်ပြိုင်နက်တည်း မှာပဲ ဒီလိုအဖြစ်ဆိုးမျိုးကြုံတွေ့ခဲ့သည်ရှိသော် ငွေရေးကြေးရေးအခက်အခဲ၊ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ က မဖြစ်မနေဆောင်ရွက်ထားရမယ့်အရာပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးတွေအတွက် ကမ္ဘာ့နိုင်ငံ အသီးသီးမှာ ပေါ်လစီတွေ၊ ဥပဒေတွေ ချမှတ်ပြင်ဆင်ကာကွယ်ထားတာကို တွေ့ရှိရပါတယ်။ မြန်မာ နိုင်ငံမှာလည်း မြန်မာ့အာမခံဥပဒေကို ပြဋ္ဌာန်းထားပြီးသား ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့အာမခံဥပဒေအခန်း(၂) ပုဒ်မ ၄ ပုဒ်မခွဲ(က)မှာ ဖြစ်ပျက်တတ်သော ဘေးအန္တရာယ်များကြောင့် ပြည်သူများကြုံတွေ့နိုင်သည့် လူမှုစီးပွားရေးနစ်နာဆုံးရှုံးမှုများကို နှစ်ဦး နှစ်ဖက်သဘောတူညီချက်အရ အာမခံထားခြင်းဖြင့် ငွေကြေးပြေလည်မှုရရှိစေရန်လို့ ဖော်ပြထားပါ တယ်။ အဲဒီအတွက် မြန်မာ့အာမခံအဖွဲ့ကြီးကို ဖွဲ့ထားခဲ့ပါတယ်။ ဖြစ်ပျက်တတ်တဲ့ဘေးအန္တရာယ် များစွာထဲမှာမှ ပြည်သူတွေ အချိန်မရွေးရင်ဆိုင်ရနိုင်ခြေရှိတဲ့အတွက် ဒီဥပဒေရဲ့အခန်း(၆) ပုဒ်မ ၁၅ မှာ စက်တပ်ယာဉ်ပိုင်ရှင်များသည် မြန်မာ့အာမခံနှင့် သူတစ်ပါးထိခိုက်မှုအာမခံမထားမနေရ ထားရှိရ မယ်လို့ အလေးအနက်ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ အဲဒီအတွက်ပဲ ၁၉၇၆ ခုနှစ် သူတစ်ပါးထိခိုက်မှုအာမခံနည်းဥပဒေကို ပြည်သူ့လွှတ်တော် နည်းဥပဒေအမှတ်(၄)အဖြစ်

ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၃ ခုနှစ်မှာ ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်က တော့ အာမခံအမျိုးအစား များစွာရှိတဲ့အနက်မှဖြစ်နိုင်ခြေများပြီး ပြည်သူတို့ လူမှုစီးပွားဘဝ အများဆုံးထိခိုက်နိုင်တဲ့ယာဉ်မတော်တဆမှုများမှ အစိုးရအနေနဲ့ဝင်ရောက်ထိန်းညှိပေးခြင်းဖြစ်တာမို့ ဘယ်လောက်အလေးထားလဲဆိုတာကို ကျွန်တော်တို့ မြင်သာပါတယ်။ ဒီလိုရည်ရွယ်ချက်ကောင်းတွေ ပြဋ္ဌာန်းသတ်မှတ်ထားပေမဲ့လည်း ပြည်သူတစ်ရပ်လုံးကို လွှမ်းခြုံနိုင်ဖို့ အားနည်းနေဆဲပါ။ သူတစ်ပါး ထိခိုက်မှုအာမခံနည်းဥပဒေပြင်ဆင်ချက်များအရ လူတစ်ဦးသေဆုံးလျှင် ကျပ် ၁၀ သိန်းကို နစ်နာသူက မြန်မာ့အာမခံမှာ တင်ပြတောင်းခံနိုင်ခွင့်ရှိပါတယ်။ ၇၂ နာရီအထက်ဆေးရုံတက်ရောက်ရတယ်ဆိုလို့ ရှိရင် ဒဏ်ရာရတဲ့သူတွေအတွက်ကို ကျပ် ၅၀၀၀၀ ထိတောင်းခံပိုင်ခွင့်ရှိပါတယ်။ ဖော်ပြပါ စာရင်းဇယားအရ ၂၀၁၇ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံးမှာ ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရသူ ၂၉၁၄၄ ဦး Power Point မှာ တင်ပြထားပါတယ်ခင်ဗျား။ သေဆုံးသူပေါင်းက ၅၂၅၀ ပဲရှိပါတယ်။ ဒဏ်ရာရတဲ့ ၂၉၁၄၄ အတွက်ကို ၅၀၀၀၀ နဲ့မြှောက်မယ်ဆိုလို့ရှိရင် သန်းပေါင်း ၁၄၅၇၂၀၀၀၀ မြန်မာ့အာမခံလုပ်ငန်းက ပေးလျော်ရမှာပါ။ ဒါ့အပြင် သေဆုံးသူအတွက်ဆိုလို့ရှိရင် ကျပ် ၁၀ သိန်းကို သေဆုံးတဲ့ ၅၂၅၀ ဦးနဲ့မြှောက်မယ်ဆိုလို့ရှိရင် ကျပ်သန်းပေါင်း ၅၂၅၀ သန်းကို ပေးလျော်ရမှာဖြစ်ပါ တယ်။ စုစုပေါင်းဆိုလို့ရှိရင် သန်းပေါင်း ၆၇၀၇၂၀၀၀၀၀ ကို ပေးလျော်ရမယ့်အခြေအနေ ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာ့အာမခံလုပ်ငန်းရဲ့ရရှိတဲ့ Premium ကြေးနှင့် ပြန်လည်ပေးလျော်တဲ့ငွေပမာဏကို ကြည့်တဲ့အခါမှာ Premium ကြေးဟာ ၂၀၁၇ ခုနှစ်ထဲမှာဆိုလို့ရှိရင် သန်းပေါင်း ၂၂၅၀၅.၆၆၄ သန်း ရရှိပြီးတော့ ပြန်လည်ပေးလျော်တဲ့ပမာဏကတော့ ၁၅၀၁.၁၂၃ သန်းပဲဖြစ်ပါတယ်။ ခုနကတင်ပြထား တဲ့ငွေကြေးပမာဏအရဆိုလို့ရှိရင် ထိခိုက်ဒဏ်ရာရတဲ့သူ၊ သေဆုံးသူပမာဏနဲ့ ပြန်လည်ပေးလျော်တဲ့ ပမာဏက အလွန်မှကွာဟနေတာကို တွေ့ရှိရပါတယ်။ ပေးလျော်တဲ့ငွေကြေးဟာ သူတစ်ပါးထိခိုက်မှု အာမခံတစ်မျိုးတည်းမဟုတ်ဘဲ အခြားအာမခံအမျိုးအစားတွေအတွက်လည်း ပေးလျော်ခဲ့တာ ထည့်သွင်းတွက်ချက်ထားတာဖြစ်ပါတယ်။ ဒီအခြေအနေကိုကြည့်ခြင်းအားဖြင့် ယာဉ်မတော်တဆမှု အခြေအနေမှာ ပြည်သူတွေဟာ လူမှုစီးပွားဘဝအတွက် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် မရရှိသေးဘူးဆိုတာ မြင်သာပါတယ်။ Power Point ပိတ်လို့ရပါပြီ။

ဒီလိုဥပဒေနှင့်ပြဋ္ဌာန်းပြီး ပေးထားတဲ့အခွင့်အရေးကို ပြည်သူတွေစိတ်ဝင်စားမှုအားနည်းပြီး လက်လှမ်းမမီရခြင်းကို လေ့လာဆန်းစစ်တဲ့အခါ အာမခံလျော်ကြေးငွေတောင်းယူတဲ့စနစ်ဟာ ရှုပ်လျားရှုပ်ထွေးလွန်းလှတာကြောင့် ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ကလည်း Premium ကြေး ကို ယာဉ်ပိုင်ရှင်တွေက မထားမနေရထားမယ်လို့သတ်မှတ်ထားသော်လည်း လျော်ကြေးပေးလျော်မှု များကတော့ နစ်နာသူများက တင်ပြမှသာ ပေးလျော်တာဖြစ်ပေမဲ့ မပေးမနေရပြဋ္ဌာန်းထားတာမရှိပါ ဘူး။ ပေးလျော်တဲ့အခါမှာလည်း ရဲစခန်းဆေးမှတ်တမ်း၊ ဆေးရုံဆေးမှတ်တမ်း၊ သေဆုံးမှုဖြစ်ပါက သေဆုံးသူရဲ့တော်စပ်မှု၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်မှုထောက်ခံချက် စတာတွေအပြင် သံသယနဲ့ မေးမြန်းဆက်ဆံခံရတာတွေကြောင့် လူတို့ရဲ့မိမိအခွင့်အရေးကို တောင်းဆိုရေးလမ်းကြောင်းကို ပိတ်ပင်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရတစ်ရပ်အနေနဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝကို အကာအကွယ်ပေးရာမှာ အဆိုရှင်တင်ပြတဲ့ ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်းများဟာ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မမျှော်မှန်းနိုင်တဲ့ဆုံးရှုံးမှုများဖြစ်ပေါ်လာတဲ့အခါမှာလည်း ပြည်သူတွေအတွက် ငွေကြေးဆိုင်ရာအခက်အခဲများ မဖြစ်ပေါ်စေဖို့ဘဲ အလေးထားဆောင်ရွက်သင့်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ပြဋ္ဌာန်းထားပြီးသား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိထိရောက်ရောက်အကောင်အထည်ဖော်ပြီး လူမှုစီးပွားဘဝကို အကာအကွယ်ပေးသင့်ပါကြောင်း အကြံပြုပြီးတော့မှ ဦးဇော်မင်းသိန်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဌေးမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးနှင့်အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်းဖြစ်ပါတယ်။ ယနေ့မှာ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းတင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုမှာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏လုပ်ငန်းဆောင်ရွက်ချက်များကို တိုက်တွန်းဆွေးနွေးထားသလို ယာဉ်အန္တရာယ်ကြောင့် ထိခိုက်မှုလျှော့ချနိုင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ဖို့ရာ ဆွေးနွေးတိုက်တွန်းထားတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ NRSC ရဲ့တာဝန်များကတော့ ကုန်းလမ်းပို့ဆောင်မှုအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်သွားရန် ပါဝင်ဆောင်ရွက်မည့်ဌာနများ၏တာဝန်ရှိမှုများကို ဖော်ထုတ်သတ်မှတ်သွားရန် လုံလောက်သောငွေကြေးရန်ပုံငွေနှင့်လူ့စွမ်းအားအရင်းအမြစ်များရရှိစေရေး ဆောင်ရွက်ပေးသွားရန်၊ ငွေကြေးသုံးစွဲမှုများကို ထိန်းသိမ်းကြပ်မတ်သွားရန်၊ ဖြစ်ပေါ်တိုးတက်မှုနှင့် တွေ့ကြုံရမည့်အခက်အခဲများအား အစီရင်ခံတင်ပြသွားရန် ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများအတွက် ယာဉ်အန္တရာယ်ကြောင့် အဟန့်အတားဖြစ်စေနိုင်ကြောင်း ပြည်သူတစ်ရပ်လုံးသိရှိခံယူလေးစားလိုက်နာဆောင်ရွက်သွားရန် ရန်ပုံငွေတစ်ရပ်ထူထောင်သွားရန်၊ လုပ်ငန်းအကောင်အထည်ဖော်နိုင်ခြင်းရှိ/မရှိ စောင့်ကြည့်သွားရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေး ဆောင်ရွက်သွားရန်၊ လိုအပ်သည့်နည်းပညာဆိုင်ရာအထောက်အပံ့များရရှိစေရေး ဆောင်ရွက်သွားရန်၊ ယာဉ်ကြောပိတ်ဆို့မှုများ လျော့ကျနိုင်ရေးဆောင်ရွက်သွားရန်တို့ သုတေသနပြုခြင်းနှင့် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းသွားရန်တို့ဖြစ်ပါတယ်။ ပါဝင်ဆောင်ရွက်ရမည့်ဌာနအဖွဲ့အစည်းများကတော့ ဒီ Slide မှာဖော်ပြထားသလို ပြည်ထောင်စုရှေ့နေချုပ်ရုံးသာလျှင် လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းသွားပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း စစ်ဆေးအရေးယူခြင်းလုပ်ငန်းစတဲ့လုပ်ငန်းတွေမှာ တွဲဖက်လုပ်ကိုင်ရမှာဖြစ်ပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီနဲ့ လမ်းဦးစီးဌာနများကတော့ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပြန်ကြားရေးနှင့်

ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဆိုရင်လည်း လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းအသိပညာပေးပြပွဲပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်များမှာပြုလုပ်သွားရန် စသဖြင့် ကဏ္ဍရပ်ပေါင်း ၁၀၀ ကျော်ကို ရေတိုရေရှည်စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ သို့သော်လည်း အဆိုရှင်တင်ပြသွားသလို ကာလတိုအတွင်းဆောင်ရွက်ရမည့်လုပ်ငန်းများဆောင်ရွက်မှု အခြေအနေအားနည်းနေသရွေ့ အရှိန်မြှင့်ဆောင်ရွက်ဖို့ တိုက်တွန်းနေတာဖြစ်ပါတယ်။ ဒါကတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ပုဒ်များဖြစ်ပါတယ်။ ဒီ Slide ကတော့ ယာဉ်မတော်တဆမှုများအား ဖြစ်ပွားရသည့်အကြောင်းအရင်းများဖြစ်ပါတယ်။ ဒီပုံကတော့ မိမိမဲဆန္ဒနယ် ကြို့ပင်ကောက်မြို့နယ်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်နေတာဖြစ်ပါတယ်။ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်(ရယက)နှင့်အတူ သာယာဝတီခရိုင်မှ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ လာရောက်အကူအညီပေးဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီ Slide ကတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့လက်ကမ်းစာစောင်ဖြစ်ပါတယ်။ ဒါကတော့ ဌာန၏ရည်မှန်းချက်လက်ကမ်းစာစောင်ဖြစ်ပါတယ်။ ဒီပုံကတော့ ဆိုင်ကယ်စီးလျှင် လိုက်နာရမည့်အချက်များ ဖြစ်ပါတယ်။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းဖို့ ပြည်သူတွေကို မနည်းတိုက်တွန်းနေရတာလည်း ဖြစ်ပါတယ်။ ဒီပုံကတော့ အမြန်လမ်းမကြီးပေါ်မှာရှိတဲ့ယာဉ်များသွားလာနေတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ Time has Road Saving Project ရဲ့ အသိပညာပေးဖိုင်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါလုပ်ငန်းစီမံကိန်း ၁၀၀ ကျော်အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့ရာ ရန်ပုံငွေကလည်း အဓိကကျတဲ့အခန်းကဏ္ဍအရာမှာ တွေ့ရမှာ ဖြစ်ပါတယ်။ အသိပညာပေးလုပ်ငန်းတွေ၊ ဥပဒေရေးဆွဲရေးလုပ်ငန်းတွေ၊ ဝန်ထမ်းအင်အားတွေ စသဖြင့် လိုအပ်နေတာဖြစ်ပါတယ်။ ဒီ Slide မှာဖော်ပြထားသလို ဒေသတွင်းထိုင်းနိုင်ငံမှာတော့ ကျန်းမာရေး Foundation ၏ အရက်၊ ဘီယာ ထပ်ဆောင်းအခွန်သီးသန့်ရန်ပုံငွေခွဲတမ်းအနည်းငယ်မှ ထောက်ပံ့ပေးနေတာကို တွေ့ရပါတယ်။ အဆိုရှင်ဆွေးနွေးသွားသလို မြို့နယ်အဆင့်တွေမှာလည်း ယာဉ်ထိန်းရဲတပ်ဖွဲ့တွေ လိုအပ်နေတာဖြစ်ပါတယ်။ ယာဉ်ထိန်းရဲ၏တာဝန်၊ လုပ်ဆောင်ချက်နှင့် ရဲတပ်ဖွဲ့ရဲ့ဆောင်ရွက်ချက်တွေကို ယာဉ်မောင်းသူတို့လိုက်နာတာမတူသလို ညွှန်ပြတာလည်း မတူနိုင်ပါဘူး။ ဝန်ထမ်းအင်အားတွေလည်း လိုအပ်နေတာတွေ တွေ့ရပါတယ်။ Power Point ပိတ်လို့ရပါပြီ။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်များမှာ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးမှာ အားလုံးတစ်ဦးနှင့်တစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအားဆောင်ရွက်၍မရနိုင်ဘဲ အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါစီမံချက်များ၊ နည်းလမ်းများ၊ စည်းကမ်းများ၊ တာဝန်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း ဆွေးနွေးရင်းနဲ့ယခုအဆိုကို လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မ

**မူကြမ်း**

ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းရဲ့တစ်နေ့တခြားများပြားလာတဲ့ ယာဉ်တိုက်မှုများကြောင့် နိုင်ငံတော်အကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှုလျှော့ချနိုင်ရန် နိုင်ငံတော်အဆင့်အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းနိုင်ဖို့အတွက် ပိုမိုအရှိန်မြှင့်ပြီး လုပ်ဆောင်ဖို့ ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုကဲ့သို့ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့က အဝေးပြေးကားများ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ဒရိုင်ဘာများ မောင်းစဉ် အရက်သောက်ခြင်း၊ ဖုန်းပြောခြင်းကိစ္စများကို ဘယ်လိုကြပ်မတ်မလဲဆိုတဲ့ မေးခွန်းကို ကျွန်မကိုယ်တိုင် မေးမြန်းခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ အခုလို ကျွန်မတို့ကိုယ်စားလှယ်များဟာ မေးခွန်းတွေမေး၊ အဆိုတွေဆွေးနွေးရခြင်းဟာ နိုင်ငံရဲ့လူသားအရင်းအမြစ်များ သေဆုံးမှုလျှော့ချနိုင်ဖို့အတွက် ဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း ထိုအန္တရာယ်များအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များဝေခြင်း၊ ဗီွနိုင်းများထောင်ခြင်း၊ ယာဉ်များကို စစ်ဆေးခြင်းစသည့် နည်းမျိုးစုံဖြင့် ယာဉ်အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဒီလိုတွေဆောင်ရွက်နေသော်လည်း ယာဉ်အန္တရာယ်ကြောင့်သေဆုံးသူတွေဟာ လျော့နည်းမသွားဘဲ ပိုလို့တိုးလာတာတွေ့ရပါတယ်။ အဓိကကတော့ စိတ်ဓာတ်တွေပြုပြင်ပြီး ပြည်သူပါဖို့ လိုတယ်လို့ ကျွန်မအနေနဲ့မြင်ပါတယ်။ လိုင်းကားများနဲ့ခရီးသွားရတဲ့ ခရီးသည်တွေရဲ့အသက်ဟာ ဒရိုင်ဘာတစ်ယောက်ရဲ့လက်ထဲမှာ ရှိတယ်ဆိုတာ ဒရိုင်ဘာတွေသိဖို့လိုပါတယ်။ ကားရဲ့ကြံ့ခိုင်မှုကောင်းမယ်၊ ယာဉ်လိုင်စင်ရှိမယ်၊ ယာဉ်မောင်းလိုင်စင်တွေ ဘယ်လောက်ပဲပြည့်စုံနေပါစေ။ ယာဉ်ပေါ်လိုက်ပါစီးနင်းသူတွေကို မိသားစုသဖွယ်ကိုယ်ချင်းစာစိတ်၊ ကရုဏာစိတ်၊ မေတ္တာစိတ် အဲဒီလိုစိတ်ရှိရှိနဲ့မောင်းမှ မိမိယာဉ်ပေါ်လိုက်ပါစီးနင်းသူတွေ အန္တရာယ်ကင်းမှာဖြစ်ပါတယ်။ နောက်ပြီး ဆိုင်ကယ်စီးသူများ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းပါဆိုတဲ့ဆိုင်းဘုတ် ဘယ်လောက်ချိတ်ချိတ်၊ ယာဉ်ထိန်းရဲ ဦးထုတ်မပါလို့ ဘယ်လောက်ဖမ်းဖမ်း၊ လစ်ရင်လစ်သလို ဦးထုပ်မဆောင်းချင်တဲ့စိတ်ဓာတ်တွေဟာ မိမိရဲ့အန္တရာယ်ကို လက်ယက်ခေါ်နေသလို ဖြစ်နေပါတယ်။ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းဖို့အသိဟာ ဘယ်သူမှတိုက်တွန်းစရာ မလိုဘဲ ကိုယ့်အသိနဲ့ကိုယ် သိရမှာဖြစ်ပါတယ်။ မော်တော်ပီကယ်ဖမ်းပြီး ဦးထုပ်ဆောင်းခြင်း၊ အချင်းချင်းအချက်ပြအသိပေးပြီး ဦးထုပ်ဆောင်းရန် ရှောင်ရှားနေခြင်းများနေသရွေ့ အစိုးရကိုတိုက်တွန်းနေရပေမဲ့ မိမိတို့ရဲ့စိတ်ဓာတ်များမပြင်ပါက မည်သို့ပင်တိုက်တွန်းပါစေ သေဆုံးမှုနှုန်း ပိုမြင့်နေဦးမှာပါပဲ ဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့ဟာ Traffic အဖြစ်ဆုံးမြို့လို့ သတ်မှတ်ထားပါတယ်။ မြို့တွင်းနေရာအနှံ့အလုပ်သမားတွေအတွက် ဆိုင်ကယ်စီးခွင့်ပြုထားပါတယ်။ သူတို့နိုင်ငံမှာ ဆိုင်ကယ်ကို နှစ်ယောက်ထက်ပိုမစီးပါဘူး။ နှစ်ယောက်လုံး Helmets ဆောင်းကြပါတယ်။ အိတ်ဇောဖွင့်ပြီး ဆူညံအောင်မောင်းတာ မတွေ့ရပါဘူး။ စည်းကမ်းတကျမောင်းတာတွေ့ရပါတယ်။ ကျွန်မတို့နိုင်ငံသားအချို့ရဲ့စိတ်ဓာတ်တွေ ဘယ်လိုဖြစ်နေသလဲဆိုရင် နေပြည်တော်-မကွေးသွားတဲ့ ကံပြားလမ်းက အကွေ့အကောက်၊ အတက်အဆင်း၊ မျက်ကွယ်ကွေ့တွေမှာ ကားတစ်စီးနှင့်တစ်စီး မြင်သာအောင် တပ်ဆင်

ထားတဲ့ မှန်ဝိုင်းကြီးတွေကို ခွဲထားတာ၊ လမ်းညွှန်ဆိုင်းဘုတ်တွေ ဖျက်ထားတာကို တွေ့ရပါတယ်။ ဒီလို ပြယုဂ်တွေကို နိုင်ငံတကာဧည့်သည်များ တွေ့ခဲ့ရင်တောင် အလွန်ရှက်စရာကောင်းပါတယ်။ ပြောင်းလဲချိန်တန်ပြီဆိုတာ မကောင်းတဲ့အသိစိတ်ဓာတ်တွေ၊ ပြုပြင်ပြောင်းလဲဖို့ လိုပါတယ်။ အစိုးရနဲ့ NRSC ဖွဲ့စည်းပြီး ဆောင်ရွက်နေသော်လည်း ပြည်သူများက လိုက်နာကျင့်သုံးဆောင်ရွက်မှုအားနည်းနေသေးတဲ့အတွက် ထိရောက်ပြီး လက်တွေ့ကျတဲ့ အသိပညာပေးမှုများနှင့် ပြည်သူများ လိုက်နာနိုင်မည့် နည်းလမ်းကောင်းများကို ပိုမိုအကောင်အထည်ဖော်ပြီး နိုင်ငံတော်က အားထားရသော နိုင်ငံ့အရင်းအမြစ်ဖြစ်သည့် လူ့စွမ်းအားများ မဆုံးရှုံးစေရန်အတွက် ဒီအဆိုကိုဝင်ရောက်ဆွေးနွေးရခြင်းပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ဖြစ်ပါတယ်။ ကျေးဇူးပြုပြီးတော့ Power Point ဖြင့် တင်ပြခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Power Point ကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ်ရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာန ပူးပေါင်းလေ့လာထားတဲ့ လေ့လာချက်ကို တင်ပြခြင်းဖြစ်ပါတယ်။ ဒီမှာ အစောက ကိုယ်စားလှယ်များတင်ပြသလို သေဆုံးသူပေါင်းဟာ ၂၀၁၇ ခုနှစ်အတွင်းမှာ ၅၂၅၀ ရှိပြီးတော့ ထိခိုက်ဒဏ်ရာရသူပေါင်း ၃၀၀၀၀ နီးပါးနဲ့ ဖြစ်စဉ်ပေါင်း ၂၀၀၀၀ နီးပါး ရှိပါတယ်။ သို့သော်လည်း အမှန်တကယ် ကျန်းမာရေးစီမံခန့်ခွဲမှုသတင်းစဉ်တွေရဲ့ ကျေးလက်ဒေသတွေပါ ပါဝင်တဲ့ သတင်းစဉ်ပါ။ တစ်နှစ်ကို ၁၂၀၀၀၀ ကျော် ဖြစ်စဉ်တွေ အများကြီးဖြစ်တဲ့တယ်ဆိုတာကိုလည်း တွေ့နေရတာဖြစ်ပါတယ်။ ဒါကတော့ ထိခိုက်ဒဏ်ရာရသူတွေမှာ ဘယ်သူတွေအများဆုံးလဲဆိုတဲ့ဟာကို ပြတာဖြစ်ပါတယ်။ ၅၈.၁ ရာခိုင်နှုန်းဟာ ယာဉ်မောင်းသူတွေ ဖြစ်ပါတယ်။ ဒီယာဉ်မောင်းသူတွေရဲ့ ၈၀ ရာခိုင်နှုန်းကလည်းပဲ မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းသူတွေဖြစ်ပြီးတော့ ခရီးသည်တွေကတော့ ဒုတိယများတာ ဖြစ်ပါတယ်။ လမ်းသွားလမ်းလာတွေကလည်း တတိယအခြေအနေမှာ ရှိတာဖြစ်ပါတယ်။ ဒီမှာလည်း ရှင်းပါတယ်။ ဖြစ်စဉ်တွေအားလုံးထဲမှာ မော်တော်ဆိုင်ကယ်ဟာ ၇၀.၃ ရာခိုင်နှုန်းအထိ ပါဝင်နေတာကို တွေ့ရပါတယ်။ မော်တော်ဆိုင်ကယ်မောင်းသူများဟာလည်းပဲ ထိခိုက်ဒဏ်ရာရရှိမှုထဲမှာ အများဆုံးဖြစ်ပြီးတော့ အရက်သေစာသောက်စားမှုကြောင့် ပိုမိုများပြားနေတာကိုလည်း ဒီမှာတွေ့ရပါတယ်။ ဒီယာဉ်မောင်းဆိုတဲ့နေရာမှာလည်း ဦးထုပ်ဆောင်းသလား၊ မဆောင်းသလားဆိုတဲ့နေရာမှာ ဦးထုပ်မဆောင်းတဲ့သူတွေက ၆၅.၆ ရာခိုင်နှုန်းဖြစ်ပြီးတော့ လိုက်စီးတဲ့သူတွေက ၇၃.၀ ရာခိုင်နှုန်းအထိ ဖြစ်နေတာကို တွေ့ရတဲ့အတွက် ဦးထုပ်မဆောင်းသူပေါင်း များပြားစွာရှိနေတာကိုလည်းပဲ ဒီအချက်အလက်က တင်ပြနေတာ ဖြစ်ပါတယ်။ ခရီးသည်တွေအနေနဲ့ကတော့ အစောက တင်ပြတဲ့အတိုင်းပဲ ၇၈.၅ ရာခိုင်နှုန်းက ခါးပတ်မပတ်ဘဲနဲ့၊ ယာဉ်မောင်းသူတွေနဲ့ ၇၅ ရာခိုင်နှုန်းဟာ ခါးပတ်မပတ်ဘူးဆိုတာလည်း တွေ့ရပါတယ်။ တယ်လီဖုန်းအသုံးပြုပြီးတော့ မိုဘိုင်းဖုန်းနဲ့စကားပြော

နေတဲ့အထဲမှာ ယာဉ်မောင်းသူများဟာ ၅၉.၁ ရာခိုင်နှုန်းအထိရှိနေတယ်ဆိုတာကိုလည်းပဲ ဒီ Slide မှာ တွေ့နိုင်ပါတယ်။ အချိန်ကာလနဲ့ပြောရရင် ညနေ ၃ နာရီကနေ ည ၉ နာရီအတွင်းမှာ ဖြစ်စဉ် ၅၅ ရာခိုင်နှုန်းလောက် ဖြစ်နေတာကိုလည်းပဲ တွေ့ရတာ ဖြစ်တဲ့အတွက် အချိန်ဆိုတာလည်းပဲ အရေးကြီးတဲ့အခြေအနေတစ်ခုဖြစ်တဲ့အကြောင်းကို ဒီမှာတွေ့ရပါတယ်။ ဒါလည်း အစောကတင်ပြတဲ့အတိုင်းပဲ။ မော်တော်ဆိုင်ကယ်ဟာ အဖြစ်အများဆုံးထဲမှာ တစ်ခုပါပါတယ်။ ဒီမှာတော့ ဖြစ်စဉ်မှာဖြစ်ပြီးတဲ့အခါမှာ ယာဉ်တိုက်မှုတွေဖြစ်ပြီးတဲ့နောက်မှာမှ ထိခိုက်ဒဏ်ရာရသူတွေ၊ သေဆုံးသူတွေကို ဘယ်လိုနည်းနဲ့ ဆေးရုံ၊ ဆေးခန်းတွေ အရောက်ပို့သလဲလို့ လေ့လာလိုက်တဲ့အခါမှာ ၇၅ ရာခိုင်နှုန်းဟာ စေတနာ့ဝန်ထမ်းများ၊ ကိုယ့်အားကိုယ်ကိုးပုဂ္ဂိုလ်များကနေပြီးတော့ ပို့ပေးနေတာ တွေ့ပြီးတော့ ကျွန်တော်တို့ရဲ့ Emergency Mobile Services နဲ့ Transportations by Police ဆိုတဲ့ဥစ္စာကတော့ တော်တော်လေးကို နည်းပါးနေတာကို ကျွန်တော်တို့ဒီမှာတွေ့ရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာချက်တစ်ရပ်ကတော့ ယာဉ်တိုက်မှုများရဲ့အဖြစ်အများဆုံး အခြေအနေ ၂၅ ခုမှာ လူကြောင့်ဖြစ်တဲ့အခြေအနေက ၁၅ ခု၊ လမ်းကြောင့်ဖြစ်တဲ့အခြေအနေက သုံးခု၊ ကားကြောင့်ဖြစ်တဲ့အခြေအနေက သုံးခု၊ ရာသီဥတုကြောင့်ဖြစ်တဲ့အခြေအနေကနှစ်ခုနဲ့ အချိန်ကြောင့်ဖြစ်တဲ့အခြေအနေက တစ်ခုဆိုပြီးတော့ လေ့လာချက်ကနေ တွေ့ရှိရပါတယ်။ ဒီနေရာမှာတော့ ကျွန်တော့်အနေနဲ့တော့ ရှေ့ကကိုယ်စားလှယ်ကြီးများက ဒီကိစ္စများကို တော်တော်လေးဆွေးနွေးတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒါကို နောက်ထပ်တစ်နည်းအားဖြင့် ကျွန်တော်ဆွေးနွေးချင်ပါတယ်။ ဒါကတော့ ယာဉ်တိုက်မှုဖြစ်ပြီးတဲ့နောက်မှာ မဖြစ်ခင်ကိစ္စရပ်များကို ဆွေးနွေးသွားကြတာ ဖြစ်ပါတယ်။ ဖြစ်ပြီးတဲ့အချိန်မှာ Crash Time နှင့် Post Crash Time ကို ကျွန်တော်တို့က ပြန်ပြီးလေ့လာဖို့လိုပါတယ်။ စောစောကတင်ပြချက်ထဲမှာပါတဲ့အတိုင်းပဲ ယာဉ်တိုက်မှုဖြစ်ပြီးတဲ့နောက်မှာ ရာခိုင်နှုန်းအများစုဟာ ကျွန်တော်တို့မှာ Emergency Mobile Services တွေ အလွန်အားနည်းနေတာကို တွေ့ရပါတယ်။ စေတနာ့ဝန်ထမ်းများနဲ့ ကိုယ့်ဟာကို သွားပြီးတော့ ဆေးရုံ၊ ဆေးခန်းကို သွားရတဲ့အခြေအနေဖြစ်တဲ့အတွက် Emergency Mobile Services တွေကို ကျွန်တော်တို့အများကြီးတိုးချဲ့ဖို့လိုမှာဖြစ်ပါတယ်။ နောက်ထပ်တစ်ခုကတော့ အရေးပေါ်ကယ်ဆယ်ရေးမှာ ပထမလေးမိနစ်က အသက်ရှူလမ်းကြောင်းမပိတ်ဆို့ဖို့နဲ့ ပထမတစ်နာရီအတွင်းမှာ စနစ်ကျတဲ့ပြုစုစောင့်ရှောက်မှုတွေကို ဆောင်ရွက်ပေးနိုင်မှသာ အသက်ရှင်မှာဖြစ်ပြီးတော့ သူတို့တွေကို ကျွန်တော်တို့ ဆေးရုံ၊ ဆေးခန်းအရောက်ပို့ဆောင်ဖို့အတွက် ယာဉ်တွေလည်း အများကြီးလိုနေတာ ဖြစ်ပါတယ်။ တတိယတစ်ချက်ကတော့ ဆေးရုံ၊ ဆေးခန်းကို ရောက်တဲ့အခါမှာ ကုသမှုပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ အရောက်များတာဖြစ်တဲ့အတွက်၊ အလုပ်ရှုပ်တာဖြစ်တဲ့အတွက် ကြန့်ကြာမှုတွေ၊ စောင့်နေရမှုတွေဖြစ်တဲ့အတွက် မကျေနပ်မှုတွေလည်း အများအပြားဖြစ်ပေါ်နေတာကို ကျွန်တော်တို့သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ယာဉ်တိုက်မှုများဟာ ကျွန်တော်တို့တိုင်းပြည်မှာ Accident ဆိုတဲ့အခြေအနေ၊ မတော်တဆဖြစ်မှုအခြေအနေကနေပြီးတော့ Accident လို့ခေါ်တဲ့ ဖြစ်ရိုးဖြစ်စဉ်ကြီးတစ်ခုအထိ ဖြစ်ပေါ်လာနေတာကို ကာကွယ်တားဆီးရမယ့်အခြေအနေမှာ ရောက်ရှိနေတာ ဖြစ်ပါတယ်။ ဒီလိုကာကွယ်တားဆီးရာမှာလည်း စောစောက ကျွန်တော်တင်ပြသလို အဓိကအချက်ကြီး ၂၅ ချက်ထဲမှာ လူတွေနဲ့ပတ်သက်တဲ့

အချက်က ၁၅ ချက်တောင် ပါတာဖြစ်တဲ့အတွက် အဓိကကတော့လူတွေကို အသိပညာပေးဖို့၊ အရေးယူဆောင်ရွက်ဖို့နဲ့ တွန်းအားပေးမှုတွေ အများကြီးလုပ်ဖို့လိုနေတာ ဖြစ်ပါတယ်။ ဆေးရုံကြီးတွေမှာရှိတဲ့ အရိုးဆောင်တွေမှာကြည့်မယ်ဆိုလို့ရှိရင် ၈၀ ရာခိုင်နှုန်းဟာ မော်တော်ဆိုင်ကယ် Accident နဲ့ တက်နေတဲ့လူတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မော်တော်ဆိုင်ကယ် Accident ကြောင့် တက်နေရတာဖြစ်တဲ့အတွက် သူတို့ရဲ့လုပ်အား၊ သူတို့ကုန်ကျစရိတ်၊ သူတို့ရဲ့မိသားစုတွေရဲ့ပေးဆပ်ရတဲ့အချိန်တွေကို အများကြီးများနေတာဖြစ်တဲ့အတွက် ယာဉ်တိုက်မှုများကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် တင်သွင်းတဲ့ ဦးဇော်မင်းသိန်းရဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးနိုင်လင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဗိုလ်မှူးနိုင်လင်းဖြစ်ပါတယ်။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ အဆိုရဲ့ရည်ရွယ်ချက်မှာ နိုင်ငံတော်အား အကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှုလျှော့ချနိုင်စေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျလိုက်နာနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂက ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ၁၀ နှစ်တာကာလကို ယာဉ်အန္တရယ်လျှော့ချရေး Sustainable Development Goal အစီအစဉ်ကို ရေးဆွဲခဲ့ပါတယ်။ SDG အစီအစဉ်အရ ယာဉ်မတော်တဆမှုများကို ဆန်းစစ်ကြည့်ရာ ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူဦးရေ ၁.၂၅ သန်းဟာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးကြောင်းတွေ့ရှိရပါတယ်။ သေဆုံးသူရဲ့ ၇၅ ရာခိုင်နှုန်းဟာ အမျိုးသားများဖြစ်ပြီးတော့ ၂၅ ရာခိုင်နှုန်းဟာ အမျိုးသမီးများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သေဆုံးသူအများစုဟာ ၁၅ နှစ်မှ ၂၉ နှစ်ကြား လူငယ်များဖြစ်ကြပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာအတွင်း တစ်နိုင်ငံလုံးတွင် ယာဉ်တိုက်ခိုက်မှုပေါင်း ၁၄၅၅၅ မှု၊ သေဆုံးသူဦးရေ ၄၂၉၇ ဦး၊ ဒဏ်ရာရသူ ၂၂၀၀၃ ဦး၊ အရေးယူခံရသူ ၄၈၅၇ ဦးဖြစ်ပါတယ်။ ဒီလို ယာဉ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံ၏လူသားအရင်းအမြစ်များ အလာဟဿဆုံးရှုံးခဲ့ရသလို အင်အားများလည်း လျော့နည်းခဲ့ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေကို လိုက်နာကျင့်သုံးလျက်ရှိပါတယ်။ မော်တော်ယာဉ်နှင့်ပတ်သက်ပြီး ဖော်ပြပါအတိုင်း ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒုတိယသမ္မတ(၂) မှ ဥက္ကဋ္ဌအဖြစ်ဖွဲ့စည်းထားတဲ့ NRSC က ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာနအလိုက်လည်း စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသော်လည်း မော်တော်ယာဉ်အရေအတွက်များပြားလာမှုနှင့်အတူ ယာဉ်တိုက်ခိုက်မှုများ၊ သေဆုံးထိခိုက်ဒဏ်ရာရမှုများမှာလည်း နှစ်စဉ်တိုးပွားလာပါတယ်။ ယာဉ်မောင်းများအနေဖြင့် ယာဉ်တိုက်ခိုက်

တိမ်းမှောက်မှု ဖြစ်ပွားရသည့်အကြောင်းအရင်းကို သိရှိနားလည်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်သွားရန် အထူးလိုအပ်ပါတယ်။ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများကို ဆန်းစစ်ကြည့်တဲ့အခါ စက်ကိရိယာရဲ့ချို့ယွင်းချက်ကြောင့် ၅ ရာခိုင်နှုန်း၊ ရာသီဥတုပတ်ဝန်းကျင်အခြေအနေကြောင့် ၁၀ ရာခိုင်နှုန်း၊ လူရဲ့အပြုအမူကြောင့် ၈၅ ရာခိုင်နှုန်းဖြစ်ကြောင်းလေ့လာတွေ့ရှိ ရပါတယ်။ လူကြောင့်ဖြစ်ပွားနှုန်းဟာ အများဆုံးဖြစ်နေပါတယ်။ ယာဉ်မောင်းသူများကယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရသလို လမ်းအသုံးပြုသူများကလည်း ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာရန်အထူးအရေးကြီးပါတယ်။

လမ်းသွားလမ်းလာများ အနေးယာဉ် ဆိုင်ကယ်၊ သုံးဘီး၊ နောက်တွဲယာဉ်အသုံးပြုသူများဟာလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားတဲ့ဒေသန္တရစည်းကမ်း၊ စည်းမျဉ်း၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပါတယ်။ ဥပဒေလိုက်နာကျင့်သုံးမှုအပိုင်းမှာလည်း ယာဉ်မောင်းများဟာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်လျက်ရှိသလို တာဝန်ရှိသူဌာနများနှင့် အဖွဲ့အစည်းများမှ အမှုထမ်း၊ အရာထမ်းများရဲ့တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ရေးတို့ဟာ အဓိကကျပါတယ်။ သက်ဆိုင်ရာဌာနများမှ အမှုထမ်း၊ အရာထမ်းများ တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ရေးနှင့်ပတ်သက်ပြီး ယာဉ်မောင်းလိုင်စင်လျှောက်ထားစဉ်ကပင် တိတိကျကျစစ်ဆေးပြီးမှသာ ထုတ်ပေးသင့်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အမှန်တကယ်မသိရှိဘဲ ယာဉ်မောင်းလိုင်စင်များထုတ်မပေးမိစေရန် တာဝန်ရှိသူအဆင့်ဆင့်မှကြပ်မတ်ဆောင်ရွက်သင့်ပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့များမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်နေသူများအား ချက်ချင်းအရေးယူဆောင်ရွက်နိုင်ရေးကို သက်ဆိုင်ရာမြို့နယ်/ခရိုင်/တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆောင်ရွက်သွားရန်လိုအပ်ပါတယ်။ သက်ဆိုင်ရာဌာနများမှအမှုထမ်း၊ အရာထမ်းများဟာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်ပြီး အဂတိကင်းရှင်းစွာနဲ့ဆောင်ရွက်သွားရန် အထူးလိုအပ်ပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ ယာဉ်တိုက်ခိုက်မှုများမဖြစ်ပွားစေရန်ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရာမှာ တရားဥပဒေစိုးမိုးရေးဟာ ဒုတိယအရေးပါကြောင်း တွေ့ရှိရပါတယ်။ မိမိတို့နိုင်ငံမှာလည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် တရားဥပဒေစိုးမိုးရေးဟာ မဖြစ်မနေလိုအပ်တဲ့အချက်တစ်ခု ဖြစ်ပါတယ်။ တရားစီရင်ရေးပိုင်းအနေဖြင့် ဥပဒေကိုလိုက်နာကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နေသူများ တာဝန်မကျေပွန်ပါက ဥပဒေအရအရေးယူနိုင်ရန်လိုအပ်ပါတယ်။ အဂတိလိုက်စားပါက ထိထိရောက်ရောက်အရေးယူနိုင်ရန် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားသင့်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသူများကိုလည်း ဥပဒေအရထိရောက်စွာအရေးယူရန်လိုအပ်ပါတယ်။ အကြံပြုလိုတာကတော့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများဟာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်သူများလိုက်ပါဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသူကို ပြစ်မှုဖြစ်ပေါ်လာပါက ကျောသား၊ ရင်သားမခွဲခြားဘဲထိထိရောက်ရောက်အရေးယူရန်၊ မိမိတို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းနေသောနိုင်ငံဖြစ်သည်နှင့်အညီ စည်းကမ်းစနစ်တကျဖြစ်စေရေးအတွက် တရားဥပဒေစိုးမိုးမှုရရှိစေရန်၊

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ စည်းကမ်းများကို နိုင်ငံတော်မှ ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ပါက ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အားတိုးချဲ့ဖွဲ့စည်းပေးရန် အကြံပြုအပ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စည်းကမ်းဥပဒေများကို လက်တွေ့လိုက်နာကျင့်သုံးနိုင်မယ်ဆိုရင် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ လျော့နည်းလာပြီးတော့ နိုင်ငံတော်ကအကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိကြသော ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်သွင်းသောအဆိုသည် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မရှင်၏ စီမံချက်အကောင်အထည်ဖော်မှုကို အားမရ၍ အရှိန်အဟုန်မြှင့်ရန် တိုက်တွန်းသောအဆိုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ လေ့လာတွေ့ရှိရသောစာရင်းများအရ ယာဉ်မတော်တဆမှုသည် ၂၀၁၇ ခုနှစ်တွင် ၁၃၄၅၈ မှုရှိပြီး ၂၀၁၈ ခုနှစ်မှာတော့ ၁၃၀၆၀ ရှိပါတယ်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ကို နှိုင်းယှဉ်ချက်အရ ၃၉၈ မှုလျော့နည်းသွားသော်လည်း ယခု ဒီဇင်ဘာလတစ်လစာမပါသေးပါဘူး။ ဒဏ်ရာရသူအရေအတွက်သည် ၂၀၁၇ ခုနှစ်မှာ ၁၈၅၂ ဦးလျော့ခဲ့သော်လည်းပဲ သေဆုံးသူက ၄၅ ဦးတိုးလာတာကို တွေ့ရှိရပါတယ်။ အားရစရာကောင်းသော တိုးတက်မှုလို့တော့ မပြောနိုင်ပါဘူး။ NRSC ၏စီမံချက်သည် ကဏ္ဍ ၁၂ ခုခွဲထားပြီး ကာလတို၊ ကာလလတ်၊ ကာလရှည်ရယ်လို့ ခွဲခြားထားတာတွေ့ရှိရပါတယ်။ သို့သော် ဦးစားပေးအဆင့်ခွဲခြားထားတာတော့ မတွေ့ရပါဘူး။ ဆိုလိုချင်တာက စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ ဦးစားပေးဆောင်ရွက်ရန်စသည်ဖြင့် ဖြစ်ပါတယ်။ ယာဉ်အန္တရာယ်သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုများက အကြောင်းခံဖြစ်ပါတယ်။ စီမံချက်သည် ဤအချက်ကိုတော့ အရင်းခံရေးဆွဲထားတာကို တွေ့ရှိပါတယ်။ သို့သော် ကဏ္ဍ(၁)မှာ နည်းပညာ ရန်ပုံငွေအထောက်အပံ့တို့ဖြင့် ညှိနှိုင်းဆောင်ရွက်ရန် ဖော်ပြထားသော်လည်းပဲ ကျွန်တော့်မဲဆန္ဒနယ်မှာ မြို့နယ်အဆင့်ကို သတိပေးလမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူဖို့တိုက်တွန်းခဲ့တာ တစ်နှစ်ကျော်ကြာသည် အထိ ရန်ပုံငွေမရှိလို့ အကောင်အထည်ဖော်မပေးနိုင်ကြပါဘူး။ ဒါကြောင့် စီမံချက်တိုင်း သီးခြားခေါင်းစဉ်နဲ့ ဘတ်ဂျက်ချပေးဖို့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံအဆင့်မဆိုထားနှင့် ကမ္ဘာ့တစ်ဝန်းလုံးမှာရှိတဲ့ ယာဉ်မတော်တဆမှုတွေမှ လူ့အရင်းအမြစ်ဆုံးရှုံးနေမှုသည် ၂၄ စက္ကန့်တွင် တစ်ဦးနှုန်းသေဆုံးနေကြောင်းတွေ့ရ၍ ယခုလုပ်ငန်း၏ အရေးပါမှုကို တွက်ဆလို့ရနိုင်ပါတယ်။ စီမံချက်အမှတ်(၈) ကဏ္ဍ၏ အမှတ်စဉ်(၄) တွင် အမောင်းလိုင်စင်မဲ့နှင့် ယာဉ်မှတ်ပုံတင်မဲ့မောင်းနှင်မှုများကို ထိရောက်စွာ အရေးယူဖို့ ကာလတိုဖြင့်ပြထားပါတယ်။ ဒီလုပ်ငန်းကတော့ စဉ်ဆက်မပြတ်အရေးယူသင့်ပါတယ်။ ယာဉ်မှတ်ပုံတင်မဲ့တွေကိုရော စစ်ဆင်ရေးလုပ်ပြီးဖမ်းနေပါရဲ့လားလို့ မေးခွန်းထုတ်စရာရှိပါတယ်။

**မူကြမ်း**

မှတ်ပုံတင်မဲ့ရောင်းဝယ်တာကိုတော့ မသိကျိုးကျွံပြုသလိုဖြစ်နေတဲ့အတွက် လူထုမှာ ရှေးကာလများလို ဒေသလိုင်စင်တွေလုပ်ပေးမည်ထင်ပြီး လုပ်ငန်းသုံးဖို့ဝယ်မိတာရှိပါတယ်။ အခုတော့ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်နေကုန်တာကိုလည်းပဲ ဘယ်လိုကုစားပေးမလဲလို့ ထည့်သွင်းစဉ်းစားဖို့ တင်ပြချင်ပါတယ်။ ယာဉ်မှတ်ပုံတင်အသစ်ပြုလုပ်တာ၊ လဲတာကိုလည်း လွယ်ကူမြန်ဆန်စွာလုပ်ပေးနိုင်ဖို့ ကြိုပြီး လုပ်ထုံးလုပ်နည်းများကို ပြင်ပေးစေလိုပါတယ်။ ယာဉ်မှုတွေကို အချိန်မြန်ဆန်ထိရောက်သော အရေးယူမှုလည်း လုပ်ပေးဖို့လိုပါတယ်။ သာမန်ယာဉ်တိုက်မှုတစ်မှု တရားရုံးရောက်ဖို့ သုံးလကျော်ကြာနေတဲ့ အခြေအနေတွေရှိပါတယ်။ သာဓကပြပါမယ်။ တလောက ကျွန်တော့်တူက အိမ်ရှေ့ပလပ်ဖောင်းဘေး ညာဘက်ကပ်ပြီး စက်သတ်ရပ်ထားတာကို လိုင်စင်မဲ့မြို့တွင်းအရှိန်းပြင်စွာမောင်းနှင်လာတဲ့ မော်တော်ဆိုင်ကယ်တစ်စီးကနေပြီးတော့မှ အနောက်ကနေ ဝင်တိုက်ပါတယ်။ မော်တော်ဆိုင်ကယ်ရဲ့ ခဲကျစ်နံပါတ်ကို ကညနရုံးပို့ပြီး မှတ်ပုံတင်လုပ်ထားခြင်းရှိ/မရှိ လှမ်းမေးထားတဲ့ ပြန်စာမရလို့ သုံးလလောက်ကြာသည်အထိ မဆွဲတင်နိုင်သေးတာကို တွေ့ရှိရပါတယ်။ သက်သေခံဥပဒေအရ သက်သေပြရန် တာဝန်ဟာ စွပ်စွဲသူထံရှိတာကို ကျွန်တော်သိပါတယ်။ ဒီအမှုမျိုးမှာ တရားလိုဟာ စခန်းမှူးဖြစ်ပါတယ်။ ရဲစခန်းရဲ့ ပထမသတင်းပေးတိုင်ကြားချက်သည်လည်းကောင်း၊ သက်သေခံပစ္စည်းသိမ်းတဲ့ ရှာဖွေပုံစံသည်လည်းကောင်း၊ သက်သေခံဝင်ပါတယ်။ အဲဒီမှာဖမ်းဆီးစဉ်က ယာဉ်မှတ်ပုံတင်မပြနိုင်ကြောင်း ရေးသားချက်ဟာ စွပ်စွဲသူပြတဲ့သက်သေခံပါပဲ။ အမည်ပိုင်ပြရန် တာဝန်ကတော့ စွပ်စွဲခံရသူထံမှာရှိတာဖြစ်ပါတယ်။ အမှုတရားရုံးရောက်မှ က.ည.န နဲ့ပေါင်းပြီးတော့ လိုင်စင်မှတ်ပုံတင်တွေလာလာပြတဲ့အတွက် ကြိုမေးတယ်လို့ ကျွန်တော်သိခဲ့ရပါတယ်။ ယာဉ်တိုက်ပြီးမှ ပြတဲ့လိုင်စင်၊ နေ့စွဲနဲ့ တိုက်တဲ့နေ့စွဲနဲ့တိုက်ဆိုင်ကြည့်မယ်ဆိုရင် တိုက်ပြီးမှ လုပ်ပေးတယ်ဆိုရင် ကျွန်တော်တို့က အဂတိတိုက်ဖျက်ရေးဥပဒေပုဒ်မထပ်တပ်ပြီးတော့ ဆွဲတင်ရုံပဲရှိပါတယ်။ ဒါကြောင့် ယာဉ်မှုများမြန်ဆန်စွာစီရင်နိုင်ဖို့ကို အောက်ခြေထိစုံစမ်းလေ့လာပြီး ပြုပြင်ပေးကြရန်ကိုလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် Plead Maker များကို တိုက်တွန်းအပ်ပါတယ်။ လူထုကို ယာဉ်လမ်းစည်းကမ်းများ ပညာပေးခြင်းဟာ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းဖြစ်၍ အလွန်ကောင်းပါတယ်။ ဒီလုပ်ငန်းမှာလည်း ကလေးသူငယ်များက စတာအမှန်လို့ဖြစ်ပါတယ်။ ပညာရေးဌာနအနေဖြင့် မည်သည့်အတွက်ကို သင်ရိုးညွှန်းတမ်းထဲ ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ စီမံချက်ထဲမှာပါသော်လည်းပဲ ကနေ့ထိပြဋ္ဌာန်းထားတာမတွေ့ရှိရသေးပါဘူး။ မြန်မာနိုင်ငံရဲက Mobile ယာဉ်ဖြင့်ပညာပေးရုံလောက်နဲ့ မလုံလောက်ပါဘူး။ ထိရောက်လား/မထိရောက်လားဆိုတာ နေပြည်တော်လိုနေရာမျိုးမှာ ကျွန်တော်တို့ကိုယ်စားလှယ်များက စည်ပင်(၂)ဝင်ရ၊ ယာဉ်တန်းထွက်တိုင်း ရှေ့ပွိုင့်မော်တော်ပီကေ က အချက်ပြနေလျက်နဲ့ကို ဖြတ်မောင်းနေတဲ့ယာဉ်၊ ကားတွေ မကြာမကြာကြုံတွေ့ရပါတယ်။ ဒါကို ယာဉ်တန်းဦးစီးနဲ့မော်တော်ပီကေကို သက်သေတည်လို့တောင်ရပါတယ်။ လက်ရှိဖြစ်နေတဲ့ အခြေအနေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာသူက အန္တရာယ်ရှိနေတဲ့အခြေအနေမျိုးဖြစ်ပါတယ်။ ကျော်တက်တဲ့ယာဉ်က ယာဘက်ကတက်နေတဲ့အခြေအနေပါ။ လူထုအသံတစ်ခုကို တင်ပြရမယ်ဆိုရင် ယာဉ်သုံးတဲ့သူတွေကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဘာလဲလို့မေးရင် ကြည့်ကြပ်မောင်းလို့သာဖြေပါတယ်။ ဒီလိုအခြေအနေတွေကြောင့် အရှိန်အဟုန်မြှင့်ဖို့တိုက်တွန်းတဲ့

လေးမျက်နှာက ဦးဇော်မင်းသိန်းရဲ့အဆိုကို အပြည့်အဝထောက်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။တောင်သာမဲဆန္ဒနယ်က ဦးစစ်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစစ်အေး(တောင်သာမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ လေးမျက်နှာမဲဆန္ဒနယ်က ဦးဇော်မင်းသိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ယာဉ်တိုက်မှုတွေက တစ်နေ့တခြားတိုးပွားလာတာတော့ အမှန်ပါ။ ဒီယာဉ်တိုက်မှု တွေတိုးပွားလာတဲ့ အကြောင်းအရင်းအချက်အလက်က အဓိကကတော့ စည်းကမ်းမလိုက်နာမှုလို့ပဲ ကျွန်တော်မြင်ပါတယ်။ ဒီကနေ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ ထုတ်ပြန်ထားတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းကြီးကြပ်မယ့်အဖွဲ့တွေလည်း ဖွဲ့ထားပြီးသားဖြစ်ပါတယ်။ သို့သော် တကယ့်လက်တွေ့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို လိုက်နာအောင် ကြီးကြပ် ထိန်းသိမ်းမှုလည်းအားနည်းတယ်။ နောက်ပြီးတော့ စည်းကမ်းဖောက်ဖျက်မှုတွေ တွေ့နေ၊ မြင်နေ သားနဲ့ ထိရောက်တဲ့အရေးယူမှုတွေ အားနည်းတာကိုလည်း ကျွန်တော်တို့ မြင်နေရပါတယ်။ အဲဒီတော့ တကယ်တမ်းဆိုရင် ကျွန်တော်တို့က စည်းကမ်းထိန်းသိမ်းရေးအားကောင်းဖို့လည်း လိုသလို စည်းကမ်းထိန်းသိမ်းမှုအဖွဲ့တွေအင်အားလည်း ကောင်းဖို့လိုပါတယ်။ ဒီကနေ့ ကျွန်တော်တို့ တိုင်းပြည် မှာ အထူးသဖြင့် ရဲတပ်ဖွဲ့အင်အားဟာ စည်းကမ်းထိန်းသိမ်းဖို့ မလုံလောက်ဘူးလို့ ကျွန်တော်တို့မြင်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ်မှာ ပြည်ထဲရေးဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးကတော့ ကျွန်တော်တို့တိုင်းပြည် မှာ လူဦးရေ ၆၅၀ မှာ ရဲတစ်ယောက်နှုန်းရှိပါတယ်လို့ ပြောသွားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မြို့နယ် အသီးသီးမှာတော့ အဲဒီနှုန်းအတိုင်း မရှိပါဘူး။ ကျွန်တော်တို့မြို့နယ် အသီးသီးမှာ ပျမ်းမျှခြင်းအားဖြင့် လူဦးရေ ၂၀၀၀ မှရဲတစ်ယောက်နှုန်းလောက်ဖြစ်နေပါတယ်။ အထူးသဖြင့် ကျွန်တော်တို့တောင်သာ မြို့နယ်ဆိုရင် လူဦးရေ ၂၅၀၀၀၀ ခန့်ရှိပါတယ်။ ရဲက ၁၀၈ ဦးပဲရှိပါတယ်။ ရဲတပ်ဖွဲ့အင်အား ၁၀၈ ဦးပဲ ရှိပါတယ်။ အဲဒီတော့ လူ ၂၄၀၀ မှာ ရဲတစ်ဦးဆိုတဲ့ အချိုးဖြစ်နေပါတယ်။ အဲဒီတော့ အပြည်ပြည် ဆိုင်ရာ Police Law မှာတော့ လူဦးရေ ၄၀၀ မှာ ရဲတစ်ယောက်ရှိရမယ်။ ကျွန်တော်တို့တိုင်းပြည်မှာ လူဦးရေ ၆၅၀ မှာ ရဲတစ်ယောက်ရှိပေမဲ့ မြို့နယ်တွေမှာတော့ လူဦးရေ ၂၀၀၀ မှ ရဲတစ်ယောက်နှုန်း ဖြစ်ပါတယ်။ ဒါကြောင့် ရဲတပ်ဖွဲ့ဝင်အင်အားနည်းတဲ့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို ထိန်းသိမ်းတဲ့နေရာမှာ အင်အားမလုံလောက်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့က တစ်လမှ တစ်ကြိမ်လောက်ပဲ Surprise Check လုပ်တယ်။ နောက်ပြီး လမ်းဆုံ၊ လမ်းဂွလေးလောက်ပဲ လုပ်တယ်။ လမ်းအသီးသီးမှာ စည်းကမ်းထိန်းသိမ်းရေးတွေ မလုပ်နိုင်တာကို တွေ့နေရပါတယ်။ ဒါကြောင့် ဒီနေ့ ဒီယာဉ်တိုက်မှုတွေပပျောက်အောင် စည်းကမ်းထိန်းသိမ်းရေးအားကောင်းအောင် လုပ်ဖို့ရယ်၊ စည်းကမ်းထိန်းသိမ်းတဲ့အဖွဲ့တွေ အင်အားကောင်းဖို့လည်းလိုသလို ဒီလိုစည်းကမ်း ဖောက်ဖျက်နေတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်နေတာ တွေ့နေရဲ့သားနဲ့ အရေးမယူမှု တွေ မဖြစ်သင့်တဲ့အတွက် ဒီအချိန်ကစပြီး ထိရောက်တဲ့အရေးယူမှုတွေ လုပ်လာရင် ယာဉ်စည်းကမ်း၊

လမ်းစည်းကမ်းတွေ ကောင်းလာလိမ့်မယ်။ အဲဒီလို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ လိုက်နာလာရင် ယာဉ်တိုက်မှုတွေလည်း နည်းနိုင်သမျှနည်းလာမယ်လို့မြင်တယ်။ ကျွန်တော် လေးမျက်နှာမဲဆန္ဒနယ်က ဦးဇော်မင်းသိန်းရဲ့အဆိုကို ထောက်ခံတင်ပြလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း ဖြစ်ပါတယ်။ ဒီကနေ့မှာ လေးမျက်နှာမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ယာဉ်တိုက်ခိုက်မှုရဲ့အကြောင်းအရင်းများနဲ့ ယာဉ်တိုက်ခိုက်မှုအကြိမ်အရေအတွက်ကို ဖော်ပြထားတာဖြစ်ပါတယ်ခင်ဗျား။ ဒီဇယားချက်ကို ကြည့်မယ်ဆိုရင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပျက်ကွက်မှုရဲ့ရာခိုင်နှုန်းနဲ့အကြိမ်ကများတယ်ဆိုတာကို ပေါ်လွင်ပါတယ်ခင်ဗျား။ ဒါကတော့ တစ်နိုင်ငံလုံးမှာဖြစ်ပွားခဲ့တဲ့ယာဉ်တိုက်ခိုက်မှုတွေ၊ ဒဏ်ရာရရှိမှုတွေ၊ သေဆုံးမှုတွေကို နှိုင်းယှဉ်ပြထားတာပါခင်ဗျား။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာဆိုရင် လူ ၄၀၀၀ ကျော်၊ ၅၀၀၀ လောက်က ယာဉ်တိုက်ခိုက်မှုနဲ့အသက်ပျက်စီးခဲ့ရတာပါခင်ဗျား။ ဒါကတော့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်မှာဖြစ်ပွားခဲ့တဲ့ စာရင်းဇယားများ ဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၆ ခုနှစ်မှာတော့ ၁၆၀ ကျော်နဲ့ ၂၀၁၇ ခုနှစ်မှာတော့ ၁၁၀ ကျော်၊ ၁၁၅ ဦးဆုံးရှုံးခဲ့ရပါတယ်ခင်ဗျား။ ကျွန်တော်တို့ တစ်ကမ္ဘာလုံးမျှော်မှန်းချက်အနေနဲ့ ယာဉ်တိုက်ခိုက်မှုတွေ Zero အထိရောက်သွားအောင် ကုလသမဂ္ဂဦးဆောင်ပြီးတော့ ဆောင်ရွက်နေသလို ကျွန်တော်တို့တိုင်းပြည်မှာလည်း NRSC ကနေပြီးတော့ National Road Safety Action Plan ဆိုပြီးတော့ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်လည်း ရှိပါတယ်ခင်ဗျား။ ဒါကတော့ နိုင်ငံတော်အစိုးရအနေနဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် နိုင်ငံတကာသဘောတူစာချုပ်တစ်ရပ်ဖြစ်တဲ့ Vienna Convention for Road Traffic 1968 နှင့် Road Sign and Signal တို့ကို လက်ခံကျင့်သုံးဖို့အတွက်ကို ဒီနှစ် ဒီလပါပဲ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီးကနေပြီးတော့ ပြည်ထောင်စုလွှတ်တော်ကိုလည်း လာရောက်ရှင်းလင်းတင်ပြခဲ့တဲ့ခတ်ပုံအထောက်အထားဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ NRSC ရဲ့ဒုတိယသမ္မတ(၂)ဦးဆောင်ပြီးတော့ ဆောင်ရွက်နေတဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအမျိုးသားကောင်စီကနေဆောင်ရွက်နေတဲ့ မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် မဏ္ဍိုင်ကြီးငါးရပ်ချပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အချိန်အတိုင်းအတာအရ နံပါတ်(၅)အချက်ဖြစ်တဲ့ ယာဉ်တိုက်ခိုက်မှုဖြစ်ပွားပြီးလျှင်ပြီးချင်း ထုတ်ပြန်ဆောင်ရွက်မှု Emergency Response ပိုင်းကို ဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။ ဒါကတော့ အောက်တိုဘာလ

၁ ရက်နေ့ ၂၀၁၈ ခုနှစ် ည ၁၁ နာရီကျော်လောက်မှာ မိုင်တိုင်(၂၂၉) မိုင်နဲ့ ၂ ဖာလုံနဲ့ ၃ ဖာလုံကြားမှာ လေအိတ်ပေါက်ပြီးတော့ လမ်းဘေးချပြီးတော့ ပြုပြင်နေတဲ့ခရီးသည်တင် Express ကားကို ကျန်တဲ့ ခရီးသည်တင်ကားတစ်စီးကနေ ဝင်တိုက်ခဲ့တဲ့မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်ခင်ဗျား။ အဲဒီဖြစ်စဉ်မှာ ဆိုလို့ရှိရင် ၁၅ ဦးသေဆုံးပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့စာရင်းဇယားများအရ ၄၁ ဦးဒဏ်ရာရရှိကြောင်း သိရှိရပါတယ်ခင်ဗျား။ ဒါကတော့ ထိခိုက်ဒဏ်ရာရတဲ့လူတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနဲ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များဆိုပြီးတော့ ဆေးရုံကိုပို့ဖို့အတွက် ပြင်ဆင်နေကြတာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ နိုင်ငံတကာမှာသုံးစွဲနေတဲ့ ကြက်ခြေနီ Ambulance ကားများပဲဖြစ်ပါတယ်ခင်ဗျား။ ဘယ်ဘက်ကအဝါရောင်ကားများကတော့ နိုင်ငံတကာကပုံတွေဖြစ်ပြီးတော့ ညာဘက်က အဖြူရောင်ကားကတော့ ပြီးခဲ့တဲ့ဒီဇင်ဘာလက ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးခွင့်ပြုခဲ့တဲ့ ယူရိုသန်း ၅၀ နဲ့ ဥရောပသမဂ္ဂရဲ့တစ်စိတ်တစ်ပိုင်းထောက်ပံ့ငွေနဲ့ မြန်မာနိုင်ငံအစိုးရရဲ့ချေးငွေနဲ့ဝယ်ထားတဲ့ မီးသတ်ကား ၇၅ စီးထဲမှာပါဝင်တဲ့ Ambulance ကား ငါးစီးဖြစ်ပါတယ်ခင်ဗျား။ ဒီ Ambulance ကားများမှာပါဝင်တဲ့ Facility များဖြစ်ပါတယ်ခင်ဗျား။ ဒီ Facility များနဲ့မှသာ Emergency Response လုပ်တဲ့အခါမှာ ဆေးရုံမရောက်ခင်မှာကိုက ဒီလူနာကို Treatment ပေးနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတကာမှာကတော့ ဒီအချိန်ကို ပိုပြီးတော့တိုတောင်းရန်အတွက် Ambulance Service အစားကို မော်တော်ဆိုင်ကယ် Service များကိုပါပေးပြီးတော့ အချိန်ကိုဆွဲပြီးတော့၊ ကျုံ့ပြီးတော့ အမြန်ဆုံးကုသမှုပေးနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ Ambulance Service နဲ့ဆိုရင် ရှစ်မိနစ်ကနေ ၁၀ မိနစ်အတွင်းမှာ Treatment ပေးနိုင်သလို ဒီ ဆိုင်ကယ် Service နဲ့ဆိုရင် သုံးမိနစ်ကနေ ငါးမိနစ်အတွင်းမှာပေးနိုင်တဲ့အတွက် ဒါကိုထိထိရောက်ရောက်နဲ့သုံးစွဲနေကြပြီ ဖြစ်ပါတယ်ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း နိုင်ငံသားတိုင်းဟာ နိုင်ငံတော်ကချမှတ်ထားတဲ့ ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူပိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်ခင်ဗျား။

နိဂုံးချုပ်အနေနဲ့ကတော့ ယာဉ်တိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုများလျှော့ချနိုင်ရေးအတွက် ဒီ EMS Ambulance Services ကို ရန်ကုန်-မန္တလေး အမြန်လမ်းအပါအဝင် မြန်မာတစ်နိုင်ငံလုံးကို ထိထိရောက်ရောက်ဆောင်ရွက်သင့်ပါကြောင်း တင်ပြရင်း ဦးဇော်မင်းသိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းက တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ရှင်းလင်းဆွေးနွေးမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့ဦးစွာ အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် အဆိုကိုထောက်ခံဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအဆိုတွင် တင်ပြခဲ့သည့်အတိုင်း ယာဉ်မတော်တဆထိခိုက်မှုကြောင့် ပြည်သူလူထုအသက်နှင့် လူမှုစီးပွားရေးဘဝ ဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ၊ မြန်မာနိုင်ငံတွင် ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းလာစေရန်နှင့် မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက်(၂၀၁၄-၂၀၂၀)ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(National Road Safety Council-NRSC) ကို နိုင်ငံတော်သမ္မတရုံးမှ ၃၁-၅-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါတယ်။ ဆက်လက်၍ ဆပ်ကော်မတီလေးရပ်နှင့် လုပ်ငန်းအဖွဲ့ (Task Force) များဖွဲ့စည်း၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းလင်းရေးလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်မှုညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် ဇွန်လကတည်းက လွှတ်တော်ကိုယ်စားလှယ်ကြီးအဆိုတွင် တင်ပြချက်တွင်ပါရှိသည့် နှစ်စဉ်လူသေဆုံးမှုကို စီမံချက်ကာလအတွင်း ၅၀ ရာခိုင်နှုန်းလျှော့ချရန် အစရှိတဲ့ ရည်မှန်းချက်ငါးရပ်ဖြင့် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက်(၂၀၁၄-၂၀၂၀)ကို ရေးဆွဲထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ အဆိုပါစီမံချက်၌ ၂၀၁၃ ခုနှစ်ကို အခြေခံနှစ်အဖြစ်သတ်မှတ်လျက် ရည်မှန်းချက်များကို ချမှတ်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းကဏ္ဍ ၁၂ ရပ်အတွက် လုပ်ငန်းစဉ်ပေါင်း ၁၀၁ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် ဇွန်လကုန်အထိ စိစစ်ချက်များအရ လုပ်ငန်းစဉ် ၁၀၁ ချက်နှင့် လုပ်ငန်းစဉ် ၇၉ ရပ်ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့်လုပ်ငန်းစဉ် ၂၂ ရပ်မှာ ဆောင်ရွက်နိုင်ခြင်းမရှိနေသည့်အတွက် သက်ဆိုင်ရာဆပ်ကော်မတီနှင့် ဌာနအဖွဲ့အစည်းများအနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် စီမံချက်သတ်မှတ်ကာလအတွင်း ထိရောက်သောတိုးတက်မှုရရှိရေးအတွက် တွန်းအားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ စီမံချက်ပါလုပ်ငန်းစဉ်များအပြင် အချိန်တိုအတွင်း ဖြစ်မြောက်မြန်ဆန်သောအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် NRSC မှ Quick Win အစီအမံငါးရပ်ချမှတ်၍ တွန်းအားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ ကွေ့ကွင်းအစီအမံငါးရပ်ကတော့ (၁) မော်တော်ယာဉ်မောင်းသူနှင့် လိုက်ပါစီးနင်းသူများ သက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်ခြင်း၊ (၂) မော်တော်ဆိုင်ကယ်စီးသူများ အရည်အသွေးပြည့်မီသော ဆိုင်ကယ်

ဦးထုတ်များ ဝတ်ဆင်မောင်းနှင်စေရေး၊ (၃) အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမရှိစေရေး၊ (၄) မော်တော်ယာဉ်မောင်းနှင်သူများ လက်ကိုင်ဖုန်းအသုံးမပြုစေရေး၊ (၅) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမရှိစေရေးတို့ဖြစ်ပါတယ်။ NRSC က ချမှတ်ထားတဲ့လုပ်ငန်းအစီအမံများကို သက်ဆိုင်ရာဆပ်ကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများအနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ကွေ့ကွင်းစီမံချက်တစ်ခုချင်းအလိုက် ပညာပေးမှု၊ စစ်ဆေးဆောင်ရွက်မှု၊ အရေးယူမှုအခြေအနေများကို တင်ပြထားခြင်းဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍လည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန် လမ်းမကြီးတစ်လျှောက်တွင် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တင်ပြခဲ့သည့်အတိုင်း ဆောင်ရွက်လျက်ရှိသော်လည်း အဆိုရှင်ကိုယ်စားလှယ်ကြီးဆွေးနွေးခဲ့သည့်အတိုင်း မြို့နယ်ဒေသများမှာ ဆိုင်ကယ်စီးရင်းဦးထုပ်မဆောင်းကြသူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုပင် မှန်အောင်မဖြေဆိုနိုင်သူများ၊ အသက်ကယ်ခါးပတ်ကိုအသုံးမပြုဘဲ မောင်းနှင်စီးနင်းနေသူများ စသဖြင့် စည်းကမ်းလိုက်နာမှု ကိုယ်ပိုင်အသိတရားဖြင့် မိမိအသက်ခန္ဓာကို ကာကွယ်စောင့်ရှောက်မှုပိုင်းတွေမှာ အားနည်းနေသေးသည်မှာ အမှန်ပင်ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းဖြစ်သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အားနည်းပါးပြီး ယာဉ်စီးရေလူဦးရေနှင့် ရဲတပ်ဖွဲ့ဝင် အချိုးအစားမမျှမတ မနိုင်မနင်းရှိနေသေးသည်မှာလည်း အမှန်ပင်ဖြစ်ပါတယ်။ သို့သော် ထိုသို့အချိုးအစားမမျှတသည့်အကြားမှာပင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအပါအဝင် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် တတ်စွမ်းသမျှအသိပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ထိန်းကျောင်းခြင်း၊ စစ်ဆေးအရေးယူခြင်းများကို နေ့မအား၊ ညမနား အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေကြသည်မှာလည်း အမှန်ပင်ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းဆုံ၊ လမ်းခွများ၊ မီးပွိုင့်များ၊ အဝိုင်းပတ်များ၊ လူကူးမျဉ်းကြားများ၊ စာသင်ကျောင်းများ၊ လူစည်ကားရာနေရာများတွင် နေ့စဉ်တာဝန်ချထားပြီး ယာဉ်၊ လမ်းရှင်းလင်းရေးဆောင်ရွက်ပေးခြင်း၊ နေ့ထူးနေ့မြတ်ပျော်ပွဲရွှင်ပွဲများ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်သော အချိန်အခါများတွင် ယာဉ်လမ်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ယာဉ်လမ်းအသုံးပြုသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာသတ်မှတ်ချက်များ၊ အသိပညာပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိသည့်ယာဉ်မောင်းများကိုလည်း မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀

ရက်နေ့အထိ မော်တော်ယာဉ် ၃၀၅၃၃ စီး၊ ဆိုင်ကယ် ၂၅၂၅၅၀ စီး၊ ထော်လာဂျီ ၁၀၂၂ စီး၊ သုံးဘီး ၁၈၃၂ စီးတို့မှ ယာဉ်မောင်း ၂၈၅၉၃၇ ဦးကို အရေးယူဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာမူဝါဒများ ပြောင်းလဲဖြေလျှော့ပေးခဲ့မှုကြောင့် မော်တော်ယာဉ် စီးရေဟာ တစ်နှစ်ထက်တစ်နှစ် လျင်မြန်စွာတိုးတက်များပြားလာလျက်ရှိရာ ၂၀၁၃ ခုနှစ် နှစ်ကုန်တွင် ယာဉ်စီးရေ ၄.၀၁၇ သန်းရှိခဲ့ရာမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ၇.၁၅၈ သန်းရှိလာသဖြင့် လေးနှစ်ကျော်အတွင်း ယာဉ်စီးရေသုံးသန်းကျော်တိုးတက်များပြားလာကြောင်း တွေ့ရှိရပါတယ်။ သာမန်အားဖြင့် ယာဉ်စီးရေတိုးလာမှုနှင့် ယာဉ်တိုက်ခိုက်မှုသည် ဆက်စပ်လျက်ရှိသော်လည်း NRSC မှ ချမှတ်ထားသော အစီအမံများကို အားလုံးက အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသောကြောင့် ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးမှုသည် အခြေခံနှစ်ဖြစ်သည့် ၂၀၁၃ ခုနှစ်တွင် ယာဉ်စီးရေ ၁၀၀၀၀ လျှင် ၉.၂၆ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၇.၇၄ သို့ အဆင့်ဆင့်လျော့ကျလာခဲ့ ကြောင်း တွေ့ရှိရပါတယ်။ Action Plan ၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၂၀ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း အထိ လျှော့ချရန်မလွယ်ကူသော်လည်း လျော့ကျမှုရှိအောင် ထိန်းထားနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်လည်း ဆက်လက်လျော့ကျနိုင်ကြောင်း ခန့်မှန်းရရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်(WHO)က ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်တဲ့ Global Status Support and Road City 2018 အစီရင်ခံစာ တွင် ပါရှိတဲ့ WHO ရဲ့ စစ်တမ်းအရ ၂၀၁၃ ခုနှစ်ကိုအခြေခံ၍ ၂၀၁၆ ခုနှစ် လမ်းအသုံးပြုမှုကြောင့် သေဆုံးမှုနှုန်း နှိုင်းယှဉ်ချက်ဇယားမှာ ကမ္ဘာ့ဒေသအသီးသီးတွင် သေဆုံးမှုနှုန်းများ သိသာစွာလျော့ကျ ခြင်းမရှိသည့်အပြင် အရှေ့တောင်အာရှ၊ အာဖရိကနှင့် Asian Military ဒေသတို့တွင် တိုး၍မြင်လာခဲ့ ကြောင်း တွေ့ရှိရပါတယ်။

အဆိုပါ ၂၀၁၈ ခုနှစ် WHO Report တွင် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေ တစ်သိန်းမှာ ယာဉ်တိုက်မှုကြောင့် သေဆုံးမှုနှုန်းကို လေ့လာကြည့်ရာမှာလည်း ၂၀၁၃ ခုနှစ်အခြေ အနေနှင့် ၂၀၁၆ ခုနှစ်အခြေအနေတွေမှာ အတက်အကျအနည်းငယ်သာရှိခဲ့ပြီး သိသိသာသာလျော့ကျ လာခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံအသီးသီးအနေနဲ့ Road Safety Measure ကိုယ့်အတိုင်းအတာနဲ့ကိုယ် အကောင်အထည်ဖော်ဆောင်ရွက်နေကြသော်လည်း သိသာထင်ရှားတဲ့ ထိရောက်အောင်မြင်မှုမျိုးမရသေးဘူးလို့ သုံးသပ်ရမှာဖြစ်ပါတယ်။ WHO က ၂၀၁၃ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အသီးသီးမှာ ထုတ်ပြန်ခဲ့တဲ့ Report များပါစစ်တမ်းများအရ ကမ္ဘာတစ်ဝန်းရှိ ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးမှုများမှာ တိုးလာခဲ့ကြောင်း သိရှိရပါတယ်။ ဒါကြောင့် Road Safety ကို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ 2020 Target တွေ၊ 2030 Target တွေ ချမှတ်ဆောင်ရွက်နေကြ သော်လည်း ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးမှုနှုန်းဟာ ကျရိပ်မရှိသေးကြောင်း စိတ်မကောင်းဖွယ်ရာ တွေ့ရှိရမှာဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာလည်း ထိန်းချုပ်ဖို့ခက်ခဲနေဆဲပဲဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။ NRSC အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကောင်စီများအလိုက် တွန်းအားပေးဆောင်ရွက်စေလျက်ရှိသည့် အပြင် စုဖောင်ဒေးရှင်း၊ WHO၊ ADB တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ စုဖောင်ဒေးရှင်း

အနေဖြင့် မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ်ကြောင့် မတော်တဆထိခိုက်မှုဒဏ်ရာရမှု၊ သေဆုံးမှုများ၊ လျှော့ကျလာစေရေးအတွက် Feasibility Study For Helmet Manufacturing in Myanmar ကို ဆောင်ရွက်ခဲ့တဲ့အပြင် Regional Workshop From Motor Cycle Helmet and Minimum City Requires ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားခဲ့သလို NRSC ယာဉ်တိုက်ခိုက်မှုဆိုင်ရာ ကိန်းဂဏန်းညွှန်းတမ်းအချက်အလက်များမှာ မပါဝင်ဘဲ ပြည်သူအချင်းချင်း နှစ်ဖက်ကျေအေးလိုက်ကြတဲ့ အသေးဖွဲ့ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်အချို့ လည်းရှိမှာဖြစ်ပါတယ်။ သို့သော် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာကြီးမားသည့် လူအသေအပျောက်မှု ရှိသည့်ဖြစ်စဉ်မျိုးမှာတောင် NRSC ထိခိုက်ဒဏ်ရာရမှုဆိုင်ရာ စာရင်းအချက်အလက်များတွင် မလွဲမသွေပါဝင်ခြင်းဖြစ်ပါတယ်။ ထို့ထက်ပို၍ အချက်အလက်များ ပြည့်ပြည့်စုံစုံပါဝင်အောင်လည်း အဘက်ဘက်မှအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ADB မှ ယာဉ်တိုက်ခိုက်မှု အချက်အလက်များကို အသေးစိတ် တွက်ချက်ဆန်းစစ်နိုင်ရန် Load Crash Data based System ကို ကူညီပံ့ပိုးပေးခဲ့ပြီးတော့ ယခုအခါ ၎င်းစနစ်ကို လက်တွေ့အသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့မှဝန်ထမ်းများကို လေ့ကျင့်သင်ကြားမှုများ ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၁-၁-၂၀၁၉ ရက်နေ့မှစတင်၍ အဆိုပါစနစ်ကို အသုံးပြုလျက် ပိုမိုတိကျမှန်ကန်သော ယာဉ်တိုက်ခိုက်မှုဆိုင်ရာစာရင်းအချက်အလက်များကို ထုတ်ပြန်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။ Load Crash Data Based System အသစ်ကို စတင်အသုံးပြုဆောင်ရွက်ချိန်တွင် အထက်၌ဆွေးနွေးခဲ့ သည့် နှစ်ဖက်ပြေလည်ကျေအေးမှုကြောင့် NRSC ယာဉ်တိုက်ခိုက်မှုစာရင်းများတွင် မပါဝင်လာသည့် ကိစ္စရပ်များ ပြည့်ပြည့်စုံစုံပါဝင်လာနိုင်ရေးအတွက် NRSC အနေဖြင့် ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးအဖြေရှာလျက်ရှိပါတယ်။ NRSC အနေဖြင့် တိုးတက်မှုရှိအောင်၊ ပိုမိုပြည့်စုံမှုရှိအောင် ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ လက်ရှိယာဉ်တိုက်ခိုက်မှုစာရင်းအချက်အလက်များအရ မော်တော်ဆိုင်ကယ်ယာဉ်တိုက်မှုသည် စုစုပေါင်းယာဉ်တိုက်ခိုက်မှုရဲ့ ၄၉.၄၄ ရာခိုင်နှုန်းရှိနေတဲ့ အတွက် မော်တော်ဆိုင်ကယ်စီးနင်းသူများ အထူးပြုပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း၊ အရေးယူ ခြင်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာအားဖြင့် ဆိုင်ကယ်နောက်ပိုင်းနှင့် ဆိုက်ကယ်စီး ဦးထုပ်၏နောက်၌ ရောင်ပြန်စတစ်ကာများကပ်စေရေးနှင့် လိုက်နာမှုမရှိပါက စစ်ဆေးအရေးယူ နိုင်ရေး၊ လူငယ်ပိုင်းနှင့် လူရွယ်ပိုင်းများ ယာဉ်တိုက်ခိုက်မှုအဖြစ်များနေသည့်အတွက် အဆိုပါ အသက် အပိုင်းအခြားများအား Target Group ဖြင့်သတ်မှတ်၍ယာဉ်တိုက်ခိုက်မှု လျှော့ကျရေးစည်းရုံးပညာ ပေးမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယာဉ်မောင်းလိုင်စင်နှင့်စပ်လျဉ်း၍ တင်ပြရပါလျှင် NRSC အနေဖြင့် ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ယာဉ်မောင်း သင်တန်းကျောင်းများကို စနစ်တကျစိစစ်ကြပ်မတ်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိသည့်နည်းတူ ယာဉ်မောင်းလိုင်စင်များကို စနစ်တကျစိစစ်ထုတ်ပေးနိုင်ရေးကိုလည်း အဆင့်ဆင့်ကြီးကြပ်စိစစ် ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်မောင်းလိုင်စင်စစ်ဆေးအောင်မြင်မှုနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်

ဇန်နဝါရီလမှ အောက်တိုဘာလအထိ တစ်နိုင်ငံလုံးစာရင်းများအရ မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ဖြေဆိုအောင်မြင်မှုနှုန်း ၅၇.၉၂ ရာခိုင်နှုန်း၊ (ခ)ယာဉ်မောင်းလိုင်စင် ဖြေဆိုအောင်မြင်မှုနှုန်း ၃၈.၈ ရာခိုင်နှုန်းနှင့် (င)ယာဉ်မောင်းလိုင်စင်ဖြေဆိုအောင်မြင်မှုနှုန် ၄.၂၈ ရာခိုင်နှုန်း အသီးသီးဖြစ်သဖြင့် အလွယ်တကူဖြေဆိုအောင်မြင်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်တဲ့ငွေကြေးသုံးစွဲနိုင်ရန် လိုအပ်တဲ့အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေးရန်ပုံငွေတစ်ရပ်ထူထောင်နိုင်ရေးကိုလည်း စီမံ ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်အန္တရာယ်ကင်းရှင်းရေးရန်ပုံငွေတစ်ရပ်ထူထောင်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းချက်လိုအပ်တဲ့အတွက် လက်ရှိပြင်ဆင်ရေးဆွဲလျက်ရှိသော ယာဉ်အန္တရာယ်ကင်းရှင်းရေး နှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ(မူကြမ်း)၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း အခန်းတစ်ခန်း သီးခြားထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါ တယ်။ ၎င်းဥပဒေအတည်ပြုပြီးတဲ့အချိန်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးရန်ပုံငွေထူထောင်တဲ့ စနစ် တကျသုံးစွဲပြီး လုပ်ငန်းအစီအမံများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် Road Safety အသိပညာများကို ငယ်ရွယ်နုနယ်စဉ်ကလေးဘဝကပင် ကျွမ်းဝင်နားလည်ဆင်ခြင်နိုင်စေရေး အတွက် အခြေခံပညာအဆင့်ကျောင်းသင်ခန်းစာများတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်း ရေးဆိုင်ရာသင်ခန်းစာများကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ စတင်ထည့်သွင်းပြဋ္ဌာန်း သင်ကြားလျက်ရှိပါတယ်။ ပညာသင်နှစ်အလိုက် ဆက်လက်တိုးချဲ့ပြဋ္ဌာန်းဆောင်ရွက်သွားနိုင်ရေး အတွက် ပညာရေးဝန်ကြီးဌာနမှ စီမံဆောင်ရွက်လျက်ရှိပါတယ်။ NRSC လုပ်ငန်းအစီအမံများကို သတ်မှတ်၍ ဆောင်ရွက်ခဲ့ပြီးတော့ ယနေ့အချိန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ဝင်များဖြင့် အသိပညာပေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ ယာဉ်များ မထွက်ခွာမီ ယာဉ်ရပ်နားစခန်းများ၌ စစ်ဆေးကြပ်မတ်ပညာပေးခြင်းများကို အချိန်နှင့်အမျှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးခဲ့သကဲ့သို့ ယာဉ်တိုက်မှု များကြောင့် ထိခိုက်ဆုံးရှုံးမှုသည် တစ်ဦးချင်းအတွက်၊ မိသားစုတစ်ခုချင်းအတွက် ဆုံးရှုံးမှုသာမကဘဲ နိုင်ငံတော်၏နစ်နာဆုံးရှုံးမှု၊ တစ်မျိုးသားလုံး၏လူမှုစီးပွားဘဝတန်ဖိုးများ ပျက်စီးဆုံးရှုံးမှုအဖြစ် ပြည်သူ များကိုယ်တိုင်က ခံယူရှုမြင်ကြပြီး ကိုယ်ပိုင်အသိတရားဖြင့် လေးစားလိုက်နာကြမှသာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် ကြုံတွေ့ရတဲ့ဘေးဒုက္ခပြဿနာဆိုးများကို ကျော်လွှားလွန်မြောက်နိုင်မှာ ဖြစ်ပါ တယ်။ ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအကြောင်းရင်းနောက်ကို ခြုံငုံသုံးသပ်ကြည့်ပါက ယာဉ်မောင်း စည်းကမ်းပျက်မှု ၉၃.၇၂ ရာခိုင်နှုန်း၊ လမ်းကူးပေါ့ဆမှု ၄.၇၂ ရာခိုင်နှုန်း၊ ယာဉ်ချို့ယွင်းမှု ၁.၅ ရာခိုင်နှုန်း၊ လမ်းချို့ယွင်းမှု ၀.၁၇ ရာခိုင်နှုန်းနဲ့ ရာသီဥတုကြောင့် ၀ ရာခိုင်နှုန်းဖြစ်ကြောင်းသိရှိရပါ တယ်။ အဆိုပါ စိစစ်ချက်များအရ လူကြောင့်ဖြစ်သောယာဉ်တိုက်မှုသည် ၉၈.၄ ရာခိုင်နှုန်းဖြစ်ရာ Road Safety လုပ်ငန်းရည်မှန်းချက်များအောင်မြင်ရေးအတွက် ပြည်သူအားလုံး၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း ထင်ရှားပါတယ်။ ထို့ကြောင့် NRSC အနေဖြင့် ကိုယ်စားလှယ်တော်ကြီးများဆွေးနွေး ခဲ့သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှု၊ လွယ်လင့်တကူချိုးဖောက်မှုများနှင့်ယှဉ်ပါး အသားကျနေတဲ့ ပြည်သူများအား လက်တွေ့ကျသည်အထိ အသိပညာပေးမှု၊ စိစစ်ကြပ်မတ်မှုမျိုးကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက်၍လည်းအရှိန်အဟုန်တိုးမြှင့်တွန်းအားပေး

ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုလက်ရှိတွင် ရည်မှန်းသလောက် ခရီးပေါက်အောင်မြင်မှုမရှိသေးသည့်အတွက် လက်ရှိလုပ်အားနှုန်းထက် အဆများစွာ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန် အားလုံးလည်း တာဝန်ရှိပါတယ်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ အဖွဲ့အစည်းတစ်ခု၏ကောင်းကျိုးအတွက် မဟုတ်ဘဲ ပြည်သူအားလုံး၏နေ့စဉ်ဖြတ်သန်းနေတဲ့ လူမှုစီးပွားပါဝင်ရန်အတွက် လုံခြုံမှုပေးနိုင်အောင် ဆောင်ရွက်ရတဲ့ကိစ္စဖြစ်ရာ NRSC ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသာမက ပြည်သူအားလုံးကပါ Road Safety ကို နိုင်ငံ့အရေး၊ ပြည်သူ့အရေးဟု အလေးအနက်ခံယူပြီး တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက်ကြမှသာ ရည်မှန်းချက်များသို့။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ သို့ပါ၍ NRSC အနေဖြင့် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ မြေပြင်လိုအပ်ချက်များကို အခြေခံလျက် ချမှတ်ထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပညာပေးစစ်ဆေးအရေးယူခြင်းများကို ထပ်တိုး၍ အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်သွားရာတွင် အများပြည်သူများအပြင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများမှအစ အားလုံးဝိုင်းဝန်းစည်းရုံးကူညီမှသာလျှင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်းတင်ပြလျက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဇော်မင်းသိန်း၏အဆိုကို အတည်ပြုသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော့်ရဲ့အဆိုဖြစ်တဲ့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအဆင့်ဆင့်ရဲ့ ဆောင်ရွက်နေမှုအပေါ်မှာ ပြည်သူများ လိုက်ပါပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ရလဒ်ကောင်းများရရှိမှုအားနည်းနေသည့်အပေါ်မှာ လက်တွေ့ကျတဲ့လိုအပ်ချက်၊ လုပ်ဆောင်ချက်များဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအပေါ်မှာ ဝင်ရောက်ပြီးတော့မှ အကြံပြုထောက်ခံဆွေးနွေးပေးကြတဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးပဲကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီအဆိုအပေါ်မှာပဲ NRSC နဲ့ ဝန်ကြီးဌာနဘက်က အကျယ်တဝင့်ရှင်းလင်းပြီးတော့မှ အတည်ပြုသင့်ကြောင်း ပြောလာတဲ့အတွက် ကျွန်တော့်ရဲ့အဆိုအပေါ်မှာ ပြည်သူ့လွှတ်တော်ကြီးက လက်ခံအတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၀ ဦးက ဆွေးနွေးပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်

ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဇော်မင်းသိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၃း၅၃။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၃း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ (၁၄.၁၂.၂၀၁၈)
# ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Win Myint | U Khin Zaw




U Thant Zin Tun | U Aye Maung Sein




U Nyi Tun | U Myint Ngwe




U Tun Tun | U Thar Oo




U Win Min | U Thar Oo




U Nay Linn Aung | U Thar Oo

pyithu.hluttaw.mm



U Shwe Hla



U Thar Oo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်